# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့် ၊ သောကြာနေ့ ၊ (2-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၄၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ တိုင်းပြည်အနာဂတ် ပန်းတိုင်ဆီ ဆန္ဒကိုယ်စီ မဲပေးမည်။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ကလောမြို့ရှိ မောမြေဦးပန်းခြံ၌ ပထမအကြိမ် ပန်းပွဲတော်ဖွင့်ပွဲပြုလုပ်




ကလောမြို့ရှိ မောမြေဦးပန်းခြံ၌ ပထမအကြိမ် ပန်းပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားများပြားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ပထမအကြိမ် ပန်းပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကလောမြို့ရှိ မောမြေဦးပန်းခြံ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဘင်ခရာပန်းဖွားအကအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ **စာမျက်နှာ ၁၈ ကော်လံ ၄**

---

**ပြာသိုမှာ ခွာညိုကြသင်း မြင်းခင်းသဘင်နှင့် မြတ်မိခင်ပူဇော်ပွဲ** ဆောင်းပါး စာမျက်နှာ - ၄

**မန္တလေးတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်** စာမျက်နှာ - ၁၉

**ခင်ဦးမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၉၉၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်** စာမျက်နှာ - ၃

**မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားကတ်များ ပျက်စီးပျောက်ဆုံးမှုမရှိဘဲ ပျက်စီးပျောက်ဆုံးမှုကို အကြောင်းပြကာ ထပ်မံတင်ပြတောင်းခံ၍ နိုင်ငံသားကတ်တစ်ခုထက် ပိုမိုကိုင်ဆောင်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခံရမည်** စာမျက်နှာ - ၂၂


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား




စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀

ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂ ရက်
အယ်ဒီတာ့အာဘော်

# ပြာသိုလပြည့် အမေနေ့

ပြာသိုလသည် ဆောင်းရာသီတွင် အလွန်အေးချမ်းသောလဖြစ်သောကြောင့် ငွေနှင်းစိုစို လပြာသိုဟု တင်စားကြလေ့ရှိသည်။ ကောင်းကင်တစ်ခွင် တိမ်ခြေကင်း၍ သာယာအေးချမ်းသောလလည်းဖြစ်သည်။ ပြာသိုလတွင် ရာသီပန်းဖြစ်သည့် ခွာညိုပန်းများပွင့်ကြပြီး သာယာအေးချမ်းမှုနှင့် ပြည့်စုံသည်သာမက ပြာသိုလပြည့်နေ့သည် မြန်မာတို့အတွက် မိခင်ကိုဂုဏ်ပြုသည့်၊ ကျေးဇူးဆပ်သည့် အမေနေ့ လည်းဖြစ်သည်။

ပြာသိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားလေးနက်သည့် ရှင်တစ်ထောင်အခါတော် နေ့လည်းဖြစ်ပေသည်။ ထိုသို့ထူးခြားလေးနက်သည့်နေ့တွင် တုနှိုင်းမဲ့သောမိခင်၏မေတ္တာကို အောက်မေ့ ဂုဏ်ပြုရန်၊ ကျေးဇူးဆပ်ရန် အမေနေ့အဖြစ်သတ်မှတ်ခဲ့သည်။ အမေနေ့သည် အေးချမ်းလှသည့် ဆောင်းရာသီရက်များထဲမှ တုံ့လှည့်မေတ္တာဖြင့် နွေးထွေးစေသည့်နေ့ရက်တစ်ရက်လည်းဖြစ်ပေသည်။

အမေနေ့ကို ကမ္ဘာတစ်ဝန်းတွင်လည်း ကျင်းပကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာ့အမေနေ့ကို နှစ်စဉ် မေလဒုတိယပတ် တနင်္ဂနွေနေ့တွင် ကျင်းပကြသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အမေနေ့ကျင်းပသည့် ရက်များမတူကြပေ။ မြန်မာနိုင်ငံတွင် ပြာသိုလပြည့်နေ့ကို အမေနေ့အဖြစ်သတ်မှတ်ခဲ့သည်။ အမေနေ့ ဖြစ်ပေါ်လာစေရန် စာရေးဆရာ ဒါရိုက်တာကြီး ဦးသုခက ကြိုးပမ်းခဲ့ခြင်းဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် အမေနေ့ကို ပထမဆုံးကျင်းပခဲ့သည်။ ယခုဆိုလျှင် အမေနေ့ကျင်းပခဲ့သည်မှာ နှစ်ပေါင်း ၃၀ တိုင်ခဲ့ပြီဖြစ်သည်။

အမေဆိုသည်မှာ လူသားအားလုံးနှင့်သက်ဆိုင်သည်။ မိခင်မှမွေးဖွားလာ၍သာ လူသားအားလုံး လူ့ဘဝသို့ရောက်လာကြရသည်။ အမေသည် သားသမီးတို့ကို မွေးဖွားပေးရုံသက်သက်မဟုတ်ဘဲ မိခင်တစ်ယောက်၏ မေတ္တာ၊ ကရုဏာတို့ဖြင့် သားသမီးတို့အပေါ် လူလားမြောက်သည်ထိ ပြုစုစောင့်ရှောက်ပေးကြရသည်။ သားသမီးတိုင်း မိခင်၏မေတ္တာရိပ်အောက်တွင် လူလားမြောက်ကာ ကြီးပြင်းလာကြရသည်။

မိခင်တိုင်းသည် ရင်မှဖြစ်သောသားသမီးတို့ကို မိမိအသက်ထက်ချစ်မြတ်နိုးကြသည်။ မိခင်၏မေတ္တာသည် သားသမီးတို့အတွက် ထာဝရရှိနေသဖြင့် သားသမီးတို့အပေါ်တွင် မိခင်၏ဂုဏ်ကျေးဇူးများဆပ်၍ မကုန်ရှိနေသည်။ ထို့ကြောင့် "မာတာပိတုဂုဏော အနန္တော"ဟု အနန္တေအနန္တငါးပါးတွင် ထည့်သွင်းထားခြင်းဖြစ်ပေသည်။

လူ့လောကသို့ရောက်ရှိလာသူတိုင်းသည် မိခင်၏မွေးကျေးဇူးနှင့်ကင်းလွတ်သူဟူ၍ မရှိသောကြောင့် လူဖြစ်လာသူတိုင်းသည် မိခင်၏ကျေးဇူးကိုသိတတ်ပြီး ကျေးဇူးဆပ်ကြရမည်ဖြစ်သည်။ မြတ်စွာဘုရားသည်ပင်လျှင် မိခင်ကျေးဇူးကိုဆပ်သောအားဖြင့် ဘုရားဖြစ်၍ ခုနစ်ဝါမြောက်တွင် တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူ၍ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အဘိဓမ္မာတရားဟောကြားတော်မူခဲ့ပါသည်။

သို့ဖြစ်ရာ လူတိုင်းလူတိုင်းတွင် ကျေးဇူးရှင်မွေးမိခင်အမေများရှိကြသည်။ ထိုအမေတို့သည် သားသမီးများအပေါ် မေတ္တာစိမ့်စမ်းမပြတ်စီးဆင်းနေလျက်ပင်ရှိကြသည်။ လူ့ဘဝတွင် အရာများစွာတို့ကို အစားထိုးရှာဖွေနိုင်သော်လည်း ကျေးဇူးကြီးမားလှသော အမေ၏ကရုဏာမေတ္တာကိုမူ မည်သည့်အရာနှင့်မျှ နှိုင်း၍မရပေ၊ အစားထိုး၍မရပေ။ ထို့ကြောင့် မွေးမိခင်၏ကျေးဇူးကို သားသမီးတိုင်းက ပြာသိုလပြည့် အမေနေ့တွင်သာမက နေ့စဉ်နေ့တိုင်းကျေးဇူးဆပ်နိုင်ရေး ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၂၀၇၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၅၂၀၇၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၂၁၁၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၂၀၇၃ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ်အတွင်း ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲ ဧက ၅၂၁၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၂၀၇၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်နေပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈)၊ ရေဆင်း (၁၁) မျိုးတို့ကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးသည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ကျင်းသာ(ရွှေ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကျင်းသာ(ရွှေ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျင်းသာ(ရွှေ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၃ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာမှတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျင်းသာ(ရွှေ)ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၀၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၆၃ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မအူပင်မြို့နယ်တွင် ဒေသထွက် ပဲလွမ်းဖြူများ အရောင်းအဝယ် ကောင်းမွန်နေ

**မအူပင် ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဒေသထွက်ပဲလွမ်းဖြူများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဦးက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ပဲလွမ်းဖြူများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါပဲလွမ်းဖြူများ ဝယ်ယူမှုအားကောင်းလာခြင်းသည် ဒေသဈေးကွက်အပြင် အခြားဈေးကွက်များကပါ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန် ပဲလွမ်းဖြူတွေကို ဒေသတွင်း ဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ ဒီဇင်ဘာလ ဒုတိယပတ်လောက်ကစပြီး ပဲလွမ်းဖြူတွေ သိသိသာသာကို အဝယ်လိုက်လာတာဖြစ်ပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်ကလဲ အဝယ်လိုက်နေပါတယ်။ ပဲအထွက်နည်းလာတာနဲ့ အဝယ်လိုက်ပြီး အရောင်းသွက်နေတာ ဖြစ်ပါတယ်"ဟု မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဦးက ပြောပြသည်။

မအူပင်မြို့နယ်တွင် ထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် ပဲလွမ်းဖြူ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်း၊ စပါး၊ ဆန် စသည့် ဒေသထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လင်းခေးမြို့နယ် တိညကျေးရွာ၌ Slab Culvert တံတားနှစ်စင်းတည်ဆောက်ပြီးစီးမှု စစ်ဆေး

**လင်းခေး ဇန်နဝါရီ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိညကျေးရွာ၌ Slab Culvert တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် တာဝန်ရှိသူများက တိညကျေးရွာ၌ Slab Culvert တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ အရှည် ငါးပေ၊ အကျယ် ၂၂ ပေ၊ အမြင့် ငါးပေစီရှိ Slab Culvert တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၂ သန်းအသုံးပြု၍ ၂၀၂၅ ခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းက ပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကျန်ရစ်သူမိသားစုက မိခင်ကြီး ဒေါ်မာမာထွန်းအား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၈၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၉၉၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ခင်ဦး ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၉၉၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၈၇၉၉ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၉၉၂၅ ဧကထိ ရိတ်သိမ်းပြီးစီး ပြီဖြစ်ပြီး တစ်ဧကလျှင် ၇၅ ဒသမ ၁၆ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ စပါး ၉၈၇၉၉ ဧကစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၉၉၂၅ ဧကရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့် အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ကပ်ကျေးအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဆင်တောင် ကျေးရွာအုပ်စု ခွေးရုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့်စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့က ကပ်ကျေးအင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၃၆ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် လေးသန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၂ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၃ ဦးကို ရန်ပုံငွေကျပ် ၅၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ရက် ၉၀ စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဇလွန် ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ရက် ၉၀ စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းရွှေက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ရက် ၉၀ စပါး တင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရက် ၉၀ စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါးအမျိုးအစားသည် ဆန်ကြိမ်းအုပ်စုတွင်ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

''ပြီးခဲ့တဲ့လအတွင်း ရက် ၉၀ စပါး တင်းရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇလွန်မြို့နယ်ကနေထွက်ရှိတဲ့ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ရက် ၉၀ စပါး အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့လအတွင်းမှာကောလတ်တလောအနေနဲ့ပါ ဒီစပါး အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်''ဟု ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းရွှေက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်လက တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၁၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ပြာသိုမှာ ခွာညိုကသင်း မြင်းခင်းသဘင်နှင့် မြတ်မိခင်ပူဇော်ပွဲ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"လပြာသို မကရမှာ၊ ကြယ်ဖုသျှယှဉ်ကာ။
ထီးတစ်ရာ့ဥသျှောင်ငယ်၊အာကာရောင်စက်သွား၊
ရန်တကာပယ်ရှား၍၊ တိမ်ညွန့်စား မြင်းပျံ၊
ရိန္နမာလုံ ယှဉ်စွဲပါလို့၊ မြင်းခင်းပွဲသဘင်တော်ခံ။
စုံတောမြိုင်ယံမှာ၊ ဖူးပွင့်တံ ညှာညီရှုံးလို့၊
မမဘုန်းဆင်ပါဆို၊ ပန်းမြခွာညို၊
ကြာနန်းမြင်းမိုရ်ရိုဝယ်...
စိတ်လိုတော်မူပဲထင့်လေး"

(ဦးပုညဖွဲ့ တေးထပ်)

မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီတွင် တစ်ဆယ်လမြောက်ပြာသိုလသည် ဆောင်းဥတု၏ အလယ်လဖြစ်ပြီး နေ့တာတိုကာ၊ ညတာရှည်သဖြင့် **"အချမ်းပိုတဲ့လပြာသို"**ဟုခေါ်ဆိုခဲ့ကြသည်။ ထို့ကြောင့် **"စာဆိုရှင် မယ်ခွေ"**က **"မီးပူပူ ကင်မဝသည့် လပြာသိုဆောင်း၊ ထည့်ပေါင်းမှ ထောင်ရာခြုံလေအေးလေ၊ ကြက်သီးတွေနှင့်"**ဟုဖွဲ့ဆိုခဲ့သည့်နယ် **"ထည်ကောင်မြုံ့မြမနွေးပေဘူး"**ဟုတစ်သွယ်၊ လပြာသိုအအေးပိုပုံကို စာပန်းချီဖွဲ့သီခဲ့သည်။

ပြာသိုလကို မာဂဓစကား အလိုဖြင့် **"ပေါသီ"**ဟုခေါ်ဆိုခဲ့ကြသည်။ သက္ကတဘာသာဖြင့် **"ပြောသီ "**ဟုအမည်ပေးခဲ့ကြသည်။ ရှေးဟောင်းပုဂံခေတ်ကျောက်စာများတွင် ပြာသိုလကို **"ပ္လသောိဝ်၊ ပ္လသိုဝ်၊ ပ္လါသိုဝ်"**စသည်ဖြင့် ကမွည်းရေးထိုးခဲ့ကြသည်။ **"ပြာ(ပ္လ)"** မှာ အနွယ်တူတိဗက်၊ တရုတ်၊ လီဆူ၊ သဒိုချင်းနှင့် ပေါင်းရှေချင်း စသည့်ဘာသာတူတို့နည်းတူ ပျားဖယောင်း၊ ရေနံဖယောင်းဟု အနက်ရသည်။ **"သို"** မှာ အဆီဟုအနက်ရသည်။ ထိုလတွင် ပျားကောင်များသည် ၎င်းတို့၏ပျားအုံများကို စွန့်ခွာကြကာ ဝေးရာသို့ပျံသန်းသွားကြလေ့ရှိကြောင်း၊ ထို့ကြောင့် **"ပျားသွန်လ"**ဟုခေါ်ဆိုကြရာမှ **"ပြာသိုလ"**ဟုဖြစ်လာကြောင်း မှတ်တမ်းပြုထားခဲ့ကြသည်။

ထို့ပြင် **"ပ"** သဒ္ဒါသည် တောက်လောင်ထွန်းညှိခြင်း၊ **"လ"** သဒ္ဒါသည် **"ချိပ်၊ ဖယောင်း"**ဟု အနက်ရသည်။ ဖယောင်း၊ ပျားဖယောင်းများကို စုဆောင်း၍ အများဆုံးရသောလဟုလည်း သတ်မှတ်ခဲ့ကြသည်။ ရှေးအခါက မြန်မာများသည် ထိုရာသီတွင် ပျားဖယောင်းကို မီးထွန်းကြရန်၊ တောလုံးအနှံ့ရှာဖွေစုဆောင်းခဲ့ကြသည်ကိုအစွဲပြုကာ **"ပြာသိုလ"**ဟုခေါ်ဆိုခဲ့ကြသည်။

**"လေ့သင်းအတွင်းဝန်"**၏ ဝေါဟာရလိနတ္ထဒီပနီကျမ်းတွင် "မကာရရာသီတွင် ဖုသျှနက္ခတ်နှင့်ယှဉ်သောလပြည့်နေ့ကို **"ပေါသျှီ"**ဟုလည်းကောင်း၊ **"ပေါသီ-ပြောသီ၊ ပြာသိုလ"** ဟုလည်းကောင်း အနက်ဖွင့်ဆိုခဲ့ကြသည်။ သက္ကတအလိုအရ **"ပေါသီ"**ကို **"ပြောသီ"**မှကြာလာသောအခါ **"ပြာသိုလ"** ဖြစ်လာသည်ဟုဆိုသည်။ **"ပရသီတလ"** ဟူသောပါဠိပုဒ်မှ မြန်မာဘာသာပြာသိုသို့ ပြောင်းလဲလာကြောင်း၊ **"အခြားသောကာလများထက်၊ ပိုလွန်ချမ်းအေးသော သမယအခါကာလ"**ဟု ဖွင့်ဆိုခဲ့ကြသည်။

**"ငွေနှင်းစိုစို လပြာသို"**၏ ရာသီအမည်က **"မကရ"** စန်းပြည့်နက္ခတ်က **"ဖုသျှ"**၊ ယှဉ်တာရာက **"ပုစွန်တာရာ"**၊ ရာသီရုပ်က **"မကန်း"**၊ ရာသီပန်းက **"ခွာညိုပန်း"**၊ ရာသီပွဲက **"မြင်းခင်းပွဲ (ဆင်ခင်းပွဲ)"** လပြည့်သန်းခေါင် နတ်ပေါင်းခပင်က **"စံကားဝါပင်"**၊ ရက်ရာဇာက **"ကြာသပတေး၊ စနေ"** ပြဿဒါးက **"ဗုဒ္ဓဟူး၊ သောကြာ"** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

**မြင်းခင်းသဘင်ပွဲတော်**

"ပြာသိုမှာ ဖြာစိုနှင်းရယ်နှင့် ခါအလို ခွာညိုသင်းပါဘိ၊ မြင်းခင်းမြတ်တော် သဘင်မှာ၊ ပျော်ရွှင်ကြပြည်လုံး"ဟု **"စာဆိုတော် ဦးပြုံးချို"** ဖွဲ့ဆိုခဲ့သကဲ့သို့ ရှေးခေတ်ပြာသိုလ၏ အထင်ကရပွဲတော်မှာ **"မြင်းခင်းသဘင်ပွဲတော်"**ဖြစ်သည်။

ထိုမြင်းခင်းသဘင်ပွဲတော်သည် သက္ကရာဇ် ၆၇၄ ခန့်ကပင် ပင်းယတစ်စီးရှင်သီဟသူလက်ထက်က စတင်ပေါ်ပေါက်လာခဲ့သည်ဟုဆိုကြသည်။ ဘိုးတော်ဘုရားလက်ထက်က ပညာရှိများကမူ ဒုတိယအင်းဝခေတ်အစ ညောင်ရမ်းမင်းလက်ထက်တွင် ပေါ်ပေါက်လာခဲ့သည်ဟုလည်း ဆိုခဲ့ကြသည်။

ပျက်ကြပါကလည်း အပြစ်ပေးအရေးယူခြင်းခံကြရသည်။

မြင်းခင်းသဘင်ပွဲတော်၏ ပွဲဦးထွက်ပြိုင်ပွဲမှာ **"စက်ကွင်းလုံထိုးပွဲ"**ဖြစ်သည်။ အမြင့်အတောင် ၂၅-၄၀-၆၀ ရှိ စက်တိုင်ခွက်များကို လှံကိုင်သူရဲကောင်းတို့က မြင်းနှင့်စိုင်းနှင်ရင်း၊ တစ်ခွက်ပြီးတစ်ခွက် လှံဖြင့်ထိုးကြရသည်။ စက်ခွက်ကိုလှံစွဲသည့်အခါ တစ်ကွင်းလုံး ဆူညံစွာသြဘာပေးကြသည့်အပြင် ထူးချွန်သူလှံသူရဲကောင်းတို့ကို မိဖုရားကြီးများက ရွှေကျင်ခတ်ပဝါများနှင့် မင်းသမီးများက ၎င်းတို့၏ခေါင်းများမှာ ပန်ဆင်ထားကြသော ပန်းများကို ပေးကမ်းချီးမြှင့်ဂုဏ်ပြုခဲ့ကြသည်။

**❖ရှေးခေတ်က မြင်းခင်းသဘင်ပွဲတော်သည် မှေးမှိန်ကွယ်ပျောက်သွားခဲ့သော်လည်း ပြာသိုလ၏အထင်ကရပွဲတော်အဖြစ် သမိုင်းတွင်ရစ်နေခဲ့သည်။ ရှေးခေတ်က ဇာတိသွေး၊ ဇာတိမာန်ထက်သန်စေသော အမျိုးသားအားမာန်ကို ပျိုးထောင်ပေးခဲ့သည့် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် နှစ်ပေါင်းတစ်ရာကျော် သူ့ကျွန်အဖြစ် နှံနစ်ခဲ့ရသောဘဝမှ လွတ်မြောက်ခဲ့သည့် အခါသမယထူးလည်းဖြစ်သည်။ ထိုနေ့တွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ကြေညာစာတမ်းကိုလည်း ဂုဏ်ယူဝင့်ထည်စွာ ကမ္ဘာကို ကြေညာနိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ အထွတ်အမြတ် "လွတ်လပ်ရေးနေ့"ကို ပြာသိုလမှာ သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သည်။ ❖**

မည်သို့ပင်ဆိုကြစေကာမူ **"မြင်းခင်းသဘင်ပွဲတော်"**ကို ရှေးမင်းအဆက်ဆက်က ကြီးမှူးပြီး မင်းညီမင်းသား၊ မှူးမတ်များအားလုံးပါဝင်ကြစေကာ ဇာတိသွေး၊ ဇာတိမာန်ထက်သန်စွာပါဝင်ယှဉ်ပြိုင်စေခဲ့သည့်ပွဲတော်ဖြစ်သည်။ ဘုရင်နှင့်မိဖုရား၊ မင်းညီမင်းသား၊ မင်းသမီးများအပါအဝင် မှူးမတ်၊ ရဲမက်၊ ပြည်သူပရိသတ် စုံညီစွာအားပေးကြည့်ရှု၊ ဆုတော်များချီးမြှင့်သည့်ပွဲတော်ကြီးဖြစ်သည်။

တစ်ဆယ့်နှစ်လရာသီပွဲတော်များထဲမှ လများစွာက ရာသီပွဲတော်များကို ရက်ပိုင်းမျှသာ ကျင်းပခဲ့ကြသော်လည်း ပြာသိုလ မြင်းခင်းသဘင်ပွဲတော်ကမူ တစ်လလုံးကျင်းပခဲ့ကြသည့် ရက်ရှည်ပွဲတော်ကြီးဖြစ်သည်။ ရှေးမြန်မာဘုရင်များသည် မြင်းခင်းသဘင်ပွဲတော်ကို ရွှေနန်းတော်ကြီး၏ မြောက်ဘက်တွင် ပြုလုပ်လေ့ရှိကြောင်း၊ ရတနာပုံမြို့နန်းတည် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် လွှတ်တော်ရှေ့ရှိ လဟာပြင်ကွက်လပ်၌ ပြုလုပ်လေ့ရှိကြောင်း၊ ထိုကွင်းသည် အလျား တစ်မိုင်၊ အနံ နှစ်ဖာလုံခန့်ရှိကြောင်း မှတ်တမ်းပြုထားခဲ့ကြသည်။

မြင်းခင်းသဘင်ပွဲတော်ဟုဆိုသော်လည်း မြင်းခင်းတစ်ခုတည်းသာမဟုတ်။ ဆင်စမ်း၊ မြင်းစမ်း၊ လေးစမ်း၊ ဓားခုတ်၊ လှံထိုး၊ စက်ထိုး၊ ဗလီခတ်၊ သေနတ်ပစ်နှင့် သိုင်းအမျိုးမျိုးတို့ကို တစ်ပွဲပြီးတစ်ပွဲ စဉ်ဆက်မပြတ်ယှဉ်ပြိုင်သွားကြရသောပွဲတော်ဖြစ်သည်။ မင်းညီမင်းသား၊ မှူးမတ်အားလုံး၊ ရှောင်ပုန်းနေ၍မရကြဘဲ၊ ယှဉ်ပြိုင်ကြရသည်။ ရှောင်ပုန်းနေကြပါက ဖော်ထုတ်ရှုတ်ချကဲ့ရဲ့ကြလေ့ရှိသည်။ ပြိုင်ပွဲတွင် စည်းကမ်း

စက်ကွင်းလုံထိုးပွဲပြီးလျှင် မြင်းစီးခြင်းအတတ်ပညာ ခုနစ်ရပ်၊ မြင်းရေး ၃၇ ရေးကို စီးပြနေကြစဉ် မြင်းရေး ၃၇ ချင်းဟုခေါ်သော သီချင်းကို စိန်ဆိုင်း၊ မြဆိုင်းများက တီးမှုတ်ဖျော်ဖြေကြရသည်။ သီချင်းစည်းချက်နှင့်အညီ မြင်းများကို စီတန်းပြီး အလှည့်အဝိုက်၊ အကွေ့အဝန်း၊ လှုပ်ရှားသွက်လက်မှု ညီညာလှပစွာဖြင့် မြင်းရေးပြကြရသည်။

ထို့နောက် သက်စွန့်ဆံဖျားစွန့်စားကြရသည့် လှံရေးအစွမ်း ၃၇ ချင်း၊ ဓားရေး ၃၇ ရေး၊ လေးသည်တော်များစွမ်းရည်၊ သေနတ်ပစ်ပွဲ၊ တိုက်ဆင်ခေါ်ယတြာဆင်များကို ရွေးချယ်ပုံ ဆင်ဖမ်းပွဲများ၊ ဗန်တိုဗန်ရှည်သိုင်းပြိုင်ပွဲများနှင့် ဗလီခတ်ပြိုင်ပွဲများ ကျင်းပခဲ့ကြသည်။

မြင်းခင်းသဘင်ပွဲတော်သည် ဇာတိသွေး၊ ဇာတိမာန်ထက်သန်စေပြီး သူရသတ္တိနှင့် လက်ရုံးရည်ဘက်တွင် ထူးချွန်သူတို့၏ စွမ်းဆောင်ရည်ပြိုင်ပွဲကြီးဖြစ်သောကြောင့်လည်းကောင်း၊ သူရဲကောင်းရွေးပွဲဖြစ်သောကြောင့်လည်းကောင်း၊ မှူးမတ်၊ သူဌေးသူကြွယ်သမီးရှင်များသည် သမက်လောင်းရှာဖွေပွဲ၊ သမီးတော်များကမူ ကြင်ဖက်တော်ရွေးပွဲဟုလည်း တင်စားသတ်မှတ်ခဲ့ကြသည်။

အင်းဝခေတ်တွင် ပေါ်ပေါက်လာခဲ့သော ဗလီခတ်ပြိုင်ပွဲမှာ သရက်မြစ်ဆုံတစ်ခုကိုလုံးနေအောင် ပွတ်တိုက်၍ ဂူလီသီးအဖြစ်အသုံးပြုကြသည်။ ထိုဂူလီသီးကို ထုံးဖြူရည်တွင်စိမ်ထားရသည်။ အသားမာသော သစ်သားတံကို ဂူလီတံပြုလုပ်ပြီး အတံထိပ်တွင် ကြေးဝါကောက်တံဘုလုံးတစ်ခုကိုစွပ်ရသည်။ ထိုအတံဖြင့် တစ်ဖက်နှင့်တစ်ဖက် ဂူလီသီးကိုလိုမ့်ကာလုကြသည့်ကစားနည်းဖြစ်သည်။ မြင်းပေါ်မှ ရိုက်ကစားကြသည်လည်းရှိသည်။ ၁၀ မိုင်ခန့်အဝေးသို့ပင် ရောက်သွားကြသည်ဆို၏။

**မြန်မာ့လွတ်လပ်ရေးနေ့**

ရှေးခေတ်က မြင်းခင်းသဘင်ပွဲတော်သည် မှေးမှိန်ကွယ်ပျောက်သွားခဲ့သော်လည်း ပြာသိုလ၏ အထင်ကရ ပွဲတော်အဖြစ် သမိုင်းတွင်ရစ်နေခဲ့သည်။ ရှေးခေတ်က ဇာတိသွေး၊ ဇာတိမာန်ထက်သန်စေသော အမျိုးသားအားမာန်ကို ပျိုးထောင်ပေးခဲ့သည့် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် နှစ်ပေါင်းတစ်ရာကျော် သူ့ကျွန်အဖြစ်နှံနစ်ခဲ့ရသောဘဝမှ လွတ်မြောက်ခဲ့သည့် အခါသမယထူးလည်းဖြစ်သည်။ ထိုနေ့တွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြေညာစာတမ်းကိုလည်း ဂုဏ်ယူဝင့်ထည်စွာ ကမ္ဘာကို ကြေညာနိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ အထွတ်အမြတ် **"လွတ်လပ်ရေးနေ့"** ကို ပြာသိုလမှာ သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သည်။

**ပြာသိုလပြည့် အမေနေ့**

**"ကမ္ဘာ့မိခင်များနေ့"**ကို မေလဒုတိယပတ်ဟု သတ်မှတ်ထားသော်လည်း မြန်မာ့အမေနေ့ကတော့ ပြာသိုလပြည့်နေ့ဖြစ်သည်။ ခေတ်သစ်ကာလ ပြာသိုလ၏ ထူးခြားမှုပင်ဖြစ်သည်။ ကွယ်လွန်သွားရှာပြီဖြစ်သော စာရေးဆရာ၊ ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာကြီး ဆရာကြီးဦးသုခ စတင်အခြေချပျိုးထောင်ပေးခဲ့သည့် **"ပြာသိုလပြည့် အမေနေ့"** ပင်ဖြစ်သည်။

၁၃၅၉ ခုနှစ် ပြာသိုလပြည့်နေ့ ၁၉၉၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက်က ရန်ကုန်မြို့ ရွှေတိဂုံ အရှေ့မုခ်ကြားတောရလမ်း ရွှေရင်အေးဓမ္မာရုံ၌ ရန်ကုန်မြို့ ပထမအကြိမ် အမေနေ့အခမ်းအနားကို ကျင်းပခဲ့ကြရာ အမေနေ့ကျင်းပရေးကော်မတီက ဆရာစည်သူဦးဌေးမောင် ရေးသားသည့် **"မြန်မာနိုင်ငံ အမေနေ့ကြေညာစာတမ်း"**ကို ဖတ်ကြားကြေညာခဲ့ကြသည်။ ထိုကြေညာစာတမ်းတွင် **"ဒီဇိုင်းပညာရှင် တမ္ပဝတီ ဦးဝင်းမောင်"**၏ **"မြန်မာနိုင်ငံအမေနေ့သင်္ကေတ အထိမ်းအမှတ်တံဆိပ်"**ကိုပါ ဖော်ပြကြေညာပေးခဲ့သည်။

ထိုကြေညာစာတမ်းတွင် မိခင်ကျေးဇူးအထူးထူးကို ဖော်ကြူးဂုဏ်တင် ကန်တော့ပန်းဆင်၍ အမေနေ့ကို **"ပြာသိုလပြည့်နေ့"**မှာ သတ်မှတ်ရခြင်းနှင့်ပတ်သက်၍ -

**"မြန်မာနိုင်ငံတွင် ဥတုသုံးလီ ရာသီ ၁၂ လရှိသည်။ နွေဥတုသည် ပူပြင်း၍ မိုးဥတုသည် စွတ်စိုကာ ဆောင်းဥတုသည် အေးမြပါ၏။ ဆောင်းဥတုတွင် ပြာသိုလကား တစ်ပါးသောလတို့ထက် ပို၍အေးမြ၏။ ပြာသိုလပြည့်နေ့ကား အေးမြမှုအပေါ် ပြည့်ဝသောကြည်လင်မှု ထပ်ဆောင်းကာ မိခင်မေတ္တာကို ဥပမာပြုနိုင်သော အခါသမယဖြစ်လေသည်။"**

ဗုဒ္ဓ၏အဘိဓမ္မာတရားတော်နှင့် မေတ္တာသုတ်အရလည်းကောင်း၊ ရိုးရာယဉ်ကျေးမှု **"မိသားစု"**ဟူသောဝေါဟာရအရလည်းကောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ ကျော် မြတ်စွာဘုရားပွင့်တော်မမူခင်နှစ်ပေါင်း ၁၅၀၀ ခန့်က ပြုလုပ်ကိုးကွယ်ခဲ့ကြသော မိခင်နတ်ဘုရားရုပ်တုများအရလည်းကောင်း၊ ကြေညာစာတမ်းပါ ညွှန်းဆိုချက်များအရ သဘာဝကျလှပါသည်။

စာမျက်နှာ ၅ သို့ ➚

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေး မြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**စစ်ကိုင်း ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၉၁၇ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၁၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၇၉၁၇ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၁၂၁၄၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

ပထမအကြိမ်အမေနေ့ကျင်းပခဲ့ကြစဉ်က ဆရာချစ်စံဝင်း ခေါင်းဆောင်ပြီး ကျွန်တော်နှင့်ဆရာမောင်ခေတ်ထွန်းတို့ အစအဆုံး ပါဝင်ကူညီခဲ့ကြရသဖြင့်အမှတ်တရဖြစ်နေခဲ့သည်။ အမေနေ့ ဝေါရှို ပိုစတာများ၊ လက်ကမ်းစာစောင်များဖြန့်ဝေကြကာ ဆောင်းပါးပြိုင်ပွဲကျင်းပခဲ့ပြီး ထိုနေ့တွင် စာပေဆုချီးမြှင့်ပေးခဲ့သည်။ ထိုနေ့တွင် ပဲခူးမြို့အမေနေ့အခမ်းအနားသို့ ကျွန်တော် တက်ရောက်ခဲ့ပြီး အမေနေ့အကြောင်း တစ်ကိုယ်တော်ဟောပြောခဲ့သည်။

ထိုအချိန်မှစ၍ နိုင်ငံအနှံ့အပြားတွင် နှစ်စဉ် **"ပြာသိုလပြည့်အမေနေ့"** အခမ်းအနားများ၊ စာပေပြိုင်ပွဲများ၊ စာပေဟောပြောပွဲများကို စဉ်ဆက်မပြတ် ကျင်းပခဲ့ကြသည်။ ဤမွန်မြတ်လှသော **"ကျေးဇူးကြီးလှ မိနှင့်ဖ"** မိခင်နှင့် မိဘကျေးဇူးဆပ်ပွဲကား ပြာသိုလ၏ထူးခြားသော ကောင်းမှုကုသိုလ်ပင်ဖြစ်ပါသည်။

ပြာသိုလ၏ အနှစ်ချုပ်ဝိသေသမှာ ရှေးခေတ်ကဇာတိသွေး၊ ဇာတိမာန်ထက်သန်စေခဲ့သော မြင်းခင်းသဘင်ပွဲတော်၊ သူ့ကျွန်အဖြစ် နှံ့နစ်ခဲ့ရသည့်ဘဝမှ လွတ်မြောက်ခဲ့သည့် လွတ်လပ်ရေးနေ့၊ **"ကျေးဇူးကြီးလှ၊ မိနှင့်ဖ"** ကျေးဇူးဆပ်ပွဲများ၊ အမေ့ခြေရာ၊ အဖေ့ခြေရာ ပုံဖော်ရိုက်နှိပ်ပူဇော်ကန်တော့ပွဲများနှင့် ပြာသိုလပြည့် အမေနေ့ စသည်ဖြင့် ဂုဏ်ဝင့်ဂုဏ်တင့်နေစေခဲ့ပါသည်။

**ကိုးကား**

- **တစ်ဆယ့်နှစ်ရာသီဘွဲ့ပေါင်းချုပ်**
- **ဝိသဇ္ဇက (ပဲခူး) ၏ မြန်မာ့တစ်ဆယ့်နှစ်လရာသီဘွဲ့**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍**

## နှစ်သစ်ချိန်ခါ အောင်မင်္ဂလာ

– နှစ်ထောင့်နှစ်ဆယ့်ခြောက် ထွန်းတောက်ရောက်ပြီလေ
မြန်မာပြည်ကြီး စည်တီးအောင်ပါစေ
အောင်တေးသံဝေ အောင်စေပြည်အဝှမ်း
မင်္ဂလာရှိစွာ နှစ်သစ်ခါ
သာယာလှပ လန်းသည်နှင့်လေး။

– ပြည်လုံးငြိမ်းချမ်း နှင်းဆမ်းပန်းပမာ
လူမှုဒုက္ခ ကင်းပနှစ်သစ်မှာ
ကုသိုလ်ကိုရှာ ကောင်းရာကြိုးစား
မကောင်းမှုရှောင် ကောင်းမှုဆောင်
ဖြူအောင်စိတ်ကို ထားသည်နှင့်လေး။

– လူတို့နှလုံးသား မြင့်မားကြစေချင်
ကိုယ်ချင်းစာတရား ရှိထားလူတိုင်းတွင်
လူမှုဝန်းကျင် အစဉ်ဖြောင့်မတ်
မေတ္တာနှင့်ယှဉ် ထာဝစဉ်
ကြည်လင်စိတ်ထား မြတ်သည်နှင့်လေး။

– နိုင်ငံ့ဂုဏ်ဒြပ် ထွတ်မြတ်အောင်ဇမ္ဗူ
ပြည်ရွာငြိမ်းချမ်း ရွှင်လန်းများပြည်သူ
ရဟန်းရှင်လူ ညီတူဝမ်းမြောက်
စီးပွားဖွေရှာ အေးချမ်းသာ
ရင်မှာလမင်း ရောက်သည်နှင့်လေး။

– နှစ်ဟောင်းလွန်မြောက် မိုးသောက်သည်ချိန်ခါ
နိုင်ငံ့စီးပွား များပြားစေချင်တာ
အားလုံးညီညာ ပေါင်းကာမခွဲ
ကောက်ပဲသီးနှံ ပေါပြည့်လျှံ
ရည်သန်လှုပွဲ နွဲသည်နှင့်လေး။

– တိုင်းပြည်အောင်ပွဲ စဉ်မြဲရှိရမည်
တပ်မတော်အင်အား ကြီးမားစေချင်သည်
ဖွံ့ဖြိုးဝေစည် ဝင့်ထည်လှပ
အဖျက်ရန်ပယ် အေးချမ်းတယ်
စိတ်ဝယ်ရွှင်ပျ လှသည်နှင့်လေး။

–ရွှန်းမြဝေဆာ ပြည်မြန်မာ ကြည်သာဖြိုးတော့သည်။
– နှစ်သစ်ချိန်ခါရောက်ရှိလာကောင်းရာတိုးပေ့ါအတည်။ ။

**မန္တလာကိုကိုဝင်း**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# နိုင်ငံတကာ သတင်းများ

## ယူကရိန်းစစ်မြေပြင်၌ ရုရှားတပ်များအောင်ပွဲခံမည်ဟု ယုံကြည်ကြောင်း နှစ်သစ်ကူးမိန့်ခွန်း၌ ရုရှားသမ္မတ ပူတင် ပြောကြား



မော်စကို ဇန်နဝါရီ ၁

ယူကရိန်းစစ်မြေပြင်၌ ရုရှားတပ်များ အောင်ပွဲခံမည်ဟု မိမိယုံကြည်ထားကြောင်း ရုရှားသမ္မတပူတင်က ဒီဇင်ဘာ ၃၁ ရက် နှစ်သစ်ကူးမိန့်ခွန်း၌ ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူကရိန်းစစ်မြေပြင်၌ ရုရှားတပ်များအနေဖြင့် ဖြည်းဖြည်းနှင့်မှန်မှန် စစ်ရေးအရ အသာစီးရယူနေကြောင်း ရုရှားသမ္မတ ပူတင်က ပြောကြားခဲ့ပြီး ရုရှားတပ်ဖွဲ့ဝင်များကို သူရဲကောင်းများအဖြစ် ဂုဏ်ပြုခဲ့သည်။

ထို့ပြင် ရုရှား၏ကံကြမ္မာနှင့် ရုရှားပြည်သူတို့၏ သွေးစည်းညီညွတ်မှုသည် ရုရှားနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်စိုးမှုနှင့် လုံခြုံမှုတို့ကို အာမခံချက်ပေးထားကြောင်း ရုရှားသမ္မတ ပူတင်က နှစ်သစ်ကူးမိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။

ရုရှားသမ္မတပူတင်သည် လေးနှစ်နီးပါးကြာ ယူကရိန်းပဋိပက္ခကို ရုရှားနှင့် အနောက်အုပ်စုတို့ကြား အားပြိုင်မှုအဖြစ် မှတ်ယူထားသည်။

လက်ရှိတွင် ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် အမေရိကန်အစိုးရက ကြားဝင်ကြိုးပမ်းလျက်ရှိသည်။

ရုရှားသမ္မတပူတင်၏ ဒီဇင်ဘာ ၃၁ ရက် နှစ်သစ်ကူးမိန့်ခွန်းကို ရုရှားနိုင်ငံ အရှေ့ဖျားဒေသတွင် ပထမဆုံးအကြိမ်အဖြစ် ရုပ်သံမှ တစ်ဆင့် ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ပြုံယမ်းမြို့၌ကျင်းပသည့် နှစ်သစ်ကူးပွဲတော်သို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် တက်ရောက်



ပြုံယမ်း ဇန်နဝါရီ ၁

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ပြုံယမ်းမြို့၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် နှစ်သစ်ကူးပွဲလမ်းသဘင်များသို့ တက်ရောက်ခဲ့သည်ဟု ကေစီအင်န်အေ သတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ဖော်ပြခဲ့သည်။

ပြုံယမ်းမြို့၌ ကျင်းပခဲ့သည့် ၂၀၂၆ နှစ်သစ်ကြိုဆိုပွဲများ၌ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ မျိုးချစ်သီချင်းများ သီဆိုခြင်း၊ တိုက်ကွမ်ဒိုပြိုင်ပွဲများလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

၂၀၂၆ နှစ်သစ်ကူးပွဲလမ်းသဘင်များသို့ တက်ရောက်ရာတွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့်အတူ သမီးဖြစ်သူ ဂျူအေးလည်း လိုက်ပါလာကြောင်း ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ဆယ်ကျော်သက် အရွယ်ရှိ ဂျူအေးကို မြောက်ကိုရီးယား ခေါင်းဆောင်သစ် ဖြစ်လာနိုင်သူအဖြစ် ပြည်ပလေ့လာသူများက ယူဆထားသည်။

၂၀၂၆ ခုနှစ် နှစ်သစ်ကူးမိန့်ခွန်းတွင် ၂၀၂၅ ခုနှစ်အတွင်း ရရှိခဲ့သော အောင်မြင်မှုများအတွက် မြောက်ကိုရီးယားပြည်သူများကို ဂုဏ်ပြုစကားပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယူကရိန်းပဋိပက္ခ၌ ရုရှားဘက်တွင် ပါဝင်တိုက်ခိုက်နေသော မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များထံသို့လည်း နှစ်သစ်ကူး သဝဏ်လွှာ ပေးပို့ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ကမ္ဘာတစ်ဝန်းရှိမြို့ကြီးများ၌ ၂၀၂၆ နှစ်သစ်ကို ကြိုဆို

ဆစ်ဒနီ ဇန်နဝါရီ ၁

ပဲရစ်၊ တိုကျို၊ ဆစ်ဒနီမြို့မှစ၍ နယူးယောက်မြို့ထိ ပါဝင်သည့် ကမ္ဘာတစ်ဝန်းမှ မြို့တော်ကြီးများ၌ ၂၀၂၆ ခုနှစ် နှစ်သစ်ကို ကြိုဆိုခဲ့ကြကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သည် အစဉ်အလာအတိုင်း ၂၀၂၆ ခုနှစ် နှစ်သစ်ကို မီးရှူးမီးပန်းများ အဆန်းတကြယ် ပစ်ဖောက်၍ ကြိုဆိုခဲ့ကြသည်။

အလားတူ အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် အအေးဒဏ် လွန်စွာ ပြင်းထန်နေသော်လည်း ပြည်သူပေါင်းများစွာက တိုင်းမ်စကွဲရင်ပြင်၌ နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။

ထို့အတူ ဂျပန်နိုင်ငံ တိုကျိုမြို့နှင့် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တို့တွင်လည်း ၂၀၂၆ ခုနှစ် နှစ်သစ်ကို အစဉ်အလာအတိုင်း ခေါင်းလောင်းများထိုး၍ ကြိုဆိုခဲ့ကြသည်။



တရုတ်နိုင်ငံ ဟောင်ကောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်မူ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် ဖြစ်ပွားခဲ့သည့် လူ ၁၆၁ ဦး သေဆုံးခဲ့သော အထပ်မြင့်လူနေအိမ်ရာ မီးလောင်မှုကြောင့် ၂၀၂၆ ခုနှစ် နှစ်သစ်ကို မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ကြိုဆိုမည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့ပြင်ရှိ မဟာတံတိုင်းကြီး၌ တရုတ်ပြည်သူများက ၂၀၂၆ နှစ်သစ်ကို ကြိုဆိုခဲ့ကြကြောင်း သိရသည်။

Ref : RT
Trs : KKO

## အိန္ဒိယအစိုးရက စီးကရက်ထုတ်ကုန်များအပေါ် ယစ်မျိုးခွန်သစ် ကောက်ခံရန်စီစဉ်

ဒေလီ ဇန်နဝါရီ ၁

စီးကရက် ထုတ်ကုန်များအပေါ် ယစ်မျိုးခွန်တစ်မျိုး စတင်ကောက်ခံရေးအတွက် အိန္ဒိယအစိုးရက စီစဉ်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ စီးကရက်ထုတ်ကုန်များ အပေါ် ယစ်မျိုးခွန်ပုံစံသစ်တစ်မျိုး စတင်ကောက်ခံမည် ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန၏အဆိုအရ အဆိုပါယစ်မျိုးခွန်ကို စီးကရက်များ၏ အရှည်ကို အခြေခံ၍ အလိပ်တစ်ထောင်လျှင် အခွန် ရူပီးငွေ ၂၀၅၀ မှ ၈၅၀၀ (အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၈ ဒေါ်လာမှ ၉၄ ဒသမ ၅ ဒေါ်လာ)ထိ ကောက်ခံမည်ဖြစ်သည်။

စီးကရက် ထုတ်ကုန်များအပေါ် ယစ်မျိုးခွန်ကောက်ခံမည့် အစီအစဉ်ကြောင့် အိန္ဒိယနိုင်ငံ၌ စီးကရက် ဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံ ဖြစ်သည့် အိန္ဒိယနိုင်ငံ၌ စီးကရက် သောက်သုံးသူ သန်း ၁၀၀ ထိ ရှိနိုင်ကြောင်း ခန့်မှန်းရသည်။

သို့သော် အိန္ဒိယနိုင်ငံက စီးကရက် ထုတ်ကုန်များအပေါ် ကောက်ခံသည့် အခွန်နှုန်းမှာ စီးကရက် လက်လီဈေးနှုန်းများ၏ ၅၃ ရာခိုင်နှုန်းခန့်သာရှိရာ ကမ္ဘာ့ကျန်းမာရေး အဖွဲ့(WHO)၏ သတ်မှတ်ချက်ထက် နည်းပါးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဆွစ်ဇာလန်နိုင်ငံ နှင်းလျှောစီးအပန်းဖြေစခန်း၌ နှစ်သစ်ကူးညတွင် ပေါက်ကွဲမှုဖြစ်ပွား၊ သေဆုံးသူ ဦးရေ ၄၀ ထိရှိနိုင်

ဂျီနီဗာ ဇန်နဝါရီ ၁

ဆွစ်ဇာလန်နိုင်ငံ အနောက်တောင်ပိုင်း ကရန်းစ်-မွန်တားနား နှင်းလျှောစီး အပန်းဖြေစခန်း အရက်ဘားတစ်ခု၌ ဒီဇင်ဘာ ၃၁ ရက် ညပိုင်းက ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ လူအများအပြား သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ အရက်ဘားအတွင်း နှစ်သစ်ကူးပွဲ ကျင်းပနေချိန်တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဆွစ်ဇာလန် ရဲတပ်ဖွဲ့က သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

အရက်ဘား ပေါက်ကွဲမှုအတွင်း လူအများအပြားသေဆုံး၍ ဦးရေ ၁၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဆွစ်ဇာလန်ရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

ရဲတပ်ဖွဲ့ သတင်းအရင်းအမြစ်များ၏အဆိုအရ အရက်ဘား ပေါက်ကွဲမှုအတွင်း သေဆုံးသူ ဦးရေ ၄၀ ခန့်ထိ ရှိနိုင်ကြောင်း သိရသည်။


မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့သော အရက်ဘားသည် ကွန်စတယ်လေးရှင်းအမည်ရှိ အရက်ဘားဖြစ်ကြောင်း ဆွစ်ဇာလန် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် ယင်းအရက်ဘား၏ မီးလောင်ပေါက်ကွဲမှု နောက်ခံအကြောင်းရင်းကို ဆွစ်ဇာလန် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## XMM-Newton အာကာသရေဒီယိုတယ်လီစကုပ်က တွင်းနက်ကြီးတစ်ခု စွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ်ကို ထောက်လှမ်းတွေ့ရှိခဲ့



**ပဲရစ် ဇန်နဝါရီ ၁**

ဥရောပအာကာသအေဂျင်စီ၏ XMM-Newton အာကာသရေဒီယိုတယ်လီစကုပ်သည် မဟာအာကာသတွင်းနက်ကြီးတစ်ခု စွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ်ကို ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း ဒီဇင်ဘာ ၃၁ရက် သတင်းများအရ သိရသည်။

နာရီအနည်းငယ်သာကြာမြင့်ခဲ့သော စွမ်းအင်ပေါက်ကွဲမှုအတွင်း အဆိုပါမဟာအာကာသတွင်းနက်သည် စွမ်းအင်ဆောင်ဒြပ်မှုန်များကို တစ်စက္ကန့်လျှင် ကီလိုမီတာ ၆၀၀၀၀ နှုန်းဖြင့် လွင့်စင်စေခဲ့ကြောင်းဥရောပအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါမဟာအာကာသတွင်းနက်သည် NGC 3783 အမည်ရှိ ကြယ်စုတစ်စု၏ ဗဟိုချက်၌တည်ရှိပြီး အရွယ်အစားမှာ နေအစင်းပေါင်း သန်း ၃၀ နှင့်ညီမျှကြောင်း သိရသည်။

NGC 3783 မဟာအာကာသတွင်းနက်မှ ပေါ်ထွက်လာသည့် စွမ်းအင်ဆောင်ဒြပ်မှုန်စီးကြောင်းများမှာ နေမျက်နှာပြင်စွန်းရှိ ပေါက်ကွဲမှုကြောင့် ပေါ်ထွက်လာသည့် စွမ်းအင်ဆောင်ဒြပ်မှုန်စီးကြောင်းများနှင့် အလားတူကြောင်း ဥရောပအာကာသ အေဂျင်စီသိပ္ပံပညာရှင်များက ပြောကြားသည်။

နိုဝင်ဘာ ၁၁ ရက်က ဖြစ်ပွားခဲ့သော နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုတွင်ပေါ်ထွက်လာသည့် စွမ်းအင်ဆောင်ဒြပ်မှုန်စီးကြောင်းများ၏ အမြန်နှုန်းမှာ တစ်စက္ကန့်လျှင် ကီလိုမီတာ ၁၅၀၀ ထိရှိခဲ့ကြောင်း သိရသည်။

NGC 3783 ကြယ်စုသည် နဂါးငွေ့တန်းကြယ်စုကဲ့သို့ပင် ခရုပတ်ခွေလက်တံများပါရှိသည့် ကြယ်စုတစ်စုဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## နာဆာ၏အားတီးမစ်-၂ မစ်ရှင်၌ လိုက်ပါမည့် အာကာသယာဉ်မှူးလေးဦး ဝတ်စုံပြည့်လေ့ကျင့်မှု ပြုလုပ်

**ဝါရှင်တန် ဇန်နဝါရီ ၁**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အားတီးမစ်-၂ မစ်ရှင်၌လိုက်ပါမည့် အာကာသယာဉ်မှူးလေးဦးတို့သည် မစ်ရှင်မလွှတ်တင်မီ ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှု ပြုလုပ်ခဲ့ကြကြောင်း ဒီဇင်ဘာ ၃၁ ရက် သတင်းများအရ သိရသည်။

အားတီးမစ်-၂ မစ်ရှင်ဝတ်စုံပြည့် ဇာတ်တိုက်လေ့ကျင့်မှုကို နာဆာအာကာသယာဉ်မှူးများက ဖလော်ရီဒါပြည်နယ်ကနေဒီအာကာသစခန်း၌ ပြုလုပ်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်မှုအတွင်း အာကာသယာဉ်မှူးဝတ်စုံဝတ်ဆင်ထားသည့်နာဆာအာကာသယာဉ်မှူးများသည် အိုရီယွန်အာကာသယာဉ်အတွင်း ဝင်ရောက်မှုအပါအဝင် လွှတ်တင်ရေးလုပ်ငန်းအဆင့်ဆင့်ကို ဇာတ်တိုက်ပြုလုပ်ခဲ့ကြကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



နာဆာအဖွဲ့သည် လက်ရှိအချိန်တွင် အားတီးမစ်-၂ မစ်ရှင်ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

အားတီးမစ်-၂ မစ်ရှင်အရ နာဆာအဖွဲ့သည် အာကာသယာဉ်မှူးလေးဦးလိုက်ပါမည့် အိုရီယွန်အာကာသယာဉ်ကို အက်စ်အယ်လ်အက်စ် ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်အတွင်း အိုရီယွန်အာကာသယာဉ်သည် ၁၉၇၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် လကမ္ဘာအနီးသို့ လူသားများကို ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## 31/ATLAS ကြယ်တံခွန်၏ ဆန့်ကျင်အမြီးတန်းတစ်ခုက ၇ နာရီ ၄၅ မိနစ်လျှင် တစ်ကြိမ်ကျ ယိမ်းခါနေတတ်

**ဝါရှင်တန် ဇန်နဝါရီ ၁**

နေကို ဖြတ်ကျော်ပျံသန်းနေစဉ် 31/ATLAS ကြယ်တံခွန်၏အမြီးတန်းနှစ်ခုအနက် နေဘက်သို့ဖြာထွက်နေသော ဆန့်ကျင်အမြီးတန်းသည် ၇ နာရီ ၄၅ မိနစ်လျှင် တစ်ကြိမ်ကျ ယိမ်းခါနေတတ်ကြောင်း ဒီဇင်ဘာ ၃၁ ရက် သတင်းများအရ သိရသည်။

ကြယ်တံခွန်တစ်ခု၏နေဘက်သို့ ဖြာထွက်နေသည့် ဆန့်ကျင်အမြီးတန်းအချိန်မှန် ယိမ်းခါနေမှုကို ကြယ်တာရာ ဟင်းလင်းပြင်ဖြတ်ကြယ်တံခွန်တစ်ခုတွင် ပထမဆုံး တွေ့ရှိရခြင်းဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

နိုင်ငံတကာသိပ္ပံပညာရှင်များအနေဖြင့် နေအဖွဲ့အစည်းအတွင်းရှိ ကြယ်တံခွန်များ၏ဆန့်ကျင်အမြီးတန်းများ ယိမ်းခါမှုဖြစ်စဉ်ကို တွေ့ရှိခဲ့ကြပြီးဖြစ်သည်။

31/ATLAS ကြယ်တံခွန်သည် ပြီးခဲ့သည့် အောက်တိုဘာ ၃၀ ရက်တွင် နေကိုအနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့သည်။

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်လာသည့်တတိယမြောက် ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသ ဒြပ်ထည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## ငွေကြေးကိစ္စကြောင့် စိတ်ဖိအားဝင်နေသူများ နှလုံး၏ဇီဝသက်တမ်းအိုမင်းမှု ပို၍မြန်ဆန်လာနိုင်

**နယူးယောက် ဇန်နဝါရီ ၁**

ငွေကြေးကိစ္စကြောင့် စိတ်ဖိအားဝင်နေသူများ နှလုံး၏ဇီဝသက်တမ်းအိုမင်းမှု ပို၍မြန်ဆန်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၃၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လေ့လာတွေ့ရှိချက်အရ ငွေကြေးနှင့် စားရေရိက္ခာများအတွက် စိတ်ဖိအားဝင်ရောက်မှုကဲ့သို့ လူမှုရေးပြဿနာများကြောင့် နှလုံး၏ ဇီဝသက်တမ်းအိုမင်းမှု ပိုမြန်လာနိုင်ကြောင်း၊ နှလုံး၏ဇီဝသက်တမ်းအိုမင်းမှု မြန်ဆန်လာပါက နှလုံးရောဂါများ ဖြစ်နိုင်ခြေမြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် လူပေါင်း ၂၈၀၀၀ တို့၏ နှလုံးဇီဝသက်တမ်းအိုမင်းမှုနှင့် လူမှုစီးပွားနောက်ခံအခြေအနေများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ ငွေကြေးကိစ္စနှင့် စားနပ်ရိက္ခာတို့အတွက် စိတ်ဖိအားဝင်ရောက်မှုသည် နှလုံးဇီဝသက်တမ်းအိုမင်းမှု ပိုမိုမြန်ဆန်လာမှု ပြဿနာ၏အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်နေသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် နှလုံးဇီဝသက်တမ်းအိုမင်းမှု ပိုမိုမြန်ဆန်လာမှုပြဿနာရှိနေသူများတွင် နှလုံးရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေလည်း မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

## သူတစ်ပါးကိုအကူအညီပေးခြင်းဖြင့် Dementia ဖြစ်ပွားမှုကို တားဆီးရာတွင် အထောက်အကူပြုနိုင်

**နယူးယောက် ဇန်နဝါရီ ၁**

သီတင်းတစ်ပတ်လျှင် နာရီအနည်းငယ်အချိန်ယူ၍ အခြားသူများကို ကူညီခြင်းဖြင့် မှတ်ဉာဏ်စွမ်းရည်ဆုံးရှုံးမှုအရှိန်ကို လျှော့ချပေးနိုင်ပြီး ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ(Dementia)ဖြစ်ပွားမှုကို တားဆီးရာတွင် အထောက်အကူ ပြုနိုင်ကြောင်း ဒီဇင်ဘာ ၃၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အိမ်နီးနားချင်းများ၊ မိတ်ဆွေများကို လိုလိုလားလား ကူညီပေးခြင်းကဲ့သို့ ရိုးရှင်းသောလုပ်ရပ်များသည် မှတ်ဉာဏ်စွမ်းရည်ကျဆင်းမှုအရှိန်ကို ၂၀ ရာခိုင်နှုန်းလျှော့ချပေးနိုင်သည်။

အထူးသဖြင့် သီတင်းတစ်ပတ်လျှင် နှစ်နာရီမှလေးနာရီထိ အချိန်ပေး၍ သူတစ်ပါးကိုအကူအညီပေးသူများ၌ အထက်ပါအကျိုးကျေးဇူးကို အထင်ရှားဆုံးတွေ့ရကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အသက် ၅၁ နှစ်နှင့်အထက် လူပေါင်း ၃၀၀၀၀ ကျော်တို့ကို နှစ် ၂၀ ကြာအချိန်ယူစောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သူတစ်ပါးကို အချိန်ပေးကူညီသူများသည် ၎င်းအလေ့အထမရှိသူများနှင့်နှိုင်းယှဉ်ပါက မှတ်ဉာဏ်စွမ်းရည်ကျဆင်းမှု အရှိန်မှာ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းနေတတ်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၅ ခုနှစ်အတွင်း စပိန်လာလီဂါပြိုင်ပွဲ သွင်းဂိုးအများဆုံး ကစားသမားစာရင်းထိပ်ဆုံး၌ အမ်ဘာက်ပီ ရပ်တည်ခဲ့

မက်ဒရစ် ဇန်နဝါရီ ၁

ရီးရဲလ်မက်ဒရစ် အသင်း တိုက်စစ်မှူး အမ်ဘာက်ပီသည် ၂၀၂၅ ခုနှစ်အတွင်း စပိန်လာလီဂါပြိုင်ပွဲ သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ထိပ်ဆုံး၌ ရပ်တည်ခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်ဘာက်ပီသည် ၂၀၂၅ ခုနှစ်အတွင်း အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက စပိန်လာလီဂါပြိုင်ပွဲတွင် ၂၁ ဂိုး သွင်းယူခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင်လည်း ၁၈ ဂိုး သွင်းယူခဲ့ကာ ၂၀၂၅ ခုနှစ်အတွင်း စပိန်လာလီဂါပြိုင်ပွဲတွင် သွင်းဂိုး ၃၉ ဂိုးထိ သွင်းယူခဲ့ခြင်း ဖြစ်သည်။

၂၀၂၅ ခုနှစ်အတွင်း စပိန်လာလီဂါပြိုင်ပွဲ သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် အမ်ဘာက်ပီသည် ကျန်ကစားသမားများထက် သွင်းဂိုးအပြတ်အသတ်ဖြင့် အသာစီးရရှိခဲ့ပြီး ၎င်း၏နောက်တွင် ဘာစီလိုနာအသင်းမှ လီဝမ်ဒေါ့စကီးက ၁၉ ဂိုး၊ အေတီကိုအသင်းမှ အယ်လ်ဗာရက်က ၁၉ ဂိုး၊ ဘာစီလိုနာအသင်းမှ ဖာရန်တောရက်က ၁၈ ဂိုးဖြင့် အသီးသီးရပ်တည်ခဲ့ကြသည်။

အမ်ဘာက်ပီသည် ယခုနှစ် ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲ ၁၈ ပွဲတွင် ၁၈ ဂိုး သွင်းယူထားပြီး သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင်လည်း ဒုတိယနေရာမှ ဖာရန်တောရက်ထက် ခုနစ်ဂိုးအသာဖြင့် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိနေသည်။

လက်ရှိတွင် အမ်ဘာက်ပီသည် အသင်း လေ့ကျင့်ရေးအစီအစဉ်၌ ဒူးဒဏ်ရာရရှိခဲ့ပြီးနောက် အနည်းဆုံး ရက်သတ္တ သုံးပတ်ခန့် အနားယူရမည် ဖြစ်ကြောင်း သိရသည်။

**Ref : The Athletic**

**Trs : STA**



## အားကစားသတင်းအတိုအထွာများ

- ဘရိုက်တန်အသင်းသည် ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ခွင့်ပြုခဲ့သည့် အသက် ၃၄ နှစ်ရှိ ဝါရင့်ကွင်းလယ်ကစားသမား ဂရော့စ်ကို အသင်းသို့ပြန်လည်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် လာမည့် ၄၈ နာရီအတွင်း ဆေးစစ်မှုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။
- လိဒ်ယူနိုက်တက်အသင်း နည်းပြဖာကီက အသင်း၏ ကစားပုံတိုးတက်လာမှုကြောင့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလ ကစားသမားသစ်ခေါ်ယူရာတွင် လွယ်ကူမည်ဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ပဲလေ့စ်အသင်းက တိုက်စစ်ပိုင်း ဖြည့်တင်းရန် ဝုဗ်အသင်း တိုက်စစ်မှူးလာဆင်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- လီဗာပူးအသင်းက ယခုအပြောင်းအရွှေ့ကာလတွင် တောင်ပံခံစစ်ကစားသမား ဂျိမ်းနော်ရစ်ကို ပထမဆုံး ရောင်းချမည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **ML**

# ဥရောပ ကလပ်အဆင့်သတ်မှတ်ချက်တွင် ရီးရဲလ်မက်ဒရစ်အသင်း ထိပ်ဆုံး၌ဆက်လက်ရပ်တည်

မက်ဒရစ် ဇန်နဝါရီ ၁



ဥရောပ ဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)၏ ဥရောပ ကလပ် အဆင့်သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ရာ ရီးရဲလ်မက်ဒရစ်အသင်း ထိပ်ဆုံးတွင် ဆက်လက်ရပ်တည်ခဲ့ကြောင်း UEFA.COM သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပကလပ် အဆင့်သတ်မှတ်ချက် ထိပ်ဆုံး ၁၀ သင်းနေရာတွင် အပြောင်းအလဲအဖြစ် ဒေါ့မွန်အသင်းက တစ်ဆင့်မြင့်တက်ခဲ့ပြီး လေဗာကူဆင်အသင်းက တစ်ဆင့်ပြန်လည်နိမ့်ကျခဲ့ကာ ဂျာမန်ဘွန်ဒက်လီဂါနှင့် အင်္ဂလန်ပရီးမီးယားလိဂ်မှ ကလပ်အသင်းသုံးသင်းစီ ပါဝင်လာခဲ့သည်။

ဥရောပကလပ် အဆင့်သတ်မှတ်ချက် ထိပ်ဆုံး ၁၀ သင်းနေရာ၌ ရီးရဲလ်မက်ဒရစ်အသင်း နောက်တွင် ဘိုင်ယန်မြူးနစ်အသင်းက အဆင့်(၂)၊ အင်တာမီလန်အသင်းက အဆင့်(၃)၊ မန်စီးတီးအသင်းက အဆင့်(၄)၊ လီဗာပူးအသင်းက အဆင့်(၅)၊ ပီအက်စ်ဂျီအသင်းက အဆင့်(၆)၊ ဒေါ့မွန်အသင်းက အဆင့်(၇)၊ လေဗာကူဆင်အသင်းက အဆင့်(၈)၊ ဘာစီလိုနာအသင်းက အဆင့်(၉)၊ အာဆင်နယ်အသင်းက အဆင့်(၁၀)နေရာတို့တွင် အသီးသီးရပ်တည်ခဲ့ကြသည်။

ဥရောပကလပ် အဆင့်သတ်မှတ်ချက်တွင် ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများဖြစ်သည့် ချဲလ်ဆီးအသင်းက အဆင့်(၁၂)၊ မန်ယူအသင်းက အဆင့်(၁၇)နေရာတို့တွင်သာ ရပ်တည်ခဲ့ကြကြောင်း သိရသည်။

**Ref : UEFA.COM**

**Trs : STA**

# ချဲလ်ဆီးအသင်းကွင်းလယ်ကစားသမား ကိုင်စီဒို မန်စီးတီးအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်

လန်ဒန် ဇန်နဝါရီ ၁

ချဲလ်ဆီးအသင်း အဓိက ကွင်းလယ် ကစားသမားတစ်ဦး ဖြစ်သည့် ကိုင်စီဒိုသည် အဝါကတ်ပြစ်ဒဏ် ငါးကြိမ်ပြည့်မြောက်ခဲ့သည့်အတွက် မန်စီးတီးအသင်းနှင့် ကစားမည့်ပွဲစဉ်ကို လွဲချော်ရမည်ဖြစ်ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုင်စီဒိုသည် ဘုန်းမောက်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ပွဲချိန် လေးမိနစ်၌ အဝါကတ် ပြသခံခဲ့ရပြီးနောက် သတ်မှတ်ထားသည့် အဝါကတ်အကြိမ်ရေ ပြည့်မြောက်ခဲ့သည့်အတွက် မန်စီးတီးအသင်းနှင့်ပွဲစဉ်ကို လွဲချော်ရမည်ဖြစ်သည်။

လက်ရှိစည်းမျဉ်းများအရ ကစားသမားတစ်ဦးအနေဖြင့် အဝါကတ် ငါးကြိမ်ပြသခံရပါက အနီးစပ်ဆုံး ပွဲစဉ်ကို လွဲချော်ရမည့် ပြစ်ဒဏ်ရှိနေသည့်အတွက် ကိုင်စီဒိုသည် သတ်မှတ် အဝါကတ်အကြိမ်ရေ ပြည့်မြောက်ခဲ့သဖြင့် အနီးစပ်ဆုံး ပွဲစဉ်ဖြစ်သည့် မန်စီးတီးအသင်းနှင့်ပွဲစဉ်ကို လွဲချော်ရမည်ဖြစ်သည်။

ချဲလ်ဆီးအသင်း ကွင်းလယ်ပိုင်း အနေဖြင့် ကိုင်စီဒိုမပါဝင်နိုင်သည့် ပွဲစဉ်များတွင် ရှန်းကန်ရလေ့ရှိပြီး ရလဒ်ကောင်းများ ရယူနိုင်ခြင်း မရှိခဲ့သဖြင့် လာမည့် မန်စီးတီးအသင်းနှင့်ပွဲစဉ်တွင် ကိုင်စီဒို လွဲချော်မည် ဖြစ်သည့်အတွက် ချဲလ်ဆီးအသင်းအနေဖြင့် ရှန်းကန်ရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်း ဖြစ်သည်။

မန်စီးတီးအသင်းနှင့် ချဲလ်ဆီးအသင်းတို့သည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀)အဖြစ် ဇန်နဝါရီ ၅ ရက်တွင် မန်စီးတီးအသင်း အိမ်ကွင်း၌ ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : STA**

# ချဲလ်ဆီးအသင်းနည်းပြရာထူးမှ မာရက်စ်ကာ ရုတ်တရက်နုတ်ထွက်

လန်ဒန် ဇန်နဝါရီ ၁



ချဲလ်ဆီးအသင်းနည်းပြမာရက်စ်ကာသည် အသင်းတာဝန်ရှိသူများနှင့် ဆက်ဆံရေးတင်းမာမှုများ ဖြစ်ပွားခဲ့ပြီးနောက် အသင်းနည်းပြရာထူးမှ ရုတ်တရက်နုတ်ထွက်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၅ နှစ်ရှိ နည်းပြမာရက်စ်ကာသည် ချဲလ်ဆီးအသင်းကို ၂၀၂၄ ခုနှစ် ဇွန်လက စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ပြီးခဲ့သည့် ဘောလုံးရာသီက ကွန်ဖရန့်လိဂ်ဖလားနှင့် ကလပ်အသင်းများ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ချန်ပီယံဆုများ ဆွတ်ခူးနိုင်အောင် စွမ်းဆောင်ခဲ့သူဖြစ်သည်။

နည်းပြမာရက်စ်ကာနှင့် အသင်းတာဝန်ရှိသူများအကြား ပြီးခဲ့သည့်လအတွင်းက ဆက်ဆံရေးတင်းမာမှုများရှိခဲ့ပြီး အသင်းတာဝန်ရှိသူများအနေဖြင့် နည်းပြမာရက်စ်ကာ၏ လုပ်ပိုင်ခွင့်များအပေါ် လွှမ်းမိုးခြယ်လှယ်ခဲ့သဖြင့် နည်းပြမာရက်စ်ကာကလည်း အသင်းနည်းပြရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ မာရက်စ်ကာသည် ပြီးခဲ့သည့် ချဲလ်ဆီးအသင်းနှင့် ဘုန်းမောက်အသင်းတို့ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင် အသင်းမှ အဓိကစားသမား ကိုးလ်ပယ်မာကို လူစားလဲခဲ့ပြီးနောက် အသင်းတာဝန်ရှိသူများနှင့် ဆက်ဆံရေးတင်းမာမှုများ ပိုမိုမြင့်တက်ခဲ့ခြင်းဖြစ်သည်။

နည်းပြမာရက်စ်ကာ နုတ်ထွက်ခဲ့ပြီးနောက် လစ်လပ်နေသည့် နည်းပြရာထူးအတွက် စထရာဘော့အသင်းမှ နည်းပြလီယန်ရိုက ထိပ်ဆုံးမှ ရေပန်းစားနေကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : STA**

# ကနေဒါဂေါက်သီးရိုက်အဖွဲ့ချုပ်ကချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံး ဂေါက်သီးရိုက်ကစားသမားဆုကို ကွန်နာနှင့် ဟန်ဒါဆင်တို့ ဆွတ်ခူး




**အော့တဝါ ဖန်နဝါရီ ၁**

ကနေဒါ ဂေါက်သီးရိုက်အဖွဲ့ချုပ်က၂၀၂၅ ခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံး ဂေါက်သီးရိုက်ကစားသမားဆုများကို ထုတ်ပြန်ကြေညာခဲ့ရာ တစ်နှစ်တာ အကောင်းဆုံး ဂေါက်သီးရိုက် ကစားသမားဆုကို ကွန်နာက ဆွတ်ခူးခဲ့ပြီး ဂေါက်သီးရိုက်မယ်ဆုကို ဟန်ဒါဆင်က ဆွတ်ခူးခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Golf Canada သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကွန်နာသည် ၂၀၂၅ ခုနှစ်အတွင်း အောင်မြင်မှု မရခဲ့သော်လည်း ကနေဒါဂေါက်သီးရိုက်ကစားသမားများအနက် ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲများတွင် ရလဒ်အကောင်းဆုံး ဂေါက်သီးရိုက်ကစားသမား တစ်ဦးဖြစ်ခဲ့ပြီး ကမ္ဘာ့အဆင့်(၅၀)အတွင်း ကစားသမားများကို ကျင်းပပေးသည့် Fed ExCup ပြိုင်ပွဲတွင် အဆင့်(၄)နေရာ၌ ရပ်တည်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဂေါက်သီးရိုက်ရာသီကိုလည်း ကမ္ဘာ့အဆင့်(၃၀)နေရာဖြင့် အဆုံးသတ်ခဲ့သည်။

၂၀၂၅ ခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံး ဂေါက်သီးရိုက်မယ်ဆုကို ဆွတ်ခူးခဲ့သည့် ဟန်ဒါဆင်သည် ၂၀၂၅ ခုနှစ်အတွင်း ကနေဒါဂေါက်သီးရိုက်လောက၏ အရှိန်အဝါအကြီးဆုံး ပြိုင်ပွဲဖြစ်သည့် CPKC Canadian Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

ကနေဒါ ဂေါက်သီးရိုက်လောကနှင့် ကနေဒါပရိသတ်များ၏ ကာလရှည် စောင့်ဆိုင်းခဲ့ရသည့် CPKC Canadian Women's Open ပြိုင်ပွဲတွင် ကနေဒါနိုင်ငံသူမှ ဆွတ်ခူးနိုင်ရေး မျှော်လင့်ချက်ကို ဟန်ဒါဆင်က အကောင်အထည်ဖော်ခဲ့သည်။

ကနေဒါ ဂေါက်သီးရိုက်လောကအတွက် တစ်နှစ်တာအမှတ်ရဆုံး အမှတ်တရအဖြစ် CPKC Canadian Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဟန်ဒါဆင် ဆွတ်ခူးခဲ့ခြင်းက တစ်နှစ်တာ အမှတ်ရဆုံး အမှတ်တရအဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။

Ref : Golf Canada

Trs : AZL

# မန်ယူအသင်းမှ အငှားခေါ်ယူထားသည့် ဟွိုက်လန်းကို အပြီးသတ်ခေါ်ယူခဲ့ကြောင်း နာပိုလီအသင်းကြေညာ

**ရောမ ဇန်နဝါရီ ၁**

နာပိုလီအသင်းသည် အငှားခေါ်ယူထားသည့် တိုက်စစ်မှူး ဟွိုက်လန်းကို ယခုအပြောင်းအရွှေ့ကာလတွင် အပြီးသတ်ခေါ်ယူခဲ့ကြောင်း အသင်းအားကစားဒါရိုက်တာ ဂျီအိုဗန်နီမန်နာက ကြေညာခဲ့သည်ဟု SI သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

တိုက်စစ်မှူး ဟွိုက်လန်းသည် နွေရာသီအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ နာပိုလီအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ရာ အသင်းတွင် ခြေစွမ်းပြသခဲ့ပြီး ပြိုင်ပွဲစုံတွင် သွင်းဂိုး ကိုးဂိုး သွင်းယူခဲ့ကာ အသင်းကို စုပါကိုပါ ဖလားရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီခဲ့သဖြင့် အသင်းတာဝန်ရှိသူများက အပြီးသတ်ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နာပိုလီအသင်း အားကစားဒါရိုက်တာက ဟွိုက်လန်းနှင့် ပတ်သက်၍ ကစားသမားအနေဖြင့် အသင်းတွင် ဆက်လက်ကစားလိုပါက အပြီးသတ်ခေါ်ယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက် ၂၂ နှစ်ရှိ ကစားသမားသည် ၂၀၂၃ ခုနှစ်က ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၄ သန်းဖြင့် မန်ယူအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းတွင် ခြေစွမ်းပြသရန် ရုန်းကန်ခဲ့ရကာ ပွဲဦးထွက် ဘောလုံးရာသီတွင် သွင်းဂိုး ၁၆ ဂိုး၊ ဒုတိယရာသီတွင် သွင်းဂိုး၁၀ ဂိုးသာ သွင်းယူခဲ့သဖြင့် နာပိုလီအသင်းထံ အငှားစေလွှတ်ခြင်းခံခဲ့ရကြောင်း သိရသည်။

Ref : SI

Trs : ML




# IBF ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ခွင့်အတွက် လီအန်းပါရိုနှင့် ဒိုနိုဗန်တို့ ထိုးသတ်မည့်စိန်ခေါ်ပွဲကို ဖျက်သိမ်း

**နယူးဂျာစီ ဇန်နဝါရီ ၁**

IBF ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခွင့်အတွက် ဩစတြေးလျ လက်ဝှေ့သမား လီအန်းပါရိုနှင့် အိုင်ယာလန် လက်ဝှေ့သမား ဒိုနိုဗန်တို့ ဇန်နဝါရီ ၂၆ ရက်တွင် ဩစတြေးလျနိုင်ငံ၌ ထိုးသတ်ရန် စီစဉ်ခဲ့သော်လည်း ဒိုနိုဗန်၏ ကျန်းမာရေးအခြေအနေကြောင့် စီစဉ်ထားသောနေ့တွင် ထိုးသတ်နိုင်တော့မည် မဟုတ်ဘဲ စိန်ခေါ်ပွဲကို ဖျက်သိမ်းလိုက်ကြောင်း ဒိုနိုဗန်၏ Promotion ကုမ္ပဏီဖြစ်သည့် No Limit Boxing က ထုတ်ပြန်သွားခဲ့သည်ဟု DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒိုနိုဗန်သည် တုပ်ကွေးရောဂါ ခံစားနေရပြီး အချိန်မီ ပြန်လည်ကျန်းမာလာနိုင် သော်လည်း တုပ်ကွေးအရှိန်ကြောင့် ကြံ့ခိုင်မှုမပြည့်ဝသဖြင့် စိန်ခေါ်ပွဲကို ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။

ချန်ပီယံကို စိန်ခေါ်ခွင့်ရချင်နေသည့် လီအန်းပါရိုအနေဖြင့် မျှော်လင့်ထားသည့် အတိုင်း ဖြစ်မလာနိုင်တော့သည့် အတွက် စိတ်ပျက်မိကြောင်း ပြောကြားခဲ့သည်။

No Limit Boxing ကုမ္ပဏီက "ဒိုနိုဗန်ဟာ ချန်ပီယံစိန်ခေါ်ခွင့်အတွက် ထိုးသတ်သွားဖို့ ပြင်ဆင်နေတဲ့ကာလမှာ ကံမကောင်းစွာနဲ့ တုပ်ကွေးရောဂါ ခံစားနေရပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေပါတယ်။ ဒါပေမဲ့လဲ မစွန့်စားသင့်တဲ့အတွက်ကြောင့် စိန်ခေါ်ပွဲကို ဖျက်သိမ်းဖို့ ဆုံးဖြတ်လိုက်ပါတယ်" ဟု ထုတ်ပြန်ကြေညာခဲ့သည်။

လီအန်းပါရိုက "ဒီပွဲစဉ်အတွက် ကျွန်တော်အများကြီးပြင်ဆင်ထားခဲ့တယ်။ ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခွင့်ရမဲ့ အခွင့်အရေးဖြစ်တဲ့အတွက် ဒီစိန်ခေါ်ပွဲဟာ ကျွန်တော့်အတွက် အရမ်းကို အရေးပါတယ်။ ဩစတြေးလျမြေမှာ အကောင်းဆုံး လုပ်ပြနိုင်မယ်လို့ ယုံကြည်မှု အပြည့်ရှိနေပါတယ်။ ဒါပေမဲ့လဲ ပြိုင်ဘက်က စိန်ခေါ်ပွဲကို ဖျက်သိမ်းခဲ့တယ်။ IBF အနေနဲ့ ဇန်နဝါရီ၂၆ ရက်အတွက် သင့်တော်တဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်နဲ့ အစားထိုးပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN

Trs: AZL

# ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်း ဂျူဗင်တပ်ကစားသမားဟောင်း ပီယာနစ် ကြေညာ

**ရောမ ဇန်နဝါရီ ၁**

ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမားဟောင်း တစ်ဦးဖြစ်သည့် ပီယာနစ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့သည်ဟု ကြေညာခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၅ နှစ်ရှိ ပီယာနစ်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ၂၀၀၆ ခုနှစ်က ပြင်သစ်ကလပ် မက်ဇ်အသင်းနှင့် စတင်ခဲ့ပြီးနောက် လိုင်ယွန်အသင်း၊ ရိုးမားအသင်းတို့ထံ အဆင့်ဆင့်ပြောင်းရွှေ့ခဲ့ကာ ၂၀၁၆ ခုနှစ်တွင် ရိုးမားအသင်းမှ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ပီယာနစ်သည် ဂျူဗင်တပ်အသင်းတွင် အကောင်းဆုံး ခြေစွမ်းပြသခဲ့ကာ ဘောလုံးရာသီ လေးရာသီအတွင်း ၁၇၈ ပွဲတွင် သွင်းဂိုး ၂၂ ဂိုး သွင်းယူခဲ့ပြီး သွင်းဂိုးအများစုကို အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

ပီယာနစ်သည် ၂၀၂၀ ပြည့်နှစ်က ဂျူဗင်တပ်အသင်းမှ ထွက်ခွာပြီး ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဒဏ်ရာပြဿနာများနှင့် ကြုံတွေ့ခဲ့ရကာ ရုန်းကန်ခဲ့ရသဖြင့် ၂၀၂၂ ခုနှစ်တွင် ဘာစီလိုနာအသင်းမှထွက်ခွာ၍ ဘီဆစ်တပ်အသင်း၊ ရှာဂျက်အသင်း၊ စီအက်စ်ကေအေအသင်းတို့တွင် အဆင့်ဆင့်ပြောင်းရွှေ့ခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခြင်းဖြစ်သည်။

ပီယာနစ်သည် လက်ရွေးစင်အသင်းအဖြစ် ဘော့စ်နီးယားနှင့် ဟာဇီဂိုးဗီးနားအသင်းတွင်လည်း ၂၀၀၈ ခုနှစ်မှ၂၀၂၄ ခုနှစ်ထိ ကာလရှည်ကစားခဲ့ပြီး ပြိုင်ပွဲစုံ ၁၁၄ ပွဲတွင် ၁၈ ဂိုးထိ သွင်းယူခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ဆန်းတို့စ်အသင်းက နေမာကို တစ်နှစ်သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆို

**ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၁**

ဘရာဇီးကလပ် ဆန်းတို့စ်အသင်းက အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် တိုက်စစ်ကစားသမားနေမာကို တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




အသက် ၃၃ နှစ်ရှိ နေမာသည် ၂၀၂၅ ခုနှစ် ဇူလိုင်လက အယ်လ်ဟီလယ်အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီးနောက် အသင်းဟောင်း ဆန်းတို့စ်အသင်းထံ ကာလတိုစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ပြီး ဒီဇင်ဘာလအတွင်းက စာချုပ်သက်တမ်းကုန်ဆုံးခဲ့ခြင်းဖြစ်သည်။

နေမာသည် ဆန်းတို့စ်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီး ဆန်းတို့စ်အသင်း တန်းဆင်းဖုန်မှ လွတ်မြောက်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သဖြင့် ဆန်းတို့စ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက နေမာသည် မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းနှင့် အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ယခုအခါ ဆန်းတို့စ်အသင်းနှင့် နောက်ထပ်တစ်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

ခရီးသွားဆောင်းပါး

# မော်လမြိုင်ကျွန်းကိုဖြတ် ဝါးခယ်မကိုကျော်

သက်နိုင်(ပြင်ဦးလွင်)

ငွေဆောင်နဲ့ ချောင်းသာပင်လယ်ကမ်းခြေရှိရာ ဒေသတွေကို ထွက်ခွာလာကြတဲ့ခရီးစဉ်မှာ ရန်ကုန်မြို့ကနေတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ကို ရောက်ရှိနေကြပါပြီ။ ခရီးစဉ်အရ ရပ်နားလည်ပတ်တာတွေ မလုပ်တော့တာကြောင့် ၁၆ မိုင်ကျော်သာဝေးတဲ့ ဖျာပုံမြို့ရှိရာကို ဆက်လက်မောင်းနှင်လာခဲ့ကြပါတယ်။ ဒေးဒရဲမြစ်နဲ့ မြစ်ကူးတံတားကြီးကို ကျော်ဖြတ်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းကို စတင်ဝင်ရောက်လာတာနဲ့ တွေ့မြင်နေရတဲ့ မြင်ကွင်းတွေက အနည်းငယ်ပြောင်းလဲသွားကြတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တွေ့ခဲ့ရတဲ့ လယ်ကွင်းစိမ်းစိမ်းတွေ၊ ဥယျာဉ်ခြံမြေတွေကို တွေ့ရှိနေကြရပေမဲ့ ချောင်းတွေ၊ မြောင်းတွေ၊ လှေအမျိုးမျိုးတွေ၊ ရေလမ်းခရီးတွေကို အသစ်အဆန်းအဖြစ် ထပ်မံတွေ့ရှိလာကြရတယ်။

ဒီမြင်ကွင်းတွေက မိမိတို့လို တောင်ပေါ်ဒေသမှာ မွေးဖွားကြီးပြင်း နေထိုင်လာကြသူတွေအတွက် အထူးအဆန်း အမြင်သစ်တွေပါ။ အိမ်တိုင်းရဲ့ရှေ့မှာ ရေပြည့်နေတဲ့ ချောင်းကလေး၊ မြောင်းကလေးတွေ၊ လှေကလေးတွေ၊ တံတားမြင့်မြင့်လေးတွေ၊ တံခါးလေးတွေ၊ ချောင်းရိုး၊ မြောင်းရိုးတစ်လျှောက် လှေကလေးတွေနဲ့ သွားလာလှုပ်ရှားနေကြတာတွေ၊ ဓနိပင်တန်းလေးတွေနဲ့ အုန်းပင်တန်းတွေ၊ ခြေတံရှည်လယ်စောင့်တဲလေးတွေ၊ ပိုက်တွေ၊ ပလိုင်းတွေ ကိုယ်စီနဲ့ ငါးရှာ၊ ကဏန်းရှာနေကြတဲ့ မြင်ကွင်းတွေက စိတ်ဝင်စားစရာ ကောင်းနေပါတယ်။ ဒါ့ပြင် ဖြတ်သန်းခဲ့တဲ့ ပတ်ဝန်းကျင်နဲ့ ခရီးတစ်လျှောက်လုံးမှာ စိမ်းစိမ်းစိုစို သာသာယာယာ အေးအေးမြမြ ဖြစ်နေတာက စိတ်ကိုလန်းဆန်းစေပါတယ်။

ရှုခင်းတွေကိုကြည့်ရင်း မကြာခင်မှာ ဖျာပုံမြစ်ကူးတံတားကြီးကိုဖြတ်ပြီး ဖျာပုံမြို့ကို ရောက်လာခဲ့ကြတယ်။ ဖျာပုံမြို့က စည်ကားလှတဲ့မြို့တစ်မြို့ပါ။ အရင်တစ်ခေါက် တစ်ညအိပ်ခရီးစဉ်အဖြစ် ရောက်ရှိခဲ့တုန်းက ဆရာဇော်ဂျီစာကြည့်တိုက်၊ တည်းခိုကြမဲ့ ဟိုတယ်၊ စားသောက်ကြရမဲ့ စားသောက်ဆိုင်၊ လှေ့လာလည်ပတ်ကြရမဲ့ နေရာတွေကို မေးရမြန်းရစုံစမ်းရပြီး စမ်းတဝါးဝါးနဲ့ သွားလာမောင်းနှင်ခဲ့ရတယ်။ အခု ရောက်ရှိလာတဲ့ အခေါက်မှာတော့ သိရှိကျွမ်းဝင်သွားပြီဖြစ်လို့ ကားပေါ်မှာ လိုက်ပါလာတဲ့ မောင်နှမတွေကို ဒါက ဆရာဇော်ဂျီစာကြည့်တိုက်၊ ဒါက မြို့မစည်ပင်သာယာဈေး၊ ဒါက သက်လွတ်ချမ်းသာစေတီကို သွားတဲ့လမ်း၊ ဒါက ခြသေ့်ဦးဘုရားစသဖြင့် ပြောဆိုပြသပြီး ခရီးစဉ်အတိုင်း ဘိုကလေးမြို့ရှိရာကို ဆက်လက်မောင်းနှင်နေတယ်။ ဖျာပုံမြို့မှာ သမိုင်းဝင်ရှေးဟောင်းဘုရားစေတီတွေ၊ အထင်ကရနေရာတွေ အမြောက်အမြားရှိနေပေမဲ့ အချိန်ကြန့်ကြာမှာစိုးတာကြောင့် ဘယ်နေရာကိုမှ မဝင်နိုင်ကြတော့ပါဘူး။

ဖျာပုံမြို့ကနေ ဆက်လက်သွားရောက်မောင်းနှင်ရမဲ့မြို့က ဘိုကလေးမြို့ပါ။ နာရီကို ကြည့်လိုက်တော့ မနက် ၁၀ နာရီ ကျော်နေပါပြီ။ ဘိုကလေးမြို့ကို ရောက်ဖို့အတွက် ခရီးမိုင် ၂၀ နီးပါး မောင်းရအုံးမှာဖြစ်သလို ကားမောင်းချိန် တစ်နာရီဝန်းကျင်လောက်ကြာမြင့်အုံးမှာမို့ နေ့လယ်စာထမင်းကို ဘိုကလေးမြို့မှာ စားသောက်ကြဖို့ စဉ်းစားစီစဉ်ထားလိုက်တယ်။ အရင်တစ်ခေါက်က မစားဖြစ်ခဲ့တဲ့ ဘိုကလေးမြို့ရဲ့ နာမည်ကျော်ထမင်းဆိုင်တစ်ဆိုင်မှာ စားသောက်ကြဖို့ ဆုံးဖြတ်ထားလိုက်တယ်။

ဖျာပုံမြို့ကိုကျော်လွန်လာပြီး မကြာခင်မှာ လမ်းအခြေအနေက ဆိုးလဲဆိုး၊ ကျဉ်းလဲကျဉ်းလာတယ်။ ချောင်းတွေ၊ မြောင်းတွေကတော့ နည်းပါးသွားသလို ထင်မှတ်ရတယ်။

ဆိုးလိုက်ကောင်းလိုက်၊ ကြမ်းလိုက်ချောလိုက်၊ ကျယ်လိုက်ကျဉ်းလိုက် လမ်းအတိုင်း ဖြည်းဖြည်းမှန်မှန် မောင်းလာရင်း နေ့လယ်စာ စားသောက်ကြဖို့အတွက် ၁၁ နာရီမှာ ဘိုကလေးမြို့အဝင်ကို ရောက်လာကြတယ်။ မြို့အဝင်ကို ရောက်လာပြီး ကတည်းက နာမည်ကျော်ထမင်းဆိုင်ကြီးကိုမေးမြန်းရှာဖွေရတာပါ။ ဒီလို ရှာဖွေမေးမြန်းတဲ့အခါမှာ ဆိုင်နာမည်မှားပြီး မေးမိနေလို့ မြို့ခံတွေက ဆိုင်အမည်မှန်ပြောပြီး ဆိုင်နေရာကို လမ်းညွှန်ပြသကြတယ်။ ထမင်းဆိုင်က မြို့နယ်ဘောလုံးကွင်းအနီးမှာ တည်ရှိနေတယ်။ ဝက်သားနီချက်က စားလို့ကောင်းပြီး နာမည်ကြီးတယ်ဆိုတဲ့ ဆိုင်ကြီးကို မိမိတို့မောင်နှမတွေ ရောက်ရှိလာတဲ့အချိန်မှာ အောက်ထပ်တစ်ခုလုံး စားသုံးသူဧည့်သည်တွေနဲ့ ပြည့်နေကြပြီဖြစ်လို့ မိမိတို့ကို အပေါ်ထပ်အခန်းတစ်ခန်းမှာ ပြင်ဆင်နေရာပေးပါတယ်။



ထမင်းစားသောက်ကြတဲ့အခါ ပုစွန်တုပ်ဟင်း၊ ဝက်သားနီချက်၊ ငါးမျိုးစုံဟင်းလျာတွေ၊ ဒါ့ပြင် ဆိတ်သား၊ ကြက်သား၊ ဆိတ်ကလီစာ၊ ကြက်ကလီစာနဲ့ အခြားဟင်းတွေရပါတယ်။ ဟင်းတွေစုံပြီး ကြိုက်တာစားလို့ရအောင် မောင်နှမတွေတစ်ယောက်တစ်မျိုး စိတ်ကြိုက်မှာယူလိုက်ကြပေမဲ့ ပုစွန်တုပ်နဲ့ ဝက်သားနီဟင်းကို မှာယူကြတာက ပိုမိုများပြားနေတယ်။ မိမိက ထူးထူးခြားခြားအဖြစ် ငါးသလောက်ပေါင်းဟင်းကို မှာယူလိုက်ပေမဲ့ ရာသီချိန်မဟုတ်လို့ ဆိုပြီး မစားခဲ့ရပါဘူး။

နေ့လယ်စာ ထမင်းစားပြီးကြတာနဲ့ ၁၁ မိုင်ကျော်သာဝေးတော့တဲ့ မော်လမြိုင်ကျွန်းမြို့ကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ မော်လမြိုင်ကျွန်းကို တချို့က မော်ကျွန်းလို့ အတိုကောက်ခေါ်ဆိုကြပါတယ်။ မော်လမြိုင်ကျွန်းမြို့ကို မောင်းနှင်လာရတဲ့ခရီးမှာ လမ်းတွေက ပိုမိုဆိုးရွားကြမ်းတမ်းလာတာကို သတိထားမိလိုက်တယ်။ မိုးရာသီကာလ အဆက်မပြတ် ရွာသွန်းထားတဲ့ မိုးရေတွေကြောင့် ပျက်စီးသွားခဲ့ရတဲ့ လမ်းတွေကို မပြင်ဆင်ရသေးလို့ဖြစ်ပါတယ်။ ဒါ့ပြင် လမ်းတစ်လျှောက်မှာ ချောင်းကြီးတွေ၊ တံတားကြီးတွေလဲ ပိုမိုများပြားလာတယ်။ မော်လမြိုင်ကျွန်းမြို့ကိုမရောက်ခင် ကျွဲခြံရေကျော်တံတား၊ ရာဇူဒိုင်တံတားအမှတ်(၁) စတဲ့ မြစ်ကြီး၊ ချောင်းကြီး၊ တံတားကြီးတွေကို ကျော်ဖြတ်လာခဲ့ရတယ်။ ရာဇူဒိုင်တံတား အမှတ်(၁)ပေါ်ကနေ မောင်းနှင်ဖြတ်သန်းလာရင်းနဲ့ များပြားလှတဲ့ လယ်ကွင်းလယ်ကွက်တွေ ဝိုင်းရံထားတဲ့ မြစ်ရိုးချောင်းရိုးတစ်လျှောက်တွေမှာ လှေသင်္ဘောတွေ အစီအရီ ဆိုက်ကပ်ထားတဲ့ အုန်းပင်တွေ၊ ဓနိပင်တန်းတွေ ထိုးထိုးထောင်ထောင် ဝေဝေဆာဆာ လှလှပပ ဖြစ်နေတဲ့ ဆန်စက်လိုလို စပါးစက်လိုလို စက်ရုံကြီးတွေကနေ မီးခိုးတလူလူထွက်နေတဲ့ အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ် မော်လမြိုင်ကျွန်းမြို့လေးကို အပေါ်စီးကနေ လှမ်းမျှော်မြင်တွေ့နေရတယ်။ ဒီမြင်ကွင်းတွေကို ကြည့်ရှုမြင်တွေ့ရင်း တံတားပေါ်ကနေ ဆင်းသက်လာတာနဲ့ မော်လမြိုင်ကျွန်းမြို့ကို ရောက်လာခဲ့ကြတယ်။

ဒါပေမဲ့ မော်လမြိုင်ကျွန်းက သာမန်မြို့ငယ်လေးတစ်မြို့ပါ။ မြို့ကိုဖြတ်သန်းမောင်းနှင်လာတဲ့ အချိန်မှာလဲ သွားလာလှုပ်ရှားမှုတွေ ရှင်းလင်းနေသလို တိတ်ဆိတ်ခြောက်ကပ်နေတယ်။ မြို့လယ်လိုနေရာမျိုးတွေ၊ ဈေးတွေ၊ ကျောင်းတွေရှိတဲ့ နေရာမျိုးတွေမှာ ဘယ်လိုမြင်တွေ့ရမယ် ဆိုတာကိုတော့ မသိရှိပါဘူး။ မော်လမြိုင်ကျွန်းမြို့ကနေ ဆက်လက်မောင်းနှင်လာပြီး မကြာခင်မှာ လမ်းဆုံတစ်ခုကို ရောက်လာကြတယ်။ လမ်းဆုံကနေ ဘယ်ဘက်ကို ချိုးကွေ့လိုက်ရင် ၉ မိုင် ၅ ဖာလုံအကွာမှာ ကျုံမငေးမြို့ရှိနေတယ်။ ညာဘက်လမ်းကို ချိုးကွေ့မယ်ဆိုရင် ၁၆ မိုင် ၅ ဖာလုံအကွာမှာ ဝါးခယ်မမြို့ တည်ရှိနေပါတယ်။ မိမိတို့က ဝါးခယ်မ-မြောင်းမြ-ပုသိမ်လမ်းအတိုင်း သွားရောက်ကြမှာဖြစ်လို့ လမ်းဆုံကနေ ညာဘက်လမ်းအတိုင်း ချိုးကွေ့မောင်းနှင်လာခဲ့လိုက်တယ်။

ဒီလို ချိုးကွေ့မောင်းလာတဲ့ တစ်ဆက်တည်းမှာပဲ အရင်တစ်ခေါက်လာခဲ့စဉ်တုန်းက ဝါးခယ်မမြို့ကို သွားတဲ့လမ်းအခြေအနေကို သတိတရ မှတ်မိသွားခဲ့ရတယ်။ လမ်းတစ်လျှောက်လုံး ကျောက်တုံး၊ ကျောက်ခဲတွေအပြည့်နဲ့ အလွန်ဆိုးရွားကြမ်းတမ်းပြီး ကားကို တစ်လိမ့်ချင်းမောင်းခဲ့ရတယ်။ လမ်းကြမ်းတဲ့အပြင် ဖုန်တွေကထ၊ ကားဘီးပေါက်မှာ၊ ကွဲမှာ စိုးရိမ်ရ၊ အချိန်ကကြန့်ကြာ ပူပန်သောကတွေဖြစ်ခဲ့ရတယ်။ အခုတစ်ခေါက်လာတဲ့အခါ လမ်းဆိုးလမ်းကြမ်းနေရာကြီးကို ရောက်ရတော့မှာ၊ ကားကို တစ်လိမ့်ချင်း မောင်းရတော့မှာ၊ ဖုန်တွေသဲတွေနဲ့ ရင်ဆိုင်ရတော့မှာ၊ ကားမောင်းနေရင်း စိုးရိမ်စိတ်တွေနဲ့ ကြုံတွေ့ရတော့မှာ စတဲ့အတွေးတွေကို စဉ်းစားရင်း တွေးတောရင်းနဲ့ မောင်းလာခဲ့တာ မကြာခင်မှာ ဝါးခယ်မမြို့ ယာဉ်ရပ်နားစခန်းကို မြင်တွေ့လိုက်ရတာကြောင့် စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားခဲ့ရတယ်။ လမ်းဆိုးလမ်းကြမ်းကြီးကို မတွေ့မကြုံရဘဲ ဝါးခယ်မကို ရောက်လာတယ်။ ရှေ့ဆက်မောင်းလာရင်းနဲ့ အရင်တစ်ခေါက်က တွေ့မြင်ဓာတ်ပုံရိုက်ခဲ့တဲ့ ဦးနုစာကြည့်တိုက်ရှိရာကို ရောက်လာပြန်တယ်။ ဒီတော့မှ လမ်းဆိုးကြီးကို ပြင်ဆင်ထားပြီးဖြစ်ကြောင်းနဲ့ လမ်းသစ်ကနေ အဆင်ပြေပြေ ချောချောမွေ့မွေ့ မြန်မြန်ဆန်ဆန်နဲ့ မောင်းနှင်လာနိုင်တာဖြစ်ကြောင်းတွေကို ဆက်စပ်တွေးတောမိလိုက်တယ်။ အဆိုးကို မျှော်လင့်ထားပေမဲ့ အကောင်းဖြစ်သွားခဲ့ရတယ်။

အရင်တစ်ခေါက်တုန်းက ဝါးခယ်မမြို့မှာ မြို့ခံစာရေးဆရာမ တစ်ယောက်ရဲ့အိမ်ကိုဝင်ပြီး လိုက်လံပို့ဆောင်ပေးတဲ့ ဘုရားစေတီတွေကိုဖူး၊ ဧည့်ခံကျွေးမွေးတာတွေကို စားသောက်ပြီးမှ ရှေ့ခရီးကို ဆက်ခဲ့ကြတာပါ။ အခုတစ်ခေါက်မှာတော့ ဘယ်နေရာကိုမှ မဝင်ကြတော့ဘဲ ဝါးခယ်မမြို့တွင်းကိုဖြတ်၊ ဝါးခယ်မမြစ်ကိုကျော်ပြီး မြောင်းမြမြို့ရှိရာကို ဆက်လက် မောင်းနှင်လာခဲ့လိုက်တယ်။ ဒါပေမဲ့ မြောင်းမြမြို့ထိ ရောက်ရှိမှာမဟုတ်ဘဲ လမ်းဆုံတစ်ခုကနေ ပုသိမ်မြို့ကို သွားရောက်ကြရမှာဖြစ်ပါတယ်။ အချိန်က မွန်းတည့် ၁၂ နာရီကိုကျော်လွန်သွားခဲ့ပြီး မွန်းလွဲ ၁ နာရီ ထိုးခါနီးနေပါပြီ။

အရင်တစ်ခေါက်က ငွေဆောင်ကမ်းခြေရှိရာကို ညနေ ၄ နာရီအချိန်မှာ ရောက်လာခဲ့ကြတယ်။ ဒါကြောင့် အခုခရီးစဉ်မှာ ဘယ်အချိန်ရောက်နိုင်မလဲ ဆိုတာကို ခန့်မှန်းတွက်ဆကြည့်နေရတယ်။ အခု ဝါးခယ်မမြို့ကနေ မြောင်းမြလမ်းဆုံနဲ့ ပုသိမ်မြို့ကို ဖြတ်ပြီး ငွေဆောင်ကမ်းခြေရောက်တဲ့အထိ မိုင် ၈၀ လောက် ဝေးကွာနေပါသေးတယ်။ ငွေဆောင်ကမ်းခြေကို ရောက်ရင်လဲ နားနေအိပ်စက်ကြဖို့အတွက် ဟိုတယ်ရှာ၊ ပြီးရင် ရေချိုး ရေကစားကြဖို့အချိန်တွေ ပေးကြရအုံးမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဘိုကလေးမြို့မှာ နေ့လယ်စာ ထမင်းစားပြီးကတည်းက ထွက်လာခဲ့ကြတဲ့ ခရီးစဉ်မှာ မော်လမြိုင်ကျွန်းမြို့နဲ့ ဝါးခယ်မမြို့တွေကို ကျော်ဖြတ်လာခဲ့ပြီးပါပြီ။ ငွေဆောင်ပင်လယ်ကမ်းခြေကို ရောက်ဖို့အတွက် နောက်ထပ်မြို့တွေနဲ့ခရီးမိုင်တွေကို ဆက်လက်မောင်းနှင်လိုက်ပါအုံးမယ်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# Tron:Ares သိပ္ပံရုပ်ရှင်ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ထုတ်လွှင့်ပြသမည်




**နယူးယောက် ဇန်နဝါရီ ၁**

Tron:Ares သိပ္ပံရုပ်ရှင်ဇာတ်ကားကို Disney + အွန်လိုင်းရုပ်ရှင်ထုတ်လွှင့်မှုလုပ်ငန်းက ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် စတင်ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း ဒီဇင်ဘာ ၃၁ ရက် သတင်းများအရ သိရသည်။

ဒစ္စနီးကုမ္ပဏီသည် Tron: Ares ဇာတ်ကားကို ရုပ်ရှင်ရုံများ၌ ရုံတင်ပြသခဲ့ပြီးနောက် Disney + ဖြင့် ထုတ်လွှင့်ပြသရန် စီစဉ်ထားခြင်းဖြစ်သည်။

ဒစ္စနီးကုမ္ပဏီသည်Tron: Ares ဇာတ်ကားကို ၂၀၂၅ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် စတင်ရုံတင်ပြသခဲ့ရာ လက်ရှိတွင် ၎င်းဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄၂ ဒသမ ၂ သန်း ထိရရှိထားသည်။

Tron: Ares ဇာတ်ကားကို ဒါရိုက်တာ ယိုအာချင်းရွန်းနင့်က တာဝန်ယူ ရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျက်ဆီဝီဂူတိုးက ရေးသားပေးထားသည်။

Tron: Ares ဇာတ်ကားတွင် မင်းသား ဂျာရက်လီတို၊ အီဗန်ပီတာ၊ မင်းသမီး ဂျီဒီတန်နာစမစ်တို့ ပါဝင်သရုပ်ဆောင်ထားပြီး ဒစ္စနီးကုမ္ပဏီသည် Tron: Ares ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၁၈၀ နှင့် ၂၂၀ ကြား သုံးစွဲထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# 28 Years Later:The Bone Temple ၏ ပထမသီတင်းပတ်ဝင်ငွေ ကန်ဒေါ်လာ သန်း ၂၀ အထက်ရှိနိုင်

**နယူးယောက် ဇန်နဝါရီ ၁**

ဆိုနီရုပ်ရှင်၏ 28 Years Later: The Bone Temple ဇာတ်ကား စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း၂၀ အထက် ရှိနိုင်ကြောင်း ဈေးကွက် စောင့်ကြည့်မှုများ၏ အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၃၁ ရက် သတင်းများအရ သိရသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် 28 Years Later : The Bone Temple ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ရုံတင်ရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကား၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေသည် ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ရုံတင်ခဲ့သည့် 28 Years Later ထက်ပိုရှိနည်းပါးပြီး အမေရိကန်ဒေါ်လာ သန်း ၂၀ အထက်တွင် ရှိနိုင်ကြောင်း သိရသည်။

သို့ရာတွင် 28 Years Later: The Bone Temple ၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေမှာ 28 Weeks Later (2007) နှင့် 28 Days Later (2003) တို့ထက် ပိုများနိုင်သည်ဟု ဈေးကွက်စောင့်ကြည့်သူများက သုံးသပ်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ နီယာဒါကော့စတာက တာဝန်ယူရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကို အဲလက်ဂါးလန်းက ရေးသားပေးထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁**

ဇော်မွှေး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခင်ဝင့်ဝါထံမှ သိရသည်။

အဆိုပါ လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ဂျူလိယာမြင့်သိန်း၏ ထင်ရှားသည့် ဖြည်ရန်ကျန်သော ဆက်ထုံးများ ဝတ္ထုကို မိုးနီလွင်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မီးပွားက ဇော်မွှေး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် အကောင်းဆုံး ပုံဖော်ဖန်တီးရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။




"ဇာတ်လမ်းကလဲ ပရိသတ်တွေကြိုက်ကြတဲ့ ဝတ္ထုကို ဖန်တီးထားတာပါ။ သည်းထိပ်ရင်ဖို အချစ်ဇာတ်လမ်းလေး ဖြစ်တာကြောင့် ပရိသတ်ကြိုက်ကြမယ်လို့ ထင်ပါတယ်။ သရုပ်ဆောင်တွေ အားလုံးလဲ ကြိုးစားထားကြသလို ဒါရိုက်တာ ဦးပွားကလဲ အပင်ပန်းခံထားတာကြောင့် ပရိသတ်တွေလဲ အားပေးရကျိုးနပ်မှာပါ"ဟု သရုပ်ဆောင် ခင်ဝင့်ဝါက ပြောပြသည်။

လိပ်ပြာခွဲချိန် ရုပ်ရှင်ဇာတ်ကားတွင် အလင်းရောင်၊ ရဲရင့်သော်၊ ခင်ဝင့်ဝါ၊ ဖူးစုံ၊ မေတိုးခိုင်၊ ဖုန်းသီရိကျော်၊ သံသာညီ၊ စိုးမိုးကြည်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Ocean's 14 တွင် Ocean's Eleven မှ သရုပ်ဆောင်များပြန်လည်ပါဝင်မည်

**နယူးယောက် ဇန်နဝါရီ ၁**

ဝါနာဘရားသား၏ Ocean's 14 ရုပ်ရှင်ဇာတ်ကားသစ်တွင် Ocean's Eleven မှ သရုပ်ဆောင်များ ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၃၁ ရက် သတင်းများအရ သိရသည်။

Ocean's 14 ရုပ်ရှင်ဇာတ်ကားတွင် မိမိနှင့်အတူ Ocean's Eleven ဇာတ်ကားမှ သရုပ်ဆောင်များဖြစ်ကြသော မင်းသား ဘရက်ပစ်၊ မက်ဒါမွန်၊ ဒွန်ချီးဒဲနှင့် မင်းသမီး ဂျူလီယာရောဘတ်တို့ ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း မင်းသားကြီး ဂျော့ကလိုနေးက ဒီဇင်ဘာ ၃၀ ရက်တွင် အတည်ပြုပြောကြားထားသည်။

ထို့ပြင် Ocean's 14 ရုပ်ရှင်ဇာတ်ကားရိုက်ကူး ထုတ်လုပ်မှုလုပ်ငန်းကို ၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း စတင်နိုင်ဖွယ်ရှိကြောင်းလည်း ဂျော့ကလိုနေးက ပြောကြားထားသည်။

Ocean's 14 ရုပ်ရှင်ဇာတ်ကားသည်၂၀၀၁ ခုနှစ်တွင် စတင်ရိုက်ကူးထုတ်လုပ်ခဲ့သော Ocean's ဇာတ်ကားများ၏ စတုတ္ထမြောက်ဇာတ်ကားဖြစ်သည်။

Ocean's 14 ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်လက်ကတာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ် နောက်ဆုံးအဆင့်ရွေးချယ်ပွဲတွင် ယှဉ်ပြိုင်ရမည့်သူများ စာရင်းထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၁**

နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ရွှေကြို မောင်မယ် နောက်ဆုံးအဆင့် ရွေးချယ်ပွဲတွင် ယှဉ်ပြိုင်ရမည့်သူများစာရင်းကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဒီဇင်ဘာ ၃၁ ရက်က ထုတ်ပြန်လိုက်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ်များ ရွေးချယ်ရာတွင် ရွှေကြိုလျှောက်ထားသူ ဦးရေ ၃၀၀ ခန့်ရှိပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိသူများကို အဆင့်ဆင့်ရွေးချယ်လျက်ရှိရာ ပဏာမအဆင့် ရွေးချယ်ပွဲကို ဒီဇင်ဘာ ၂၁ ရက်တွင်လည်းကောင်း၊ ဒုတိယအဆင့် ရွေးချယ်ပွဲကို ဒီဇင်ဘာ ၂၉ ရက်ကလည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

"နှစ်ကြိမ်ရွေးချယ်ခဲ့ပြီးပါပြီ။ မကြာခင်မှာ နောက်ဆုံးအဆင့် ရွေးချယ်ပွဲ ပြုလုပ်မှာဖြစ်ပါတယ်။ နှစ်ဆင့်ရွေးချယ်အပြီးမှာ ရွှေကြိုမောင်မယ် ၅၈ ယောက် ရွေးချယ်ထားပါတယ်။ ဒီမောင်မယ်တွေရဲ့ စာရင်းကိုလဲ ထုတ်ပြန်ထားပါပြီ။ ဒီနှစ်ကတော့မနှစ်ကလို အတွဲ ၂၀ လောက်ထိတော့ ရှိမှာမဟုတ်ပါဘူး။ ရွှေကြိုမောင်မယ် အတွဲလိုက် ၁၀ တွဲ ဒါမှမဟုတ် အတွဲရစ်တွဲလောက်ပဲ ဖြစ်ဖို့များပါတယ်" ဟု ဦးအေးကြူလေးက ပြောပြသည်။

အဆိုပါ ရွှေကြိုမောင်မယ်များ နောက်ဆုံးအဆင့်ရွေးချယ်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် ခန့်စည်သူ၊ ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ ဒါရိုက်တာ ညွန့်မြန်မာ ညီညီအောင်၊ ဒါရိုက်တာမောင်သီတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# More than 5,000 acres of maize and sweet corns planted in Phaungpyin Township


A corn plantation in Phaungpyin Township.

**Phaungpyin January 1**

Cultivation of 5,125 acres of maize and sweet corns was carried out in Phaungpyin Township of Sagaing Region, according to the district Agriculture Department.

During the 2025-2026 winter cropping season, Phaungpyin Township has set a target of cultivating 820 acres of maize and 4,635 acres of sweet corn, for a total of 5,455 acres. Planting began in October this year, and as of today, 800 acres of maize and 4,325 acres of sweet corn have been completed, bringing the total planted area to 5,125 acres, according to reports.

"This year, during the winter cropping season in Phaungpyin Township, we have planned to cultivate 5,455 acres of maize and sweet corn. As of today, 5,125 acres have already been planted. We are continuing efforts to ensure that the full targeted acreage is achieved. At present, maize cultivation is progressing well and is expected to exceed the planned acreage. To ensure successful crop production, we are providing awareness and technical guidance, including measures to prevent pest and disease infestations," said Daw Kywe Kywe Hlaing, District Head of the Department of Agriculture in Mawlaik District.

This year, the Phaungpyin Township Department of Agriculture is providing support to maize and sweet corn farmers through training programmes, field demonstrations, preventive measures against fall armyworm, and integrated crop protection practices, including the use of neem-based pesticides as well as ginger- and chilli-based pest control methods, according to reports.

In Phaungpyin Township, maize yields exceed 50 baskets per acre, with production costs of around K500,000 per acre, while sweet corn yields average about 15,000 cobs per acre, with cultivation costs exceeding K500,000 per acre. 206

# Press release

**31 December 2025**

Myanmar's stance on the Taiwan question amid the current tensions is as follows:-

(a) Myanmar was the earliest country to recognize the People's Republic of China following its establishment and has consistently upheld the One-China policy. This position has been reaffirmed during meetings between the leaders of the two countries. Moreover, Myanmar supports China's vision of achieving peaceful reconciliation with Taiwan.

(b) As two countries that have agreed to and adhere to the Five Principles of Peaceful Coexistence, Myanmar and China mutually respect each other's territorial integrity and sovereignty and emphasize efforts to uphold these principles.

(c) Myanmar recognizes that the Taiwan question is an internal affair of China, in line with the principle that the two countries respect each other's internal affairs, and reaffirms that Taiwan is an inseparable part of China. As secessionist activities may give rise to conflict, it is necessary to prevent and refrain from encouraging such activities.

(d) It was stated that Myanmar has pledged to always stand with China as a good neighbour, a strategic partner, and a co-founder of a kinship community, through thick and thin.

**Information Team**
**National Defence and Security Council**
**Republic of the Union of Myanmar**

# Farmers plant canola and niger on more than 7,000 acres of croplands in Tamu District

**Tamu January 1**

According to the Tamu District Agriculture Department, local farmers planted more than 7,000 acres of canola and niger as cold season crops in Tamu District of Sagaing Region.

During the 2025-2026 winter cropping season, Tamu District has set a target of cultivating 9,320 acres of canola and niger, according to reports. Planting began in October this year, and as of today, 7,992 acres have already been completed.

"During the winter cropping season in Tamu District, we have planned to cultivate 9,320 acres of canola and niger. As of today, more than 7,000 acres have already been planted. We are continuing efforts to ensure that the full targeted acreage is achieved. Sesame and mustard are crops that are cultivated every year. Niger and mustard are used both for edible oil and for medicinal purposes," said U Hla Myint, District Head of the Department of Agriculture in Tamu District.

This year in Tamu District, the township-wise completed cultivation areas for canola and niger are 3,326 acres of canola and 75 acres of niger in Myothit Township, 3,483 acres of canola and 125 acres of niger in Tamu Township, and 958 acres of canola and 25 acres of niger in Khampak, totaling 7,992 acres, it is reported.

For the 2025-2026 winter cropping season, the township-wise cultivation targets in Tamu District are 3,000 acres of canola and 130 acres of niger in Myothit Township, 4,870 acres of canola and 220 acres of niger in Tamu Township, and 1,050 acres of canola and 50 acres of niger in Khampak, totaling 9,320 acres, according to reports.

In Tamu District, canola and niger are cultivated on a regular annual basis. Within Sagaing Region, these crops are most commonly grown in Katha and Kawlin areas. 206

# Fishery entrepreneurs ship viss of sturgeon to Yangon market in November

**Nyaugdon January 1**

Local merchants from Nyaungdon Township of Ayeyawady Region stated that they sold sturgeon fish to Yangon market in November.

From Nyaungdon Township, only up to 55,000 viss of carp were transported and sold to the Yangon market during October this year, while as much as 75,000 viss were shipped and sold in November 2025, according to reports. The increase in shipments was attributed to stronger demand for carp from the Yangon market.

"At present, carp prices are not bad, and business conditions are manageable. Shipments of carp increased because supplies entering warehouses on this side are limited, while buyers in Yangon are actively purchasing locally sourced carp. Exports of carp to the Yangon market increased as early as the first week of last month. Demand for other fish species has also risen. Although purchasing demand from the Yangon market has increased, prices have not risen sharply yet," said Daw Than Than Oo, a fisheries products trader and warehouse operator from Nyaungdon Township.

In Nyaungdon Township, local fisheries traders purchase aquatic products and sell them in local markets as well as transport them to the Yangon market. Carp are currently trading at prices ranging from K16,500 to K19,500 per viss, according to sources.

Kyaw Kyaw Lin


Sturgeon fish seen at a local market.

# Shwebo Township finishes cultivation of black gram on more than 3,000 acres of croplands

**Shwebo January 1**

Agricultural data compiled by Shwebo Township Agriculture Department mentioned that local farmers have completed cultivation of 3,357 acres of blakc gram as cold season crops in Shwebo Township of Sagaing Region this year.

During the 2025-2026 winter cropping season, Shwebo Township set a target of cultivating 3,226 acres of black gram. Planting began in October this year, and as of today, 3,357 acres have already been planted, according to reports.

"During this year's winter cropping season in Shwebo Township, 3,226 acres of black gram were targeted for cultivation, and 3,357 acres have already been completed. During the black gram planting period, we are also carrying out field-level activities to provide necessary technologies, suitable seed varieties, and pest and disease prevention methods," said U San Oo, Township Head of the Department of Agriculture in Shwebo Township.

In Shwebo Township, the Department of Agriculture is providing awareness and technical support to black gram farmers, including access to locally suitable and quality seed varieties, proper cultivation practices, pest and disease management, systematic use of fertilizers, and measures to improve crop yields, it is reported.

During this winter cropping season, for the cultivation of various pulse crops, the relevant township Departments of Agriculture are working in cooperation with farmers to improve yields and quality by providing quality seeds, agricultural inputs, and post-harvest technologies, according to reports. 206

# 549 illegal buildings used for online scam gambling in KK Park area systematically demolished



An illegally constructed two-storey residential building in KK Park Area (Section 3)

Before demolition.

After demolition.

**Nay Pyi Taw January 1**

The Government of Myanmar is carrying out coordinated operations involving relevant joint task forces to enter and clear illegal buildings in the Shwe Kokko area and the KK Park area—where online scam gambling activities are most heavily based—and to systematically demolish both the seized items used in online scam gambling operations and the illegal buildings themselves. Today, an additional 11 illegal buildings in the KK Park area were demolished.

Today, within Section (3) of the Myawady–Maehtawthalay (KK Park) area, one illegal four-storey building and ten illegal two-storey buildings—used in the commission of online scam gambling activities—were further demolished, bringing the total number of illegal buildings demolished in the KK Park area to 549 out of a total of 635.

In addition, among the illegal buildings in the KK Park area that had already been demolished using heavy machinery, further destruction using explosives was carried out starting from December 14 to ensure complete demolition. As of today, five additional two-storey buildings have been destroyed in this manner, bringing the total number of illegal buildings that have been completely destroyed to 86.

Furthermore, items used in online scam gambling activities in the KK Park area were also systematically burned and destroyed today to prevent any further use. It is reported that the Government of Myanmar regards the eradication of online scam gambling as a national duty and will continue to take action to ensure that such activities cannot take root anywhere in Myanmar, in cooperation not only with domestic forces but also through coordination with neighbouring governments.

100



Destruction by burning of equipment used in online fraud and gambling activities within the KK Park area

# Larger volume of Hnaka rice sent to Yangon market in November

**Yekyi January 1**

Local traders supplied a large volume of Hnaka rice to Yangon market in November, said Daw Aye Aye Myat, the owner of rice and paddy trading wholesale centre in Yekyi Township.

In October, Hnaka rice from Yekyi Township was exported and sold to the Yangon market at a volume of up to 50,000 bags per month. In November, the export volume increased to 66,000 bags per month.

"Our community in Yekyi Township mainly exports agricultural products to the Yangon and Pathein markets. Compared to the previous month, more rice bags were exported last month. Even in December, there are already offers to purchase large quantities of Hnaka rice. With strong sales like this, those involved in exporting agricultural products now have better business opportunities and stable employment," said Daw Aye Aye Myat.

In Yekyi Township, traders systematically produce and gather agricultural products, including Hnaka rice, and primarily sell them to Yangon market traders. It is reported that these products are also distributed and sold to other regions.

Kyaw Kyaw Lin

# Indian authorities step up surveillance in Tamil Nadu after bird flu outbreak in adjacent state

**New Delhi January 1**

As cases of bird flu increase in parts of the southern Indian state of Kerala, authorities in the adjacent Tamil Nadu state have stepped up surveillance along border districts to prevent the disease from spreading, officials said Thursday.

An alert has been sounded in Tamil Nadu's Nilgiris and Coimbatore districts, which share a long and porous boundary with Kerala.

Transportation of live poultry and eggs from Kerala has been banned.

Meanwhile, special surveillance teams have been deployed at eight check posts along the Kerala border and one along the Karnataka border.

Poultry farm owners have also been advised to mandatorily carry out disinfection of farm tools and equipment at least twice a month.

Last week, a bird flu outbreak was reported mainly in the state of Kerala. Around 30,000 birds have been culled in affected areas to prevent the spread of the disease.

Xinhua

# U.S. federal gov't halts child care payments to states amid Minnesota fraud allegations

**Washington January 1**

The U.S. Department of Health and Human Services (HHS) is halting all federal child care payments to states beyond Minnesota amid an alleged large-scale fraud scandal.

Jim O'Neill, deputy secretary of Health and Human Services, announced on social media that the HHS is implementing new requirements for child care payments across the country.

From now on, payments handled by the Administration for Children and Families (ACF), a division of the HHS, will "require a justification and a receipt or photo evidence before we send money to a state," O'Neill said.

"We have turned off the money spigot and we are finding the fraud," he said. "Funds will be released only when states prove they are being spent legitimately."

The move comes amid a high-profile investigation into allegations of systemic misappropriation of federal funds by child care centers in Minnesota.

The scam involved alleged fraudsters receiving massive funds from the federal government for child care centers that didn't exist, with some reportedly profiting by millions of U.S. dollars.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်ရေတပ်က Type 055 ဖျက်သင်္ဘောပေါ်မှ YJ-20 ရေတပ်သုံး ဟိုက်ပါဆောနစ်ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်ခတ်မှုကို ထုတ်ပြန်ကြေညာခဲ့




တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် ရေတပ်(PLAN)က Type 055 ဖျက်သင်္ဘောပေါ်မှ YJ-20 ရေတပ်သုံး ဟိုက်ပါဆောနစ် ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်ခတ်မှုကို တရားဝင်ထုတ်ပြန် ကြေညာခဲ့ကြောင်း Defence Blog သတင်းဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုပ်သံမှတ်တမ်းများနှင့် သတင်းဌာန များ၏ ရေးသားဖော်ပြချက်များအရ တန်ချိန် ၁၀၀၀၀ အဆင့်ရှိ Type 055 ဖျက်သင်္ဘော ဝူရှီး (Wuxi) ပေါ်တွင် ရေတပ်သုံး ဟိုက်ပါဆောနစ်ဒုံးကျည်ကို ပစ်ခတ်စမ်းသပ်ခဲ့ခြင်းဖြစ်ပြီး ဒုံးကျည်၏ စွမ်းဆောင်ရည်များနှင့် ပတ်သက်၍ နောက်ဆုံးအတည်ပြုချက် ရယူရန် စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အတည်ပြုချက်ဆိုသည်မှာ လက်နက်စနစ်တစ်ခု၏ ဒီဇိုင်းပိုင်းအဆင့်ပြီးဆုံးပြီး အမြောက်အမြား ထုတ်လုပ်မှုမစတင်မီ လုပ်ဆောင်ရသည့် နောက်ဆုံးအဆင့် အဓိကစမ်းသပ်မှုကြီးကို ဆိုလိုခြင်းဖြစ်ကြောင်း သိရသည်။

China Military Bugle ၏ ဖော်ပြချက်အရ YJ-20 ဟိုက်ပါဆောနစ်ဒုံးကျည်ကို ဖျက်သင်္ဘော၏နောက်ပိုင်းတွင်ရှိသော ဒေါင်လိုက်ပစ်စင် (Vertical Launching System - VLS) ဒုံးပြွန်တစ်ခုအတွင်းမှ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ဒုံးကျည်ကို ပစ်စင် ဒုံးပြွန်အတွင်းမှ အပြင်သို့တွန်း ထုတ်ပြီးမှ ဝေဟင်ရောက်မှသာ အင်ဂျင် စတင်နှိုးသည့်စနစ်ကို အသုံးပြုခဲ့သည်။ ဒုံးကျည်သည် သတ်မှတ်ထားသော ပစ်မှတ်ကို တိကျစွာထိမှန်ဖျက်ဆီးနိုင်ခဲ့ ကြောင်း သိရသည်။

YJ-20 ဒုံးကျည်ကို ပေကျင်းမြို့တွင် ကျင်းပခဲ့သော တရုတ်နိုင်ငံ၏ V-Day စစ်ရေးပြအခမ်းအနားတွင် အခြားရေပြင် ပစ်ဒုံးကျည်အမျိုးအစား သုံးမျိုးဖြစ်သည့် YJ-15၊ YJ-19 ဟိုက်ပါဆောနစ်ဒုံးကျည်နှင့် YJ-17 ဟိုက်ပါဆောနစ် ဒုံးကျည်တို့နှင့် အတူ ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။ အဆိုပါဒုံးကျည်များကို လေယာဉ်တင် သင်္ဘောများ၊ အခြေစိုက် တိုက်လေယာဉ် များ၊ စစ်သင်္ဘောများနှင့် ရေငုပ်သင်္ဘော မျိုးစုံမှ ပစ်ခတ်နိုင်သည်ဟု တရုတ်နိုင်ငံ ပိုင် မီဒီယာများက ဖော်ပြထားခဲ့ကြ ကြောင်း သိရသည်။

တရုတ်စစ်ရေးကျွမ်းကျင်သူ Zhang Junshe က Global Times သတင်းဌာနသို့ ပြောကြားရာတွင် အဆိုပါဒုံးကျည်၏ ဒီဇိုင်းနှင့် ပျံသန်းမှုပုံစံသည် အသံထက် ငါးဆ (Mach 5) နှင့်အထက် ပျံသန်းနိုင် ပြီး လမ်းကြောင်းပြောင်းလဲနိုင်စွမ်းရှိ သော ဒုံးကျည်များကို ဟိုက်ပါဆောနစ် ဒုံးကျည်များအဖြစ် သတ်မှတ်သည် ဟု ဆိုသည်။

YJ-20 ဒုံးကျည်ကို Type 055 ဖျက် သင်္ဘောများကဲ့သို့သော ပလက်ဖောင်းများ ၌ တပ်ဖြန့်ခြင်းဖြင့် တရုတ် PLAN အနေ ဖြင့် တရုတ်နိုင်ငံ၏ ကမ်းရိုးတန်းနှင့် ပင်လယ်ထိ စစ်ဆင်ရေးဆောင်ရွက်နိုင် မည်ဖြစ်သည်။ Type 055 ဖျက်သင်္ဘော များတွင် တပ်ဆင်ထားသော YJ-20 ကို ပင်လယ်ရပ်ဝေးများထိ သယ်ဆောင် တပ်ဖြန့်နိုင်ခြင်းက တရုတ်ရေတပ်၏ ပင်လယ်ပြင် တိုက်ခိုက်နိုင်စွမ်းကို မြင့်မား ကောင်းမွန်စေသည့်အပြင် တရုတ်နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာမြောက် နက်ရှိုင်းမှုကိုလည်း ပိုမိုခိုင်မာအားကောင်း စေနိုင်သည်။

Type 055 သည် တရုတ် PlAN၏ အကြီးမားဆုံးသော တိုက်ခိုက်ရေး ဖျက်သင်္ဘောဖြစ်ပြီး တရုတ်ရေတပ်၊ စစ်ရေ ယာဉ်စုများအတွင်း လေကြောင်းရန် ကာကွယ်ရေး၊ ရေပြင်စစ်ဆင်ရေးနှင့် ကြီးကြပ်ကွပ်ကဲမှု အခန်းကဏ္ဍများ အတွက် အခြေခံအကျဆုံး အဓိကပလက် ဖောင်းတစ်ခုအဖြစ် လူသိများသည်။ ယခုကဲ့သို့ YJ-20 ဟိုက်ပါဆောနစ် ပစ်ခတ်စမ်းသပ်မှုကို တရားဝင် ထုတ်ပြန် ကြေညာခဲ့ခြင်းသည် အဆိုပါဒုံးကျည်မှာ စစ်သင်္ဘောများပေါ်တွင် လက်တွေ့ စစ်ဆင်ရေးတာဝန် ထမ်းဆောင်နိုင်မည့် အဆင့်သို့ နီးကပ်လာပြီဖြစ်ကြောင်း သိရသည်။

**China tests new hypersonic anti-ship missile ကို ဘာသာပြန်ဆိုထားပါသည်။**

## Rafael ကုမ္ပဏီက Iron Beam လေဆာလက်နက်ကို အစ္စရေးကာကွယ်ရေးတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်

Rafael Advanced Defense Systems ကုမ္ပဏီသည် ပထမဆုံးသော Iron Beam လေကြောင်းရန်ကာကွယ်ရေး လေဆာလက်နက်ကို အစ္စရေးကာကွယ် ရေးတပ်ဖွဲ့(IDF)ထံသို့ လွှဲပြောင်းပေးအပ် လိုက်ပြီဖြစ်သည်ဟု The Defense Post သတင်းဌာနက ဒီဇင်ဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဖြစ်ရပ်သည် အဆိုပါ လေဆာ လက်နက်စနစ်ကို အစ္စရေးနိုင်ငံ၏ Iron Dome၊ David’s Sling နှင့် Arrow တို့ ပါဝင်သော အလွှာစုံ လေကြောင်းရန် ကာကွယ်ရေးကွန်ရက်အတွင်းသို့ တရားဝင် ပေါင်းစပ်ထည့်သွင်းလိုက်ခြင်း လည်းဖြစ်သည်။

စမ်းသပ်မှုများနှင့် လက်တွေ့စစ်ဆင် ရေးများအတွင်း ဒုံးကျည်များ၊ မော်တာ ကျည်များနှင့် မောင်းသူမဲ့လေယာဉ်များ ကို ကြားဖြတ်တိုက်ခိုက်၊ဖျက်ဆီးရာတွင် ထိရောက်မှုရှိကြောင်း သက်သေပြခဲ့သည်။ Iron Beam လေဆာလက်နက်စနစ်သည် စွမ်းအားမြင့် လေဆာရောင်ခြည်ကိုအသုံး ပြု၍ အတော်များများ အကွာအဝေးမှပင် ခြိမ်းခြောက်မှုများကို ချေမှုန်းနိုင်စွမ်းရှိ မည်ဖြစ်သည်။ ထို့ပြင် ၎င်းတွင် အမြင့်ဆုံး သော တိကျမှုနှင့် ကုန်ကျစရိတ်သက်သာမှု တို့အတွက် Electro-optical ပစ်မှတ် ရှာဖွေရေးစနစ်လည်း ပါဝင်ဖွဲ့စည်းထား သည်။ Iron Beam လေဆာ လက်နက်ကို Rafael ကုမ္ပဏီက အစ္စရေးကာကွယ်ရေး ဝန်ကြီးဌာန၏ ကာကွယ်ရေး သုတေသန နှင့် ဖွံ့ဖြိုးရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်း၍ တီထွင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား တွင် အစ္စရေးကာကွယ်ရေးဝန်ကြီး Katz က ဤပေးအပ်မှုကို သမိုင်းဝင်မှတ်တိုင် တစ်ခုဟု ခေါ်ဆိုခဲ့ပြီး Iron Beam လေဆာ လက်နက်စနစ်သည် ကမ္ဘာ့ပထမဆုံး သော တိုက်ပွဲဝင်အသင့် ဖြန့်ကြက်နိုင် သည့်အဆင့်သို့ ရောက်ရှိသည့် စွမ်းအား မြင့်လေဆာစနစ် ဖြစ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။ ၎င်းက ဆက်လက်ပြီး သေးငယ်သော ပစ်မှတ်များကို တိကျစွာ နှင့် ကုန်ကျစရိတ်သက်သာစွာဖြင့် ချေမှုန်း တိုက်ခိုက်နိုင်သည့် Iron Beam လက်နက် သည် ကာကွယ်ရေးနယ်ပယ်ကို ပြောင်းလဲ ပေးနိုင်မည့် အလားအလာရှိကြောင်း အသားပေး ပြောဆိုခဲ့သေးသည်။



အစ္စရေးအနေဖြင့် နည်းပညာအသာစီး ရမှုကို ဆက်လက်တိုးတက် ကြိုးပမ်း ဆောင်ရွက်နေပြီး လေဆာကာကွယ်ရေး ကဏ္ဍတွင် နောက်ထပ်တိုးတက်မှုများကို လည်း လုပ်ဆောင်နေပြီဖြစ်ကြောင်း တာဝန်ရှိသူများက မှတ်ချက်ပြုခဲ့ကြ ကြောင်း သိရသည်။

Iron Beam ၏ နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်များ အနေဖြင့် စွမ်းအင်ပမာဏမှာ ၁၀၀ ကီလိုဝပ် အထက်၊ ထိရောက်အကွာအဝေး ၇ ကီလို မီတာထိ ဒုံးကျည်၊ မော်တာကျည်၊ မောင်း သူမဲ့လေယာဉ်များနှင့် တင့်ဖျက်ဒုံးကျည် များကို တစ်ကြိမ်ပစ်ခတ်လျှင် အမေရိကန် ဒေါ်လာ နှစ်ဒေါ်လာမှ သုံးဒေါ်လာခန့်သာ ကုန်ကျစရိတ်ဖြင့် တိုက်ခိုက်ချေမှုန်း နိုင်မည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အားရှိနေလျှင် အဆက် မပြတ် ပစ်ခတ်နိုင်မည်ဖြစ်ကာ မြေပြင် အခြေစိုက်စနစ် - ကွန်တိန်နာ သို့မဟုတ် မော်တော်ယာဉ်ပေါ်တွင် တင်ဆောင်နိုင် သည့် လေဆာလက်နက်စနစ်မျိုးဖြစ် ကြောင်း သိရသည်။

**Rafael Ships First Operational Iron Beam Laser Weapon to Israel ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**တမူး ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၂၁၅၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ မြို့သစ်မြို့နယ်တွင် ၅၂၂ ကေ၊ တမူးမြို့နယ်တွင် ကေ ၉၃၀၊ ခါမ်းပါတ်မြို့တွင် ၁၃၆၅ ကေ စုစုပေါင်း ၂၈၁၇ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ မြေပဲကေ ၂၁၅၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ၂၈၁၇ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ကေ ၄၀၀၊ တမူးမြို့နယ်တွင် ကေ ၇၀၀၊ ခါမ်းပါတ်မြို့နယ်တွင် ကေ ၁၀၅၀ စုစုပေါင်းကေ ၂၁၅၀ ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ရေဘဝဲပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရေဘဝဲပိသာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဌေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ရေဘဝဲပိသာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့်လအတွင်းက ရေဘဝဲပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို ပုံမှန် တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ရေဘဝဲပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့လတ်ဆတ်မှုနဲ့ အရွယ်အစားအလေးချိန်အပေါ် မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ ရေဘဝဲတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသဈေးကွက်တွေကိုလဲ တင်ပို့ရောင်းချနေတယ်လို့ သိရပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၇၀၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၁၅၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များ တင်ပို့အားကောင်းလာသည့်အတွက် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြိတ်မြို့နယ် ကျွဲကူးကျေးရွာ၌ ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း စစ်ဆေး

**မြိတ် ဇန်နဝါရီ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျွဲကူးကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျွဲကူးကျေးရွာ၌ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကျွဲကူးကျေးရွာ၌ လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ခုနစ်လက်မရှိ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၄၂ ဒသမ ၉၅၇ သန်းဖြင့် Min Thet Lay ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဇွန် ၂၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျွဲကူးကျေးရွာမှ ထွက်ရှိမည့် လယ်ယာထွက်ကုန်များ ဈေးကွက်သို့အချိန်တိုအတွင်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုညို**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ပုသိမ်မြို့နယ် ဖုန်းဆိုးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး



**ပုသိမ် ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သဇင်ကျေးရွာအုပ်စု ဖုန်းဆိုးကြီးကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာမြင့်က စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားကာ ဖုန်းဆိုးကြီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၄၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖုန်းဆိုးကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၈၀ အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။




# စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များစီမံဆောင်ရွက်ပေးရန် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန၏ နမ့်လတ်ဥယျာဉ်ခြံသို့ သွားရောက်ပြီး ဒေသ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ စိုက်ပျိုးနည်းပညာပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနခြံက ထုတ်လုပ်ပေးလိုက်သည့် သီးနှံပျိုးပင်များ၊ မျိုးများ၏ သက်တမ်းအလိုက်၊ ရာသီအလိုက် အသီးထွက်ရှိမှုနှင့် စားသုံးမှုအရည်အသွေးအပေါ် နည်းပညာအရ အာမခံချက်ပေးနိုင်ရေးအလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စတင်စိုက်ပျိုးသည်မှသီးနှံစတင်ဆွတ်ခူးနိုင်သည်ထိ ပြုစုရမည့် နည်းပညာများ၊ စီးပွားဖြစ် ဆွတ်ခူးထုတ်လုပ်သည်မှ ကာလအလိုက်အကျိုးအမြတ်ဖြစ်ထွန်းနိုင်မှု၊ အရင်းကျေကာလနှင့် စီးပွားဖြစ်ထုတ်လုပ်မှုသက်တမ်းကို တောင်သူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ မေးမြန်းဆွေးနွေးမှုအပေါ် စနစ်တကျရှင်းလင်းတင်ပြနိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နမ့်လတ်ဥယျာဉ်ခြံအတွင်း စိုက်ပျိုးထားသောသီးနှံပင်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ရပ်စောက်မြို့နယ် မကျီးကုန်းကျေးရွာအုပ်စု ကြာအင်းကျေးရွာရှိ Unique Lawksawk Mango Public Co., Ltd ၏ သရက်သီးသန့်စင်ထုပ်ပိုးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးရာ ကုမ္ပဏီ၏ ဒါရိုက်တာနှင့်မြို့နယ်သရက်သီးအသင်းဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဒေသတွင်းတောင်သူများအားလုံး ညီညွတ်စွာပါဝင်ဆောင်ရွက်မှု၊ လုပ်ငန်းဆိုင်ရာဖြည့်ဆည်းပေးရန် အချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ သရက်သီးစိုက် တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ သရက်သီးအပြင် အခြားဈေးကွက်ဝင်သီးနှံများကိုပါ အဆင့်မီထုပ်ပိုးဈေးကွက်တိုးချဲ့ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စက်မှုဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုများ၏ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

စက်မှုဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုများ၏ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအကြီးအကဲများနှင့် ဝန်ထမ်းများအားလုံး အတူတကွ ရင်းနှီးစွာတွေ့ဆုံခြင်း၊ မိတ်ဆုံစားခြင်းအားဖြင့် အချင်းချင်းအထက်အောက်မခွဲခြားဘဲ ချစ်ခင်ရင်းနှီးမှုကိုရရှိစေပြီး လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ဖိစီးနေသည့် စိတ်တင်းကျပ်မှုများကိုလည်း ပြေလျော့စေမည်ဖြစ်ကြောင်း၊ နှစ်သစ်ကူးချိန်တွင် ဝန်ထမ်းများအနေဖြင့် ကျရာတာဝန်များကို ထမ်းဆောင်ရင်းရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် တွေ့ကြုံရမည့်အခက်အခဲများကို ညီညီညွတ်ညွတ်ဖြင့် ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နှစ်သစ်တွင် စိတ်သစ်လူသစ်၊ ခွန်အားသစ်များနှင့် ဌာန၏ လုပ်ငန်းတာဝန်များ၊ မိသားစုတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများကံစမ်းမဲ ဖွင့်ဖောက်ပေးအပ်နေမှုအခြေအနေတို့ကို အားပေးကြည့်ရှု၍ ဆုလက်ဆောင်များကို ပေးအပ်ပြီး ဝန်ထမ်းများနှင့်အတူတကွ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်လွန်ကတ္တရာလမ်းသစ်များဖွင့်ပွဲပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၁

၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၆၈ လမ်း ၁၃၉ လမ်းမှ ၁၄၃ လမ်းထိ၊ အမရပူရမြို့နယ် စွယ်တော်ဘုရားလမ်း ၆၈ လမ်းမှ ရန်ကုန်-မန္တလေးလမ်းထိ နိုင်လွန်ကတ္တရာလမ်းသစ်များဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ် ၆၈ လမ်း ၁၃၉ လမ်းနှင့် လမ်း ၁၄၀ ကြား၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက လမ်းတည်ဆောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက လမ်းသစ်ဖွင့်လှစ်ပေးခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအမှတ်တရလက်ဆောင်များပေးအပ်ကာ ဘင်ခရာ၊ ပန်းဖွားအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လမ်းများတစ်လျှောက် လိုက်လံကြည့်ရှုကြသည်။

ယခုဖွင့်လှစ်လိုက်သည့် လမ်းများသည် ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ် ထုံးဘို-မြစ်ငယ်ဖြတ်လမ်းထိ ဖြတ်သန်းသွားလာနိုင်သော တောင်၊ မြောက်နှစ်လမ်းသွားလမ်းဖြစ်ပြီး ၆၈ လမ်း-ထုံးဘို-မြစ်ငယ်ဖြတ်လမ်းမှတစ်ဆင့် ပြင်ဦးလွင်မြို့သို့ သွားလာနိုင်သည့် လမ်းလည်းဖြစ်ကြောင်း၊ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း တည်ရှိသည့်အတွက် ကုန်စည်စီးဆင်းမှု လွယ်ကူစေမည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန် အထောက်အကူပြုသည့် လမ်းလည်းဖြစ်ကြောင်းနှင့် စွယ်တော်ဘုရားလမ်း (၆၈လမ်းမှ ရန်ကုန်-မန္တလေးလမ်းထိ) ကို နိုင်လွန်ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့သည့်အတွက် စွယ်တော်ဘုရားဝင်းအတွင်း ဘုရားဖူးလာပြည်သူများ စိတ်ချမ်းမြေ့စွာသွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများဂုဏ်ပြုပွဲနှင့် နှစ်သစ်ကူးညစာစားပွဲကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁**

စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ ပြည့် ပတ္တမြားရတု အထိမ်းအမှတ်အခမ်းအနား၊ သန်လျင်ရေနံချက်စက်ရုံရာပြည့်အခမ်းအနားနှင့်စွမ်းအင်ပြတိုက်ဖွင့်ပွဲတို့ကို အောင်မြင်စွာကျင်းပခဲ့သည့်အတွက် ဝန်ထမ်းများဂုဏ်ပြုပွဲနှင့် နှစ်သစ်ကူးညစာစားပွဲကို ယမန်နေ့ညနေပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရေနံ့သာခန်းမအပေါ်ထပ်တွင် ကျင်းပသည်။

ဂုဏ်ပြုပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြပြီး ရေနံမြေ၊ စက်ရုံများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးခွဲများရှိ အရာထမ်း၊ အမှုထမ်းများက Video Conferencing ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း မိမိတို့လုပ်ငန်းတာဝန်များကို ကျရာအခန်းကဏ္ဍမှ ကြိုးကြိုးစားစားဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ လာမည့် ၂၀၂၆ခုနှစ်မှ နောင်နှစ်များစွာ နိုင်ငံတော်၏စွမ်းအင်ကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ ၂၀၂၅ ခုနှစ်သည် စွမ်းအင်ဝန်ကြီးဌာန၏ နှစ် ၄၀ ပြည့် ပတ္တမြားရတုကျရောက်သည့်နှစ်တစ်နှစ်ဖြစ်သကဲ့သို့သန်လျင်ရေနံချက်စက်ရုံ၏ နှစ် ၁၀၀ ပြည့်မြောက်သည့်နှစ်ဖြစ်သည့်အတွက် ဂုဏ်ပြုသောအားဖြင့် စွမ်းအင်ပြတိုက်ကိုအောင်မြင်ခမ်းနားစွာဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ အခမ်းအနားကို အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့သည့်အတွက် အမြဲတမ်းအတွင်းဝန်နှင့် အဘက်ဘက်မှ ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ဝန်ထမ်းများကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း။

"2025, the Year of Myanmar Energy" ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ အောင်မြင်မှုများအနေဖြင့် အလားအလာကောင်းသည့် ရေနံမြေသစ်များရှာဖွေနိုင်ခဲ့ခြင်း၊ သက်တမ်းရင့်ရေနံမြေများရှိ ပါးလွှာသဲကြောများတွင် ခေတ်မီနည်းပညာအသုံးပြု၍ လေ့လာသုတေသနပြုလုပ်ပြီး ဆောင်ရွက်ခဲ့ရာမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ခြင်း၊ "ပြည်သူလူထု၏ သယံဇာတအားပြည်သူလူထုထံသို့"ဆောင်ပုဒ်နှင့်အညီ ပြည်တွင်းထုတ် RON 68နှင့် RON 77 ဓာတ်ဆီတို့ကို ချိုသာသောဈေးနှုန်းဖြင့် သုံးစွဲသူပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးနိုင်ခြင်း၊ နိုင်ငံအတွက်လိုအပ်သည့် ရေနံထွက်ပစ္စည်းများကို ပြည်တွင်းတွင် ကိုယ်တိုင်ချက်လုပ်သုံးစွဲနိုင်မည့် သန်လျင်ရေနံချက်စက်ရုံဝင်းအတွင်း တစ်နှစ်လျှင်ရေနံစိမ်းတန်ချိန် ငါးသိန်းချက်လုပ်နိုင်သော ရေနံချက်စက်ရုံကိုပထမအဆင့်အနေဖြင့် တည်ဆောက်နိုင်ခြင်း၊ ဒုတိယအဆင့်အနေဖြင့်လည်း တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် သုံးသန်းချက်လုပ်နိုင်သော ရေနံချက်စက်ရုံတည်ဆောက်နိုင်ရေးစီမံဆောင်ရွက်နိုင်ခဲ့ခြင်း၊ သက်တမ်းရင့်ရေနံမြေများတွင် ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ရေနံအထွက်တိုးရေးပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းများသည် ၂၀၂၅ ခုနှစ်၏ အောင်မြင်မှုရလဒ်များဖြစ်ပါကြောင်း၊ နောင်နှစ်များတွင်လည်း ယခုနှစ်အောင်မြင်မှုများ၏အားကိုရယူပြီး ပိုမိုတိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများကို နှစ်သစ်ကူးအကြိုကံစမ်းမဲဖောက်ပေးပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုဆုများပေးအပ်ချီးမြှင့်၍ နှစ် ၄၀ ပြည့် ပတ္တမြားရတု အထိမ်းအမှတ်အခမ်းအနား၊ သန်လျင်ရေနံချက်စက်ရုံရာပြည့်အခမ်းအနားနှင့် စွမ်းအင်ပြတိုက်ဖွင့်ပွဲအခမ်းအနားတို့ကိုအောင်မြင်စွာကျင်းပနိုင်ရေးဦးစီးဆောင်ရွက်နိုင်ခဲ့သည့် အမြဲတမ်းအတွင်းဝန်ကို ဆုချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ ပြည့် ပတ္တမြားရတုအထိမ်းအမှတ်အခမ်းအနား၊ သန်လျင်ရေနံချက်စက်ရုံရာပြည့်အခမ်းအနားနှင့် စွမ်းအင်ပြတိုက်ဖွင့်ပွဲအခမ်းအနားတို့တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ဝန်ထမ်းများကို နှစ်သစ်ကူးဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း နေပြည်တော် ပျဉ်းမနားမြို့ မီးဘေးသင့်ပြည်သူများသို့ ကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့နှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက် ရန်နိုင်ရပ်နယ်မြေ (၁၆) မီးဘေးသင့်ပြည်သူများကို သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မီးဘေးသင့် အိမ်ထောင်စု ၆၀၊ လူဦးရေ ၃၀၈ ဦးအတွက် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သောဆန်ရိက္ခာဖိုး၊ အိမ်ပျက်စီးမှုထောက်ပံ့ကြေး၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ ရေသန့်နှင့်ခေါက်ဆွဲခြောက်ထုပ်များ၊ စုစုပေါင်းငွေကျပ် ၂၅၇ သိန်းခန့်တန်ဖိုးရှိ ငွေနှင့်ပစ္စည်းများကို အိမ်ထောင်စုအလိုက်၊ လူဦးရေအလိုက် ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆောင်းရာသီကာလ အေးချမ်းသောရာသီဖြစ်၍ ဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့အနေဖြင့် မီးဘေးသင့်ပြည်သူများ နွေးထွေးစွာအိပ်စက်နိုင်ရေးအတွက် မြေယာခင်းများ၊ စောင်များအစရှိသည့်အိပ်ရာပစ္စည်းများကို ချက်ချင်းစီစဉ်ပေးခဲ့ပါကြောင်း၊ ယခုလည်းစခန်း၌ နေထိုင်စဉ်ကာလ နေ့စဉ်စားသောက်ရေးကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ တာဝန်ရှိသူများက စနစ်တကျစီစဉ်ပေးလျက်ရှိပါကြောင်း၊ မီးဘေးသင့်ပြည်သူများအနေဖြင့်လည်း နေထိုင်စားသောက်ရေး၊ သန့်ရှင်းသော အစားအစာနှင့် သောက်သုံးရေစနစ်တကျသုံးစွဲရေးတို့အတွက် တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းလုပ်ဆောင်နေထိုင်နိုင်ရေးတို့ကိုအားပေးမှာကြားကာ မီးလောင်မှုဖြစ်ပွားရာ ရန်အောင်(၂)ရပ်ကွက် ရန်နိုင်ရပ်နယ်မြေ (၁၆) မီးလောင်ပြင်သို့သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**




# စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသောစာပေလောက၏ဂုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခုအောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ်(RC)အဆောက်အအုံ တည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက်စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့အသုံးအဆောင်ပစ္စည်းများခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ဓာတ်ပုံ၊လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့်စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့်စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့်ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကိုလှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁ - ၂၂ လမ်းကြား ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

**(သတင်းစဉ်)**



ရှေ့ဖုံးမှအဆက်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပန်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက ပန်းပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့နှင့် တိုင်းရင်းသား ရိုးရာအကအဖွဲ့များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ဘင်ခရာ၊ ပန်းဖွား အကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာ အက အဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပန်းခြံအတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၁၅ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၁၅ နှစ်မြောက်တိုင်းနှစ်ပတ်လည်နေ့ကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားပြီး တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြတပ်ခွဲများက စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့က စစ်သီချင်း၊ မြန်မာသံစဉ်သီချင်းများနှင့် စွမ်းရည်ပြသတီးခတ်ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များ၊ အိမ်ထောင်သည်လိုင်းခန်း သန့်ရှင်းရေးဆုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆုရရှိသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြသည်။ ၎င်းနောက် ညပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် နိဗ္ဗာန်ဈေးပွဲတော်နှင့် ဂုဏ်ပြုညစာစားပွဲ ဆက်လက်ကျင်းပရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက တေးသီချင်းများ၊ အကအလှပဒေသာများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးစဉ်။

☆ **ကျောဖုံးမှအဆက်**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို ၃၉ မှတ် တစ်မှတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၄၀ အမှတ် နှစ်မှတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ၁၈ မှတ် လေးမှတ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို ၃၃ မှတ် သုံးမှတ်ဖြင့်လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက အမျိုးသား စီမံကိန်းဝန်ကြီးဌာနအသင်းကို ၁၆ မှတ်ပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

အလားတူ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲအမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေး



နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ထို့နောက် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲအမျိုးသားပြိုင်ပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ဇန်နဝါရီ ၂ ရက် နံနက် ၇ နာရီမှစတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုးအမျိုးသမီးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းတို့က ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ထို့အတူ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ နံနက် ၈ နာရီမှစတင်ကာ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲအမျိုးသမီးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနအသင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ လွန်ဆွဲအမျိုးသားပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## သတင်းထုတ်ပြန်ချက်

၃၁ - ၁၂ - ၂၀၂၅

ယခုလက်ရှိ တင်းမာမှုများဖြစ်ပွားနေသည့် ထိုင်ဝမ်ပြဿနာ(Taiwan Question) နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ သဘောထားရပ်တည်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ပေါ်ပေါက်လာစဉ်ကတည်းက တရုတ်နိုင်ငံ၏ လွတ်လပ်ရေးကို အစောဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံဖြစ်ပြီး တရုတ်တစ်နိုင်ငံတည်းမူဝါဒ(One China Policy) အပေါ် အစဉ်တစိုက် ရပ်တည်ထောက်ခံခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်အချင်းချင်း တွေ့ဆုံစဉ်၌လည်း ထပ်လောင်းအတည်ပြုပြီးဖြစ်သည်။ တရုတ်နိုင်ငံ၏ ထိုင်ဝမ်နှင့်ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးရည်ရွယ်ချက်ကိုလည်း ထောက်ခံရပ်တည်လျက်ရှိသည်။

(ခ) မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို သဘောတူလိုက်နာနေသည့် နိုင်ငံများဖြစ်သည်နှင့်အညီ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာကို လေးစားကြသည်။ ၎င်းအတွက် ကြိုးပမ်းမှုများကိုလည်း အလေးထားသည်။

(ဂ) တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက လေးစားမှုပြုရေးမူဝါဒအရလည်း ထိုင်ဝမ်ပြဿနာ(Taiwan Question) သည် တရုတ်၏ ပြည်တွင်းရေးပင်ဖြစ်ပြီး ထိုင်ဝမ်သည် တရုတ်၏ ခွဲခြမ်းစိတ်ဖြာ၍မရသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုသည်။ ခွဲထွက်ရေးလှုပ်ရှားမှုများသည် ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေနိုင်သဖြင့် ၎င်းလှုပ်ရှားမှုကို အသိအမှတ် မပြုပါ။ ပဋိပက္ခဖြစ်ပွားမှုများကို မြင့်တက်စေမည့် မည်သည့်အားပေးမှုကိုမဆို ထိန်းသိမ်းဆောင်ရွက်စေလိုပါသည်။

(ဃ) မြန်မာနိုင်ငံအနေဖြင့် တရုတ်၏ အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံ၊ မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးရှိသည့်နိုင်ငံ၊ အေးအတူပူအမျှအသိုက်အဝန်းကို အတူထူထောင်ထားသည့် နိုင်ငံအဖြစ် အစဉ်အမြဲရပ်တည်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မန္တလေးတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်



မန္တလေးတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ခရိုင်အဆင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးက လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် ပက်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပခဲ့သည့် မြို့နယ် ကိုးမြို့နယ်မှ အားနည်းချက်၊ အားသာချက်များကိုလည်းကောင်း၊ ဆက်လက်ကျင်းပမည့် ရွေးကောက်ပွဲအတွက် လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း Powerpoint ဖြင့် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် ညအပူချိန်များ (၁-၁-၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| လွိုင်လင် | ၂ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၂ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | သီပေါ | ၅ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | တီးတိန် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | လွိုင်ကော် | ၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | ပူတာအို | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## ပြည်သူများထံ အသိပေးပန်ကြားချက်

➢ အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
➢ လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည်ဖြစ်ပါကြောင်း၊
➢ အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
➢ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
➢ အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## အသိပေးနှိုးဆော်ချက်


၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၆ ရက် နံနက် ၄ နာရီတွင် အစမ်းလေ့ကျင့်ခြင်း၊ ၄-၁-၂၀၂၆ ရက် နံနက် ၄ နာရီတွင် အလံတင်အခမ်းအနား၊ နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနားနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်ထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက် ရှင်စောပုလမ်းသို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၄၉ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အမြားဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၁ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။




ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ် အဆောက်အအုံ တစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၀ လုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ ၁၁ လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၄၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင်အဆောက်အအုံ ၈၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံများကို လေအိုးမီးအိုးဖြင့် မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

၎င်းအပြင် KK park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကို ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းတစ်ပိသာလျှင် ငွေကျပ် ၆၀၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၁**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်း ဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၈ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိသာလျှင် ငွေကျပ် ၆၀၆၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏Website: www.doca.gov.mm၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အစမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ အသိပညာပေး

## တိုင်ကြားခြင်းဖြင့်မည်ကဲ့သို့သောရလဒ်များ ပေါ်ပေါက်လာနိုင်ပါသလဲ

အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား(NCM)ထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ အစမ္မခိုင်းစေမှုရှိပါက ပြည်သူများအနေဖြင့် အလွယ်တကူတိုင်ကြားနိုင်ရန်နှင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ထိရောက်စွာ အရေးယူဖြေရှင်းနိုင်ရန် ဖြစ်ပါသည်။ ဤတိုင်ကြားပုံနည်းစနစ် တည်ရှိမှုနှင့်လုပ်ငန်းဆောင်ရွက်မှုသည် အဆိုပါရည်ရွယ်ချက်ကို ရှေ့ရှု၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် သင်၏ တိုင်ကြားမှုသည် မှန်ကန်ကြောင်း စုံစမ်းပေါ်ပေါက်ပါက သင့်အနေဖြင့် တစ်နည်းတစ်ဖုံ တရားမျှတမှုနှင့် နောက်နောင် ဤသို့ထပ်မံမဖြစ်ပွားတော့ဆိုသည့် အသိအမြင်ရရှိစေခြင်း သို့မဟုတ် အစမ္မခိုင်းစေသူ၏ လုပ်ရပ်များအတွက် ထိုက်သင့်သော ပြစ်ဒဏ်ပေးပြီးဖြစ်ကြောင်း ကျေနပ်မှုရစေခြင်းတို့ကို မျှော်လင့်နိုင်ပါသည်။




## တိုင်ကြားမှုပြုလုပ်ရန် မည်သူ့ကိုဆက်သွယ်ရမည်နည်း

ပဏာမအားဖြင့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ် (သို့မဟုတ်)ခရိုင်အဆင့်ရှိ ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများထံတိုင်ကြားလျှင် သင့်လျော်မည်ဟုထင်မြင်ယူဆလျှင် ထိုသို့တိုင်ကြားမှုပြုလုပ်နိုင်ပါသည်။ အစမ္မစစ်မှုထမ်းစေခြင်း သို့မဟုတ် အသက်မပြည့်သော ကလေးသူငယ်များအား စစ်မှုထမ်းစေသောကိစ္စရပ်များတွင် စိုးရိမ်မကင်းဖြစ်မှုကိုနီးစပ်ရာ တပ်သားသစ်စုဆောင်းရေးစခန်း၊ စစ်အခြေခံလေ့ကျင့်ရေးကျောင်း သို့မဟုတ် နီးစပ်ရာတပ်စခန်းသို့ တင်ပြနိုင်ပါသည်။

အကယ်၍ အထက်ပါအကြံပြုချက်သည် သင့်အတွက် မသင့်လျော်ဟုထင်မြင်ပါက သို့မဟုတ် အဆိုပါ တိုင်ကြားမှုနှင့် စပ်လျဉ်းသော တုံ့ပြန်ဆောင်ရွက်ပေးမှုအပေါ် အားရကျေနပ်မှုမရှိပါက သက်ဆိုင်သော အချက်အလက် အထောက်အထားများဖြင့် တိုင်ကြားချက်ကို အောက်ပါအတိုင်းလိပ်မူပေးပို့နိုင်ပါသည်။

အမျိုးသားအဆင့်အစမ္မခိုင်းစေမှုဆိုင်ရာ
တိုင်ကြားမှုယန္တရား
(National Complaint Mechanism-NCM)
ဖုန်း- ၀၆၇-၃၄၃၀၀၆၀၊ ၀၆၇-၃၄၃၀၂၇၃၊
၀၆၇-၃၄၃၀၄၃၆
E-mail directorgeneral.dol@gmail.com
moloffice51@gmail.com
organizationresearch25@gmail.com

## အစမ္မခိုင်းစေမှုပပျောက်ရေး

မြန်မာနိုင်ငံတွင် အစမ္မခိုင်းစေမှုလုံးဝပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၀၇ ခုနှစ်မှစတင်၍ ILO နှင့်ပူးပေါင်း၍ တိုင်ကြားမှုယန္တရားထူထောင်ပြီး အစမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ကာ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM) မှအစမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

## အစမ္မခိုင်းစေမှုဆိုသည်မှာအဘယ်နည်း

အစမ္မခိုင်းစေမှုဆိုသည်မှာ လူတစ်ဦးတစ်ယောက်အား အလုပ်တစ်ခုကို ထိုသူမပြုလုပ်ပါက (သို့မဟုတ်) မလိုက်နာပါက တစ်စုံတစ်ရာ အပြစ်ပေးခံရမည်ဟူသော ခြိမ်းခြောက်မှုဖြင့် ထိုသူ၏ဆန္ဒမပါဘဲ ဥပဒေနှင့်ဆန့်ကျင်၍ခိုင်းစေသောအလုပ်မျိုးကိုခေါ်ပါသည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များသည် အစမ္မခိုင်းစေမှုကျင့်သုံးခြင်းကိုလည်းကောင်း၊ အသက်(၁၈)နှစ်အောက်ကလေးသူငယ်များအား တပ်မတော်အတွင်းသို့ စုဆောင်းမှုကိုလည်းကောင်းတားမြစ်ထားပါသည်။

## မည်ကဲ့သို့တိုင်ကြားနိုင်ပါသနည်း

သင်တိုင်ကြားနိုင်သော နည်းလမ်းများစွာရှိပါသည်။ အကယ်၍ အခြေအနေပေးပါက သင့်အနေနှင့်ပဏာမ တိုင်ကြားမှုကို ရပ်ကွက်/ကျေးရွာ၊ မြို့နယ်(သို့မဟုတ်) ခရိုင်အဆင့်ရှိ သင်၏ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများမှတစ်ဆင့်တိုင်ကြားနိုင်ပါသည်။ (သို့မဟုတ်) နီးစပ်ရာတပ်သားသစ်စုဆောင်းရေး စခန်းများတွင် စုံစမ်းမှုပြုလုပ်နိုင်ပါသည်။ အထက်ပါနည်းလမ်းသည် အဆင်မပြေပါက (သို့မဟုတ်) မနှစ်သက်ပါက အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM)သို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

## တိုင်ကြားမှုပြုလုပ်ရန် လုံခြုံမှုရှိပါသလား

တိုင်ကြားမှုကိုအကြောင်းပြု၍ တိုင်ကြားသူများ၊ တိုင်ကြားမှုနှင့် ဆက်နွယ်နေသူများနှင့် အစမ္မခိုင်းစေခံရသူများအား အနှောင့်အယှက်ပေးခြင်း၊ တရားစွဲဆိုခြင်း၊ တန်ပြန်အရေးယူခြင်းတို့ကို NCM မှ အကာအကွယ်ပေးထားပါသည်။ NCM သည်တန်ပြန်အရေးယူခြင်းမရှိသည်ကိုမှန်ကန်ကြောင်း အတည်ပြုရန်အလို့ငှာ အစမ္မခိုင်းစေခံရသူများ၊ တိုင်ကြားသူ(များ)၊ သူ/သူမ၏ကိုယ်စားလှယ် (များ) (သို့မဟုတ်) အခြားသော သက်ဆိုင်ရာပုဂ္ဂိုလ်(များ)နှင့် လွတ်လပ်စွာနှင့်လျှို့ဝှက်စွာဆက်သွယ်ခွင့်ရှိပါသည်။

## မည်သူတို့က တိုင်ကြားနိုင်ပါသနည်း

မြန်မာနိုင်ငံတွင် နေထိုင်သူ တစ်ဦးဖြစ်သည့် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးမှတိုင်ကြားနိုင်ပါသည်-

၁။ အစမ္မခိုင်းစေခံရသူ (သို့မဟုတ်)
၂။ အစမ္မခိုင်းစေခံရသူ၏ ဆွေမျိုးသားချင်း (သို့မဟုတ်)
၃။ အခြားသက်ဆိုင်သောပုဂ္ဂိုလ်

## တိုင်ကြားမှုသည် လျှို့ဝှက်လုံခြုံမှုရှိပါသလား

တိုင်ကြားမှုတစ်ခုအား ပြုလုပ်သည့်အချိန်တွင် သင့်အနေဖြင့် သင်သည်မည်သူဖြစ်သည်ကို အသေးစိတ်ဖော်ပြရမည်။ သို့ရာတွင်သင်၏ တောင်းဆိုချက်အရ NCM မှ သင်မည်သူဆိုသည်ကို လျှို့ဝှက်ထားနိုင်ပါသည်။ စုံစမ်းစစ်ဆေးမှု အောင်မြင်အဆင်ပြေရန် အလို့ငှာဖြစ်နိုင်ပါက အစမ္မခိုင်းစေသူသည် မည်သူဖြစ်ကြောင်း ဖွင့်ဟပြောပြသင့်ပါသည်။

ထွက်ဆိုချက်များနှင့် အခြားသက်ဆိုင်သော အထောက်အထား စာရွက်စာတမ်းများ (ရှိခဲ့လျှင်)ကို ဓမ္မဓိဋ္ဌာန်ကျစွာ စစ်ဆေးသွားမည့်အပြင် လျှို့ဝှက်ထားရှိမှုနှင့် စပ်လျဉ်းသည့် စိုးရိမ်မကင်းဖြစ်မှုများအား ပပျောက်သွားသည်အထိ တိုင်ကြားချက်မပြုလုပ်မီရှင်းပြသွားမည်ဖြစ်ပါသည်။

## တိုင်ကြားပုံနည်းစနစ်အရ မည်သို့ဆောင်ရွက်သနည်း

တိုင်ကြားမှုတစ်ခုကို လက်ခံရရှိသည့်အခါ တင်ပြထားသော အချက်အလက်များအား ဓမ္မဓိဋ္ဌာန်ကျသော အကဲဖြတ်မှုတစ်စုံတစ်ရာ မပြီးဆုံးမီ အသေးစိတ်အချက်အလက်များအားရှင်းလင်းစေရန် လိုအပ်ပါက NCM မှ တိုင်ကြားသူနှင့် တွေ့ဆုံမှုပြုလုပ်ရန် စီစဉ်ရမည် (သို့မဟုတ်) သင့်လျော်ပါက တိုင်ကြားမှုပြုလုပ်သည့် ဒေသသို့ သွားရောက်၍ ဆန်းစစ်မှုပြုလုပ်ရမည်။

တိုင်ကြားမှုတစ်ခုအား လက်ခံရရှိသည့်အခါ NCM ရုံးအဖွဲ့သည် အချက်အလက်များမှန်ကန်မှု ရှိမရှိစိစစ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့်သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။



# ဖီဂျီနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်



**ဆူဗာ ဇန်နဝါရီ ၁**

ဖီဂျီနိုင်ငံတွင် ဒီဇင်ဘာ ၃၀ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး မိုးရေချိန်မြင့်မားသည့်အတွက် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသောကြောင့် Fiji Meteorological Service က ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း ဒီဇင်ဘာ ၃၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဖီဂျီနိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးသည်းထန်စွာရွာသွန်းနေခြင်းဖြစ်ပြီး ကုန်းနိမ့်ပိုင်းတချို့တွင် ရေကြီးရေလျှံမှုစတင်နေပြီဖြစ်ကြောင်း၊ မိုးရေချိန်ဆက်လက်မြင့်တက်လာဖွယ်ရှိနေပြီး အချိန်တိုအတွင်း အန္တရာယ်ရှိသည့်ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်ကြောင်း၊ ကုန်းနိမ့်ပိုင်းတွင်ရှိသည့် လမ်းတံတားတချို့ ရေလွှမ်းနေပြီး လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေပြီဖြစ်သော်လည်း ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုမရှိသေးဘဲ ကုန်းနိမ့်ပိုင်းမှ ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးထားကြောင်း Fiji Meteorological Service က ထုတ်ပြန်ခဲ့သည်။

"ဒီဇင်ဘာ ၃၀ ရက်က စတင်ပြီးတော့ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ကုန်းနိမ့်ပိုင်း ဒေသတချို့မှာ ရေကြီးရေလျှံမှုဖြစ်ပေါ်နေတာဖြစ်ပါတယ်။ ကုန်းနိမ့်ပိုင်းက လမ်းတံတားတချို့ ရေလွှမ်းနေပြီးတော့ ဒေသခံတချို့ကိုတော့ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားရပါတယ်။ ရေလွှမ်းနေတဲ့ လမ်းတံတားတွေကိုတော့ ယာယီပိတ်ထားပါတယ်"ဟု အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဖီဂျီနိုင်ငံသည် ရေပတ်လည်ဝန်းရံနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် မိုးရွာသွန်းတိုင်း ရေကြီးရေလျှံမှု ပြဿနာဖြင့် ရင်ဆိုင်ရလေ့ရှိပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိသော်လည်း ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုမျိုးမရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# အာဖဂန်နစ္စတန်နိုင်ငံ ဖာရာပြည်နယ်တွင် မိုးရွာသွန်းပြီး ရုတ်တရက်ရေကြီးမှုကြောင့် အိမ်ထောင်စု ၁၅၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်နေ

**ကဘူးလ် ဇန်နဝါရီ ၁**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဖာရာပြည်နယ်တွင် ဒီဇင်ဘာ ၃၀ ရက်ညက မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက် ရေကြီးမှုကြောင့် အိမ်ထောင်စု ၁၅၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်နေကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့၏ ပြည်နယ်ညွှန်ကြားရေးမှူး မိုဟာမက် အစ္စရေးဆာယာက ဒီဇင်ဘာ ၃၁ ရက်တွင် ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် လူတစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့ပြင် ပျောက်ဆုံးနေသူများလည်းရှိပြီး အရေအတွက်ကို စိစစ်ဆဲဖြစ်ကြောင်း၊ အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့သည့် အိမ်ထောင်စု ၁၅၀၀ ကျော်အတွက် ယာယီတဲများ၊ အစားအသောက်များ၊ ဆေးဝါး၊ စောင်၊ အဝတ်အစားများကဲ့သို့သော လိုအပ်သည့် ပစ္စည်းများကိုပံ့ပိုးရန် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ မြို့တော်ကဘူးလ်တွင် မိုးသည်းထန်စွာ ရွာသွန်းနေသော်လည်း နိုင်ငံ၏အချို့ဒေသများတွင် ဆီးနှင်းကျဆင်းမှုများ ဖြစ်ပေါ်နေကြောင်း၊ ထိုသို့ ဆီးနှင်းကျဆင်းမှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် အစိုးရနှင့် အရပ်ဘက် ကယ်ဆယ်ရေးအဖွဲ့များ၊ အကူအညီပေးရေးအဖွဲ့များ သွားလာရေး အခက်အခဲများဖြစ်ပေါ်နေကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် မိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ လာမည့်ရက်များ၌ နိုင်ငံ၏အစိတ်အပိုင်းတချို့တွင် မိုးပိုမိုရွာသွန်းခြင်းနှင့် ဆီးနှင်းများထူထပ်စွာကျဆင်းခြင်းတို့ဖြစ်လာနိုင်သဖြင့် ပြည်သူများကို သဘာဝဘေးများအတွက် ကြိုတင်ပြင်ဆင်ပြီး သတိပြုနေထိုင်ကြပါရန် အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အမေရိကန်နိုင်ငံ တောင်ကယ်လီဖိုးနီးယားပြည်နယ် Mount Baldy တောင်တန်းဒေသတွင် နှင်းတောင်ပြိုကျကာ လေပြင်းတိုက်ခတ်နေသဖြင့် တောင်တက်ခရီးများ ယာယီပိတ်ထား

**ဝါရှင်တန် ဇန်နဝါရီ ၁**

အမေရိကန်နိုင်ငံ တောင်ကယ်လီဖိုးနီးယား ပြည်နယ်ရှိ အမြင့်ဆုံး တောင်ထိပ်များထဲမှ တစ်ခုဖြစ်သည့် Mount Baldy တောင်တန်းဒေသတွင် နှင်းတောင်ပြိုကျကာ လေပြင်းတိုက်ခတ်နေသဖြင့် တောင်တက်ခရီးများယာယီပိတ်ထားကြောင်း ဒီဇင်ဘာ ၃၁ ရက် သတင်းများအရ သိရသည်။



အမေရိကန်နိုင်ငံ တောင်ကယ်လီဖိုးနီးယားပြည်နယ်ရှိ Mount Baldy တောင်တန်းဒေသတွင် နှင်းတောင်ပြိုကျကာ လေပြင်းတိုက်ခတ်ခဲ့သည့်အတွက် တောင်တက်သမားတစ်ဦး တောင်အောက်သို့ ပြုတ်ကျခဲ့ကြောင်း၊ ဆန်ဘာနာဒီနိုနှင့် လော့စ်အိန်ဂျလိစ်ခရိုင်များမှ အရေးပေါ်အဖွဲ့များသည် တောင်ကြောတစ်လျှောက်ကို မြေပြင်နှင့်လေကြောင်းမှ ရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၃၁ ရက်တွင် ပြုတ်ကျခဲ့သည့် တောင်တက်သမား၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ Mount Baldy တောင်ထိပ်အမြင့်သည် ၃၀၆၈ မီတာရှိပြီး Greater Los Angeles မြို့ပြဧရိယာတွင် အမြင့်ဆုံးနေရာဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# သဘာဝဘေးအန္တရာယ်ကြောင့် နီပေါနိုင်ငံတွင် ဆောက်လုပ်နေသည့် ဆိပ်ကမ်းစီမံကိန်းကို ရပ်ဆိုင်းခဲ့ရ

**ခတ္တမန္ဒူ ဇန်နဝါရီ ၁**

တရုတ်အစိုးရ အနေဖြင့် သဘာဝဘေးအန္တရာယ်များကြောင့် နီပေါနိုင်ငံတွင် ဆောက်လုပ်နေသည့် ဆိပ်ကမ်းစီမံကိန်းကို အပြီးသတ်တည်ဆောက်သွားရန် ခက်ခဲနေသည့်အတွက် ရပ်ဆိုင်းခဲ့ရကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ဒီဇင်ဘာ ၃၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

တရုတ်အစိုးရအနေဖြင့် နီပေါနိုင်ငံ မြောက်ဘက်ပိုင်းနယ်စပ်ဒေသတွင် ဆိပ်ကမ်းတည်ဆောက်သည့် စီမံကိန်းကို ၂၀၁၉ ခုနှစ်ကတည်းက စတင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းကို အပြီးသတ်ရပ်ဆိုင်းရန်အတွက် တရုတ်အာဏာပိုင်အဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် Nepal Intermodal Transport Development Board ဘုတ်အဖွဲ့မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကာ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"တရုတ်အစိုးရအနေနဲ့ နီပေါနိုင်ငံခြားရေး ဝန်ကြီးဌာနကို ဆိပ်ကမ်းစီမံကိန်းနဲ့ ပတ်သက်ပြီးတော့ အပြီးသတ်ရပ်ဆိုင်းချင်တဲ့အကြောင်းကို ပြီးခဲ့တဲ့သုံးလလောက်ကတည်းက အသိပေးအကြောင်းကြားစာ ပေးပို့လာပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လက ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုကြောင့် တည်ဆောက်ပြီး အဆောက်အအုံနဲ့ တည်ဆောက်ဆဲ အဆောက်အအုံတွေ ပျက်စီးသွားခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်နဲ့ မကြာခဏရင်ဆိုင်နေရတဲ့ နေရာဖြစ်တဲ့အတွက်ကြောင့်လဲ ဒီစီမံကိန်းတည်ဆောက်ပြီးသွားရင်တောင် အန္တရာယ်ရှိနိုင်ပါတယ်။ ဒါကြောင့် တွေ့ဆုံဆွေးနွေးပြီးတော့ အခုလိုဆုံးဖြတ်တာ ဖြစ်ပါတယ်" ဟု Nepal Intermodal Transport Development Board ဘုတ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂါဂျူရယ်လ်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ကနေဒါနိုင်ငံ မန်နီတိုဘာပြည်နယ်တွင် မိုးခေါင်ရေရှားပါးမှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**အော့တဝါ ဇန်နဝါရီ ၁**

ကနေဒါနိုင်ငံ မန်နီတိုဘာပြည်နယ်တွင် မိုးခေါင်မှုနှုန်းမြင့်တက်လာသည့်အတွက် မန်နီတိုဘာ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှု ကျဆင်းနေပြီး မိုးခေါင်ရေရှားမှု အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း မန်နီတိုဘာ ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ဒီဇင်ဘာ ၃၁ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

မိုးခေါင်မှုနှုန်းသည် ၂၀၂၆ ခုနှစ် ယနေ့မှစ၍ ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိနေပြီး ရေအားလျှပ်စစ်ထုတ်လုပ်မှု ဆက်လက်ကျဆင်းလာနိုင်၍ ပြည်သူများထံသို့ ရေအားလျှပ်စစ်လုံလောက်စွာပေးဝေနိုင်ရေးအတွက် နည်းလမ်းတစ်ခုကို စဉ်းစားသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မီတာခကိုလည်း တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ပြီး မိုးရွာသွန်းမှုအပေါ်မူတည်၍ မီတာခအပြောင်းအလဲကို သတ်မှတ်ပေးသွားမည် ဖြစ်ကြောင်း ကနေဒါ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ကနေဒါနိုင်ငံ မန်နီတိုဘာပြည်နယ်မှာ မိုးခေါင်မှုနှုန်းတွေ ဆက်လက် မြင့်တက်နိုင်တဲ့အတွက် မိုးခေါင်မှု အရေးပေါ်အခြေအနေ သတ်မှတ်လိုက်ပါတယ်။ မိုးခေါင်မှုကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု ကျဆင်းလာပြီး ရေအားလျှပ်စစ်ဖြန့်ဝေပေးနိုင်မှုလဲ သိသိသာသာ ကျဆင်းနေပါတယ်။ ဒါကြောင့် ရေအားလျှပ်စစ်ရဲ့ မီတာခတွေ တိုးမြှင့်ကောက်ခံသွားပါမယ်။ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပိုင်းက ဘဏ္ဍာရေးကဏ္ဍတွေ အကျပ်အတည်း ဖြစ်လာနိုင်လို့ မီတာခတွေ တိုးမြှင့်ကောက်ခံသွားဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်"ဟု မန်နီတိုဘာပြည်နယ် လျှပ်စစ်စွမ်းအင် ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# အဆင့်အတန်း

## ချစ်သက်(မြန်မာစာ)



(၁)

မိုးရာသီကုန်ဆုံးပြီဖြစ်သောကြောင့် မြောက်လေပြည်တိုက်ခတ်လာလေသည်။ စိုစွတ်သောရာသီမှသည် ခြောက်သွေ့သောရာသီသို့ ကူးပြောင်းလာလေပြီ။ ရာသီဥတုများမည်ကဲ့သို့ ပြောင်းလဲပါစေ အရိုး၏ အလုပ်မှာ ပုံမှန်အတိုင်း လည်ပတ်လျက်ရှိလေသည်။ အရိုးသည် အငွေ့တထောင်းထောင်းထွက်နေသော အမှိုက်ပုံကြီးကို ငေးမောစွာကြည့်နေလေသည်။ ပြေးလွှားနေသော ကြွက်ကလေးများကိုကြည့်နေသည်။ တအာအာ အော်နေသော ကျီးကန်းများကို ကြည့်နေသည်။ အရိုးမနက်စောစော အမှိုက်ပုံကြီးဆီကို လာသည်။ ညနေရောက်လျှင် အမှိုက်ပုံကြီးကို နှုတ်ဆက်ပြီးမှ အိမ်သို့ပြန်သည်။ အရိုး၏ စိတ်ထဲတွင် အမှိုက်ပုံကြီးက သူ၏မိသားစုစားရေးသောက်ရေးကို ဖြေရှင်းပေးသည်။ ကျေးဇူးရှင်ဟု ထင်မှတ်ထားသည်။ အမှိုက်ပုံဆီသို့ လာရသည်မှာ သူ့အတွက် စိတ်ချမ်းသာရာ တစ်ခုပင်ဖြစ်သည်။ အရိုးတွင် မွေးချင်းသုံးယောက်ရှိသည်။ အမေတူအဖေကွဲ မောင်နှမများပင်ဖြစ်သည်။ အမေဖြစ်သူ၏ မေတ္တာကို မရသကဲ့သို့ ပထွေးဖြစ်သူ၏ အဆဲအဆိုကိုလည်း အမြဲခံရသူဖြစ်သည်။ အရိုးသည် အမေဖြစ်သူနှင့်ပထွေးဖြစ်သူ၏ မေတ္တာကို မရသော်လည်း သူ၏ညီနှင့်ညီမလေးကို ချစ်သည်။ ပထွေးက အရက်သမား၊ အမေက လောင်းကစားသမားဖြစ်သည်။ ထို့ကြောင့် သူသည် ညီလေးနှင့်ညီမလေးကို ဂရုစိုက်သည်။ အချစ်ပိုခဲ့သည်။ တစ်အိမ်ဝင်၊ တစ်အိမ်ထွက် အမှိုက်များကို ယူ၍ အမှိုက်ပုံသို့ပစ်ပေးရသည်။ အိမ်ရှင်များကပေးသော သဒ္ဓါကြေးကို ယူသည်။ အမှိုက်ပစ်၍ ရလာသောပိုက်ဆံကို အမေနှင့်ပထွေးကို ပေးရသည်။ အရိုးသည် သူရသောဘဝနှင့် သူ့အလုပ်ကို ဂုဏ်ယူသည်။ ကျေနပ်သောသူလည်းဖြစ်သည်။

(၂)

"အောင်ကျော် ကျွန်မ ဒီကလေးကို မမွေးနိုင်ဘူးတော်။ လက်လုပ်မှ ပါးစပ်လုပ်ရတဲ့ ကျွန်မတို့ဘဝတွေထဲ သူ့ကိုဆွဲမခေါ်ချင်ဘူး။ ရှင်လဲ ဝင်ငွေရှာနိုင်တာမဟုတ်ဘူး။ ရှင်ရောဂါနဲ့ရှင်"

အောင်ကျော် ဇနီးဖြစ်သူရင်စိန်၏ စကားကို တည်ငြိမ်အေးဆေးစွာ နားထောင်နေ၏။ နားမထောင်၍လည်းမဖြစ် မိမိရောဂါအခြေအနေကို မိမိအသိဆုံးဖြစ်သည်။ အဆုတ်ကင်ဆာ၏ နောက်ဆုံးအဆင့်မို့ တိုင်းရင်းဆေးကိုသာ အားကိုးနေရသည်။ နေဝင်မည့်အချိန်ကိုသာ မျှော်လင့်စောင့်စားနေရလေသည်။ မိမိမရှိသည့်နောက် ဇနီးဖြစ်သူကို အဖော်အဖြစ် သားသမီးရတနာထားခဲ့ချင်သော ဆန္ဒရှိသည်။ သို့သော် ဇနီးဖြစ်သူ၏ ဆန္ဒကို ရှင်းရှင်းလင်းလင်းသိပြီမို့ ပါးစပ်ကို ရေငုံနှုတ်ပိတ်နေရလေသည်။

"မင်းသဘောပါပဲကွာ။ မင်းအဆင်ပြေသလိုလုပ်"

အောင်ကျော်သည် ပြောသာပြောလိုက်ရသော်လည်း ရင်ထဲကမပါပေ။ ကလေး၏ ကံကြမ္မာကိုသာ ပုံချရလေတော့သည်။ ရင်စိန်သည် မိမိမျှော်လင့်သည့်အတိုင်းဖြစ်ပြီမို့ ရွာလက်သည်ရှိရာဆီသို့ ဦးတည်လိုက်လေသည်။

"ရင်စိန်ရေ အဆင်မပြေဘူးဟဲ့။ နင့်ဗိုက်က လတော်တော်ရင့်နေပြီ။ ငါ မနိုင်ဘူး။ ကလေးကို မွေးလိုက်ပါတော့"

လက်သည်၏ စကားသည် ရင်စိန်၏ နားထဲသို့ သံရည်ပူလောင်းချသကဲ့သို့ ပူဆင်းသွားလေ၏။ ကံကြမ္မာ၏ အလိုဆန္ဒအရ ရင်စိန်တစ်ယောက် ခါးစည်းခံရပေဦးမည်။ အောင်ကျော်၏ ဆန္ဒမှာ ပြည့်ဝလာပေသည်။ အောင်ကျော်ဆုံးပြီးနောက် အရိုးကို ရင်စိန်တစ်ယောက် မွေးဖွားခဲ့ရပေသည်။ အရိုးကို အဆင်ပြေစွာ မွေးဖွားခဲ့သော်လည်း အရိုးမှာ မျက်စိစောင်းစောင်း ပါးရွဲ့ရွဲ့လေး ဖြစ်လာလေသည်။ အရိုး၏ဖြစ်ပုံမှာ ရင်စိန်ကြောင့်ဟု စွပ်စွဲကြသည်။ အရိုးကို ဖျက်ချသည်မှာ မရသောကြောင့် ယခုကဲ့သို့ ဖြစ်ရကြောင်း ရွာသူ၊ ရွာသားတို့၏ နှုတ်မှ တဖွဖွပြောကြားလေသည်။ အရိုး ခြောက်နှစ်သားအရွယ်လောက်တွင် ရင်စိန်တစ်ယောက် တစ်ရွာတည်းနေ အရက်သမားဝင်းမောင်ကို ယူခဲ့လေသည်။

(၃)

အရိုးသည် ပါးစပ်မှစီးကျလာသော သွားရည်များကို လက်ဖြင့်သုတ်ရင်း အမှိုက်လှည်းကို တွန်းကာ အိမ်သို့ ဖြည်းဖြည်းချင်း ပြန်လာခဲ့လေသည်။ နေမင်းသည်လည်း အနောက်ရိုးမဆီသို့ ဝင်သွားမည့်ဟန်ရှိနေသည်။ ကျေးငှက်တို့သည်လည်း မိမိနားခိုရာ အိမ်တန်းဆီသို့ အုပ်စုဖွဲ့၍ ပြန်ကြလေပြီ။

"အစ်ကိုကြီး ပြန်လာပြီဟေ့။ အစ်ကိုကြီး ပြန်လာပြီ"

အိမ်မှာကျန်ရစ်သော မောင်နှမနှစ်ယောက်သည် ကစားရာမှ အရိုးဆီသို့ အပြေးအလွှားလာကြလေသည်။ အရိုးသည် ပါလာသောမုန့်များကို ညီလေးနှင့် ညီမလေးကို အညီအမျှ ဝေပေးလေသည်။ ထို့နောက် အမှိုက်လှည်းကို အိမ်ဘေးတွင်ထားကာ အိမ်ပေါ်သို့ တက်လိုက်လေသည်။ အိမ်ပေါ်ရောက်ရောက်ချင်း ပါလာသော ပိုက်ဆံများကို မိခင်ဖြစ်သူကို ပေးလိုက်လေ၏။

"ရင်စိန် ငါ့ကို အရက်ဖိုးပေး။ ငါဒီနေ့ ရေချိန်မကိုက်သေးဘူး ဟေ့..."

ရင်စိန်သည် တစ်ထောင်တန်သုံးရွက်ကို ဝင်းမောင်ကို ပေးလိုက်လေသည်။ ဝင်းမောင်သည် ပိုက်ဆံကို လှမ်းယူလိုက်သည်။ ထို့နောက်-

"ရင်စိန် ငါ အကြံတစ်ခုပေးချင်တယ်။ အရိုးကို ငါ့သားမဟုတ်လို့ ဒီအကြံပေးတာ မဟုတ်ဘူး။ ဖြစ်သင့်တယ်ထင်လို့ ပေးတာ"

"ဘာအကြံတုန်း ရှင့်အကြံက"

အရိုးသည် ရေကိုသောက်ရင်း နားထောင်နေလေ၏။

"ဒီလိုကွာ အရိုးကို တစ်အိမ်ဝင်၊ တစ်အိမ်ထွက် အမှိုက်မယူခိုင်းနဲ့တော့။ ရေပေါ်ဈေးမှာ ပိုက်ဆံတောင်းခိုင်းရင် ပိုကောင်းမလားလို့။ အရိုးနဲ့ အဆင်ပြေမယ်ထင်တယ်။ ခုက တစ်နေ့လုံးလုပ်မှ တစ်သောင်းနှစ်သောင်းပဲရတာ။ ပိုက်ဆံတောင်းရင် တစ်နေ့သုံးလေးသောင်းကတော့ ပြေးမလွတ်တော့ဘူး။ ဘယ်လိုလဲ မင်းသဘော"

"မဆိုးဘူး ရှင့်အကြံ။ အရိုးကို ကျွန်မပြောကြည့်လိုက်မယ်နော်။ ရှင်သာ အရက်ဖြောင့်ဖြောင့်သောက်"

ဝင်းမောင်သည် အရက်ဆိုင်ဆီသို့ ခြေဦးတည်လိုက်လေသည်။ ရင်စိန်သည် အနားတွင်ရှိသော အရိုးကို ခေါ်လိုက်လေသည်။

"သား မင်းလဲ မင်းအဖေပြောတာ ကြားပြီးလောက်ပေါ့။ မင်းဆန္ဒရော ဘယ်လိုလဲ။ အမေကတော့ သားအဖေဆန္ဒအတိုင်းပဲ။ သားလဲ အမှိုက်သယ်တာထက် သက်သာမယ်။ တောင်းစားတာက ရှက်စရာမဟုတ်ဘူး။ ပိုက်ဆံရဖို့က အဓိကနော်"

အရိုးသည် မိခင်ဖြစ်သူ၏ စကားကို နားထောင်ရင်း မျက်ရည်များ အလိုလိုကျလာလေသည်။

"သား တိတ်တိတ် မငိုနဲ့။ အမေ ကြက်ဥကြော်ထားတယ်။ ရေမိုးချိုးပြီး စားလိုက်နော်။ သား ညီလေးနဲ့ ညီမလေးကို ကျွေးပြီးပြီ"

အရိုး၏ ရင်ထဲသို့ မိခင်ဖြစ်သူ၏ စကားများ ထပ်ခါထပ်ခါ ပဲ့တင်ထပ်နေတော့သည်။ အရိုး၏ ရွေးချယ်စရာလမ်းသည် မည်သို့ဖြစ်မည်နည်း။ တစ်အိမ်ဝင်၊ တစ်အိမ်ထွက် အမှိုက်သယ်ရမည်လား။ သူချစ်ရသော ကျေးဇူးရှင်ဟု သတ်မှတ်ထားသော အမှိုက်ပုံကြီးနှင့် ခွဲခွာရမည်လား။ သူ၏ စိတ်ထဲတွင် ဝေခွဲမရဖြစ်နေတော့သည်။ ကံကြမ္မာကြီးသည် အရိုးအတွက် မည်ကဲ့သို့ဖန်တီးပေးမည်နည်း။ အရိုးစိတ်ထဲတွင် အတွေးပေါင်းများစွာဖြင့် မိခင်၏ ပြောစကားများသည် ရင်ထဲတွင် ပဲ့တင်ထပ်လျက်။

"သား မင်းလဲ မင်းအဖေပြောတာ ကြားပြီးလောက်ပေါ့။ မင်းဆန္ဒရော ဘယ်လိုလဲ။ အမေကတော့ သားအဖေ ဆန္ဒအတိုင်းပဲ။ သားလဲ အမှိုက်သယ်တာထက်သက်သာမယ်။ တောင်းစားတာက ရှက်စရာမဟုတ်ဘူး။ ပိုက်ဆံရဖို့က အဓိကနော်..."

(၄)

နံနက်မိုးသောက် အုတ်မောင်းသံကြားသည်နှင့် အရိုးအိပ်ရာမှ ထလိုက်သည်။ ညက ကောင်းကောင်း အိပ်မရ။ အိပ်ရေးမဝသောကြောင့် ခေါင်းမှာ မူးနောက်နောက်ရှိလေသည်။ မျက်နှာသစ်ရန် ရေအိုးဆီသို့ အားယူသွားရန် ကြိုးစားလိုက်သည်။ သို့သော် သွား၍မရ။ ခေါင်းမူးသည့်အရှိန်က ပိုပြင်းလာသည်။ အိပ်ရာထဲ ပြန်မှေးလိုက်သည်။

"ရင်စိန်ရေ ရင်စိန်" ရင်စိန်သည် အိပ်ရာမှထကာ အိမ်အပြင်ဘက်သို့ ထွက်လိုက်သည်။

"ရင်စိန်ရေ ငါ့ အကြွေးတွေ ဆပ်အုံး။ နင့်ဟာက တစ်နေ့လဲဆပ်မယ်။ တစ်နေ့လဲ ဆပ်မယ်နဲ့။ အကြွေးက များလာပြီ။ နင် ဒီနေ့ပေး"

"ဟဲ့ နင်ကလဲ စောစောစီးစီး နှစ်လုံးကြွေး တောင်းရတယ်လို့။ ဒီမှာ အိပ်ရာတောင် မထသေးဘူး။ ငါ ပေါက်ရင်ပေးမယ်ဟာ။ ဟုတ်ပြီလား"

"ဟဲ့ ရင်စိန် နင့်စကားကြီးကလဲ ပေါက်ရင် ပေးမယ်ဆိုတော့။ မပေါက်ရင် မပေးဘူးပေါ့"

"အေးဟေ့ နင်သဘောပေါက်တဲ့ အတိုင်းပဲ"

အိမ်ရှေ့က စကားများသံကြောင့် အရိုးအိပ်ရာက နိုးလာသည်။ အိပ်ရေးဝပြီမို့ ခေါင်းမှာ ကြည်လင်နေသည်။ ထို့နောက် မျက်နှာသစ်ပြီး အမှိုက်တွန်းလှည်းကိုယူကာ ရပ်ကွက်ထဲသွားရန် ဟန်ပြင်လိုက်၏။ ထို့နောက် မိခင်ကို စကားလှမ်းပြောလိုက်လေသည်။

"အမေ သား တောင်းမစားချင်ဘူး အမေ။ သူများဆီက လွယ်လွယ်ရတဲ့ ပိုက်ဆံလဲမလိုချင်ဘူး။ သူများပြောတာလဲ မခံချင်ဘူး။ သား... သားရိုးရိုးသားသားပဲ ပိုက်ဆံရှာချင်တယ်"

အရိုးသည် အမေဖြစ်သူအား မိမိဆန္ဒများကို အားယူ၍ ပြောနေ၏။ မိခင်ဖြစ်သူမှာ သားဖြစ်သူ၏ စကားကို အလိုမကျဟန်ဖြင့်-

"လုပ်ဟေ့ လုပ် လုပ်။ ကိုယ်ကြိုက်တာသာ လုပ်ကြ။ လူကသာ ..."

ရင်စိန်သည် ပြောမည့်စကားကို မထွက်အောင် ထိန်းချုပ်လိုက်သည်။ ထို့နောက် အိမ်ထဲသို့ ဝင်သွားလေသည်။ အရိုးသည် နံနက်ခင်းလေကို တဝရှူရှိုက်ကာ အမှိုက်လှည်းကိုတွန်းရင်း ရပ်ကွက်ထဲသို့ ထွက်လာလေတော့သည်။

(၅)

အရိုးသည် တွန်းလှည်းကို တွန်းရင်း တစ်အိမ်ဝင်၊ တစ်အိမ်ထွက်အမှိုက်များကို ယူပြီး တွန်းလှည်းထဲသို့ ထည့်လိုက်သည်။

"အရိုး သားရေ ရော့ပိုက်ဆံ။ အိမ်မှာ မုန့်ဟင်းခါး လုပ်စားလို့ သားစားဖို့ယူသွား။ ရော့ ယူ ယူ"

အရိုးသည် ပိုက်ဆံကို အိတ်ထဲသို့ ထည့်လိုက်ပြီး မုန့်ဟင်းခါးအိတ်ကို အမှိုက်တွန်းလှည်းတွင် ချိတ်လိုက်၏။ ထို့နောက် တွန်းလှည်းကို အားယူ၍ တွန်းပြီး နောက်တစ်အိမ်သို့ ဝင်ရပြန်သည်။

"မောင်အရိုးရေ ခဏ ခဏ" အရိုးသည် တွန်းလှည်းကို ရပ်လိုက်၏။

"အ အဒေါ် ဖြည်းဖြည်း ချော် ချော် ချော်လဲမယ်"

"အေးပါ အရိုးရေ နင်ပြောလဲ ခံရမှာပဲ။ အလှူက ပြန်လာတာ။ သားကို မြင်တာနဲ့ အပြေး

စာမျက်နှာ ၂၅ သို့ á

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၆၀၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၆၀၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၅၁၄၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၀၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မတ်ပဲ ၁၅၁၄၇ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၆၀၀၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲတွေ စိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဟသ်ာတမြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ် ကောင်းမွန်နေ

**ဟသ်ာတ ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဈေးကွက်အတွင်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ တတိယပတ်မှစတင်ပြီး ယနေ့တိုင် ငါးပုတ်သင်များ ဝယ်ယူမှုကောင်းမွန်ပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးပုတ်သင်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေက ပိုမိုအရောင်းအဝယ်ဖြစ်နေပါတယ်။ ဒီငါးပုတ်သင်တွေ အရောင်းအဝယ်ကောင်းမွန်နေတာက စားသုံးတဲ့သူများလာတာကြောင့်လို့ ယူဆပါတယ်။ ငါးပုတ်သင်တွေကို ဒေသတွင်းမှာ အရောင်းအဝယ် ကောင်းနေတဲ့အပြင် ရန်ကုန်ဈေးကွက်ကပါ မှာယူမှုများနေပါတယ်။ ကုန်တင်ပို့အားကောင်းလာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်တဲ့သူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပုတ်သင်များအပါအဝင် ရေထွက်ကုန်များကို ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပုတ်သင် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

á စာမျက်နှာ ၂၄ မှအဆက်

လိုက်လာတာ။ မောလိုက်တာ။ ရော့ ပိုက်ဆံ"

အရိုးသည် ပေးလာသော ပိုက်ဆံကို လှမ်းယူပြီး အိတ်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် ညီလေး၊ ညီမလေးနှင့်အတူ မုန့်ဟင်းခါး စားရန် အိမ်သို့တွန်းလှည်းကို ဦးတည်လိုက်သည်။ အရိုးသည် အိမ်ပြန်ရောက်သောအခါ ပါလာသောမုန့်ဟင်းခါးကို ညီလေး၊ညီမလေးနှင့်အတူ စားလိုက်သည်။

(၆)

အရိုးသည် ညီလေးနှင့်ညီမလေးဖွလိုက်၍ ပြန့်ကျဲနေသော အမှိုက်များကို တွန်းလှည်းထဲသို့ပြန်ထည့်လိုက်သည်။ ထို့နောက် ညီလေးနှင့်ညီမလေးကို မဆူဘဲ ပါးကိုနမ်းလိုက်သည်။

"သွား သွား ခြေတွေလက်တွေကို ရေဆေး၊ သိပ်ဆော့တာပဲ"

အရိုးသည် အမှိုက်ပစ်ရန် အမှိုက်ပုံဆီသို့ ဦးတည်လိုက်လေသည်။

"ရင်စိန်ရေ ရင်စိန်"

"ဟဲ့ သုတ်သီးသုတ်ပျာနဲ့ဘာတုန်း။ အပိုင်လား။ ဆယ့်နှစ်နာရီမထိုးသေးဘူးမီသေးတယ်ပြော။ ဘာဂဏန်းတုံး"

"ဂဏန်းမဟုတ်ဘူးဟေ့ ဂဏန်း မဟုတ်ဘူး။ နင့်သား အုပ်ချုပ်ရေးမှူးအိမ် ရောက်နေတယ်။ ပိုက်ဆံခိုးလို့တဲ့"

"ဘာ ငါ့ သားက ပိုက်ဆံခိုးလို့ ဟုတ်လား"

ရင်စိန်သည် အုပ်ချုပ်ရေးမှူးအိမ်သို့ အလျင်အမြန် လိုက်သွားလေသည်။ အုပ်ချုပ်ရေးမှူးအိမ်တွင် မျက်ရည်ရွှဲနေသော အရိုးကို တွေ့လေသည်။

"ရင်စိန်ရေ ဖြစ်ပုံကဒီလို။ မနက်က အရိုးကို ဒေါ်သန်းဝင်းက တွေ့တယ်။ အဲတော့ အမှိုက်ပစ်ဖို့ အမှိုက်ကိုပေးရင်း ပိုက်ဆံအိတ်ပါသွားတယ်။ ဆယ်သိန်းပါသွားတယ်တဲ့။ အဲဒါ နင့်သားက မယူဘူး။ မတွေ့ဘူးဘဲ ခံငြင်းနေတာပဲ။ အဲဒါ နင်ချော့မေးကြည့်အုံး"

ရင်စိန်၏ မျက်နှာသည် တစ်ချက်ပျက်သွား၏။ ထို့နောက် မိမိ၏ မျက်နှာကို တည်လိုက်ပြန်သည်။

"အုပ်ချုပ်ရေးမှူးရယ် စဉ်းစားကြည့်ပါအုံး။ ကျွန်မသားက မွေးရာပါ ချို့တဲ့နေတာ။ စိတ်က မြင့်မြတ်ပါတယ်။ ရှင်တို့အသိပဲလေ" ဟု ရင်စိန်က ပြောလိုက်သည်။

"လူဆိုတာ ပိုက်ဆံမမြင်ခင်သာ ရိုးသားတာ။ ပိုက်ဆံမြင်ရင် ရိုးသားမှုက ပျောက်သွားတာပဲ။ အရိုးယူတာ အရိုးပဲ။ ကျွန်မသိတယ်။ အဆင့်အတန်းကို မရှိဘူး။ ကြည့်ပါလား မအေ့ ပုံစံကိုက ဟွန့်"

ရင်စိန်သည် ဒေါသထွက်လာသည်။ စကားပြောသံ မာလာသည်။

"ဒီမှာ ကျွန်မသာ အဆင့်အတန်းမရှိရင် မရှိမယ်။ ကျွန်မသားက အဆင့်အတန်းရှိတယ်။ ရိုးရိုးသားသား မိဘကို လုပ်ကျွေးနေတာ။ ဒါပဲနော် အုပ်ကြီး ကျွန်မသားကို သူခိုးလို့ မစွပ်စွဲနဲ့။ အသရေဖျက်မှုနဲ့ ပြန်တိုင်လိုက်မယ်"

"ကဲကဲ တော်တော့ တော်တော့။ နှစ်ဖက်စလုံး အပြက်အပြက်နဲ့ နှာခေါင်းသွေးထွက်မယ်။ ပြန်ကြ"

ရင်စိန်သည် အရိုး၏လက်ကို ကိုင်၍ အိမ်သို့ ပြန်လာခဲ့လေသည်။

"သား တိတ် မငိုနဲ့တော့။ အမေဝက်သားဟင်း ကောင်းကောင်း ချက်ထားတယ်။ ရေချိုးလိုက်"

ငိုနေသော အရိုး၏အနားသို့ ညီလေးနှင့်ညီမလေး ရောက်လာသည်။

"အစ်ကိုကြီး မငိုနဲ့တိတ် တိတ်" အရိုးသည် ကျလာသောမျက်ရည်ကို သုတ်လိုက်သည်။ ထို့နောက် ညီမလေးလက်ထဲ၌ ပိုက်ဆံအိတ်ကို အမှတ်မထင်တွေ့လိုက်ရ၏။

"ညီ ညီမလေး ဒီပိုက်ဆံအိတ် အိတ်ထဲကပိုက် ပိုက်ဆံတွေရော"

"မေကြီး ယူသွားတယ် အစ်ကိုကြီး"

အရိုးသည် ပိုက်ဆံအိတ်ကို ကိုင်လိုက်ပြီး ဒေါ်သန်းဝင်း၏ အဆင့်အတန်းဆိုသော စကား၏အဓိပ္ပာယ်ကို မိမိနားလည်သကဲ့သို့ အဓိပ္ပာယ်ဖွင့်နေလေတော့သည်။

## မြန်မာ့ဘုန်း

\- အားသစ်တွေ အစပျိုး
နိုင်ငံအကျိုး ထမ်းရွက်ပျော်၊
အလှစုံ ဝေဆာတင့်
မြင့်မြတ်ပြည်တော်၊
ငြိမ်းချမ်းလျက် သွေးချင်းဖော်
လက်ချင်းနော် တွဲဆက်ထား၊
မြန်မာပြည် ညီညွတ်ရေးကို
ဆွေးနွေးလှုပ်ရှား။

\- တိုင်းပြည်နယ် တိုင်းရင်းသား
မခွဲခြား အတူတူ၊
အမုန်းတွေ ကင်းစင်ဝေး
အားပေးလို့ကူ၊
လှပသော ကမ္ဘည်းထူ
ချစ်ကြည်ဖြူ စည်းလုံးဖို့၊
နိုင်ငံတော် အလံလွှင့်
ဂုဏ်မြှင့်ကြစို့။

\- မြို့ရွာတွေ စည်ပင်ရေး
ဦးစားပေး ပြုလုပ်ကာ၊
ပညာကို လက်ဆင့်ကမ်း
ရွှင်လန်းချမ်းသာ၊
တိုးတက်မည့် တို့မြန်မာ
အားမွေးပါ ရှန်းကန်ကြ၊
ကမ္ဘာဝယ် မြန်မာ့ဘုန်း
ခြယ်မှုန်းစံပြ။ ။

**မောင်စစ်သွေး**

# ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဇန်နဝါရီ ၁**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့လှိုက်ကျေးရွာ၌ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP)ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်ဇာလီထွန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် VRFP စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် VRFP စီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများကို ထိရောက် အောင်မြင်အောင် ဆောင်ရွက်ကြစေ လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကော့လှိုက်ကျေးရွာ၌ VRFP စီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ VRFP စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦး၊ ရေလုပ်ငန်း လုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ အခြားလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP)ရန်ပုံငွေကျပ် ၃၄၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# ကောင်းသောယှဉ်ပြိုင်မှု

ဆူးသစ်

မူလတန်း၊ အလယ်တန်း၊ အထက်တန်းမှသည် တက္ကသိုလ်ထိ အရွယ်အဆင့်ဆင့်ကို ကျွန်တော်တို့ ဖြတ်ကျော်ခဲ့ဖူးကြသည်။ မူလတန်းအဆင့်သည် တကယ့်ကလေးပင်။ ဘာဆိုဘာမျှ သေသေချာချာ မသိ။ ကျောင်းစာလုပ်ဆို လုပ်လိုက်ကြသည်။ မိဘ၏ အထိန်းအကွပ်အောက်တွင် ကလေးဘဝအရောင် တောက်ပြောင်မှုများ ရှိခဲ့ကြသည်။ အလယ်တန်း ရောက်တော့ နည်းနည်းအသိဝင်လာပြီ။ ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်းမှာ စာပုံမှန်လုပ်သူလုပ်၊ ကြိုးစားသူ ကြိုးစားကြသည်။ ပင်ကိုဗီဇအခံကြောင့် စိတ်လေ၍ ကျောင်းပြေးသူ၊ ဆိုးသွမ်းသူရှိလိမ့်မည်။

သည်လိုနှင့်အထက်တန်းရောက်ပြီ။ သိပ္ပံတွဲ ယူခဲ့၍ ဘာသာများက ဝုန်းဒိုင်းဆိုပြီး အင်္ဂလိပ်လို ဖြစ်ကုန်သည်။ မနည်းလိုက်ယူရမည်။ လူကကြီး ကောင်ဝင်ပြီဆိုတော့ သည်ဘာသာရပ်များ ကျွမ်းကျင်မှဆရာဝန်၊ အင်ဂျင်နီယာဖြစ်မည်ဆိုသည်ကို သိ၍ ဆယ်တန်းရောက်တော့ မီးကုန်ယမ်းကုန် တက်ဖွင့်ရွက်လွှင့်သဖြင့် တက္ကသိုလ်ရောက်လာသည်။ ထူးခြားသည်က ကျွန်တော်တို့ တက္ကသိုလ်ရောက်သည်ထိ မိန်းကလေးသူငယ်ချင်းမရှိခဲ့ပေ။ ယောကျ်ားလေးသူငယ်ချင်းများသာ ရှိခဲ့သည်။ မေးထူးခေါ်ပြော မိန်းကလေးသူငယ်ချင်းတော့ရှိသည်။ တစ်အုပ်စုတည်း တွဲရလောက်အောင်တော့ မရှိခဲ့ပေ။

ရန်ကုန်စက်မှုတက္ကသိုလ်ရောက်တော့ ပထမနှစ်၊ ဒုတိယနှစ်မှာ ယောကျ်ားလေးသူငယ်ချင်းများနှင့် သည်လိုပဲပြီးသွားသည်။ တတိယနှစ် ရောက်တော့ ပိုဆိုးသွား၏။ ကျွန်တော်ယူသော စက်မှုအင်ဂျင်နီယာဘာသာရပ်သည် ယောကျ်ားလေးများနှင့်သာ ပိုသက်ဆိုင်၍ ကျွန်တော်တို့ တစ်မေဂျာလုံး လူနှစ်ရာကျော်မှာ မိန်းကလေးက နှစ်ဆယ်ခန့်သာရှိသည်။ သည်မိန်းကလေးများနှင့် ကျွန်တော်တို့ မရောဖြစ်ပြန်။ ရှင်းပါသည်။ ကျွန်တော်တို့ ယောကျ်ားလေးများက စာလုပ်လိုက်၊ ပျော်လိုက်ကြနှင့် ရုံဖန်ရံခါ စာလုပ်သည့်အခါ မိန်းကလေးများနှင့် စာကိစ္စဆွေးနွေးသည်သာရှိခဲ့သည်။

စက်မှုတက္ကသိုလ်က ကျောင်းပြီးတော့ ကုမ္ပဏီတစ်ခုတွင် ခဏဝင်လုပ်သည်။ ထို့နောက် အစိုးရအလုပ်ဝင်ရန် စာမေးပွဲဖြေပြီး အောင်သောအခါ ဗဟိုဝန်ထမ်းတက္ကသိုလ်ကိုတက်ခဲ့ပြီး အလုပ်ဝင်ခဲ့သည်။ သည်မှာပင် ဗဟိုဝန်ထမ်းတက္ကသိုလ်တွင်ရော အလုပ်ထဲတွင်ပါ အလွှာအသီးသီးကလာသော မိန်းကလေးသူငယ်ချင်းများနှင့် စတင်ရင်းနှီးပတ်သက်ခဲ့ရသည်။ ထိုသို့ပတ်သက်ပြီး သိလိုက်ရသည်က မိန်းကလေးအချင်းချင်း ခင်မင်မှုနှင့် ယောကျ်ားလေးအချင်းချင်း ခင်မင်မှုမတူညီကြသည့်အဖြစ်များပင်။

ကျွန်တော်နှင့် ယောကျ်ားလေးသူငယ်ချင်းများကြားက ခင်မင်မှုကို ဥပမာနှင့်ဆိုပါမည်။ ကျွန်တော်တို့ ယောကျ်ားလေးချင်းခင်မင်ရာ၌ ရိုးရှင်းပါသည်။ ကျွန်တော်အလယ်တန်းမှ အထက်တန်း၊ ထိုမှ ယနေ့ထိ တွဲလာခဲ့သူ ငယ်သူငယ်ချင်းငါးဦးခန့်ရှိသည်။ ကျွန်တော်တို့အတန်းတိုင်းတွင် စာပြိုင်ကြသည်။ ခင်လည်း ခင်ပါသည်။ အတန်းထဲက ပထမ၊ ဒုတိယ၊ တတိယကို ကျွန်တော်တို့သာ ရလေ့ရှိသည်။ သို့သော် ရသူ၊ မရသူတိုင်းမှာ မနာလိုမှုကင်းသည်။

သည်တစ်ပတ် ကျွန်တော်ပထမရသည်ဆိုပါစို့။ ဒုတိယနှင့် တတိယရသူ သူငယ်ချင်းများက ဘာမျှမဖြစ်ပေ။ ကျွန်တော်တို့ချင်းလည်း စာဆွေးနွေးမှု မပျက်ခဲ့ပေ။ သည်လိုနှင့်ပင် နောက်အပတ်များတွင် တခြားသူ ပထမရသည်။ ကျွန်တော်တို့ စိတ်ထဲတွင် ပထမပြန်ယူရန်အပြင် အခြားမရှိပေ။ သူငယ်ချင်းအချင်းချင်း စာဆွေးနွေးမပျက်၊ အခင်အမင် မပျက်ပင်။

> ❖ လောကတွင် ပြိုင်စရာများ များစွာရှိပါသည်။ ပြိုင်ပါ။ ကောင်းသောယှဉ်ပြိုင်မှုကို ဖြစ်စေချင်သည်။ စိတ်ထားတတ်လျှင် မြတ်သည်ဟုဆိုသည် မဟုတ်လား။ စာမေးပွဲဖြေမည့် ကျောင်းသား၊ ကျောင်းသူတစ်ယောက်အတွက် ဘောပင်ပိုလှမလှ၊ တန်ဖိုးကြီး မကြီးကအရေးမကြီးပေ။ ထိုဘောပင်ကို ဦးနှောက်က ပို့လွှတ်လိုက်သောအသိဖြင့် ရေးမည့်စာက ပိုအရေးကြီးသည်။ ဘောပင်ကို မပြိုင်ပါနှင့်။ ဦးနှောက်ထဲက အသိချင်းပြိုင်ပါ။ ဝတ်တာစားတာ လှသည်ကို မပြိုင်ပါနှင့်။ အဝတ်အစားများ ဆင်ထားသော ခန္ဓာကိုယ်ပေါ်ကတန်ဖိုးထက် ပိုတန်ဖိုးကြီးသည်က မိမိဘဝကို တိုးမြှင့်လျှောက်လှမ်းနိုင်သော ခန္ဓာကိုယ်ထဲက အရည်အသွေးကို ပြိုင်ပါ။❖

သည်စိတ်က ဆယ်တန်းထိ အတူတူပင်ဖြစ်၍ ယခုဆရာဝန်ဖြစ်သူ၊ အင်ဂျင်နီယာ ဖြစ်သူများအဖြစ် လူ့လောကထဲတွင် ကျွန်တော်တို့သူငယ်ချင်းတစ်စု အတူတူရပ်တည်ခဲ့ကြပြီ။ ယခုလည်း အခင်အမင် မပျက်သွားလာဆဲပင်။ ကျွန်တော်တို့နှင့်ယှက်နွယ်၍ လူကြီးချင်းလည်း ရင်းနှီးခဲ့ကြသည်။

တစ်ခုတော့ ရှိပါသည်။ သူငယ်ချင်း ယောကျ်ားလေးများဖြစ်၍ သည်လောက်လက်တွဲနိုင်ခြင်းဖြစ်သည်။ စက်မှုတက္ကသိုလ်ရောက်မှ ကျွန်တော်နှင့် ခင်သော သူငယ်ချင်းများထဲတွင် ကျွန်တော်တို့ အချင်းချင်း အခင်အမင်မပျက်ပေါင်းနိုင်သော်လည်း စာနှင့်ပတ်သက်လာလျှင် လျှိုတတ်သော၊ သူသာရချင်သော ယောကျ်ားလေးသူငယ်ချင်းတချို့ကို တွေ့ရသည်။ တော်သေးသည်က သူတို့၏ အသာရလိုစိတ်သည် သူများကိုဖျက်ဆီးတတ်သည့် အဆင့်သို့ ရောက်မလာခြင်းပင်။ ဘာပဲဖြစ်ဖြစ် နေရာတိုင်းတွင် ခြွင်းချက်ရှိသည်ကို စက်မှုတက္ကသိုလ်က သီအိုရီများထဲတွင် တွေ့ခဲ့ရသော ကျွန်တော့်အဖို့ ထိုသူငယ်ချင်းများကို နားလည်ပေး၍ ရခဲ့သည်။

တတိယနှစ် စက်မှုအင်ဂျင်နီယာ ဘာသာရပ်တွင် တွဲဖြစ်သော သူငယ်ချင်းများကျတော့ ငယ်သူငယ်ချင်းများလို ဖြစ်သွားသည်။ ကျွန်တော်တို့မေဂျာ၏ ယောကျ်ားလေးများခြင်းနှင့် ကျောင်းစာ၏ သဘာဝမဆွေးနွေးဘဲ မနေနိုင်ခြင်းတို့ကြောင့် ကျွန်တော်တို့ကြားတွင် ဒိုင်လျှိုမှုမရှိဘဲ ပွင့်ပွင့်လင်းလင်း သူမသိကိုယ်ရှင်း ကိုယ်မသိသူရှင်းနေခဲ့၍ နောက်ဆုံးနှစ် ပြီးခဲ့ကြသည်။

အချို့သူငယ်ချင်းများဆို တစ်နှစ်လုံး အတန်းလစ်ခဲ့သမျှ စာမေးပွဲနီးမှ သူငယ်ချင်းများ တစ်ဘာသာစီတာဝန်ယူ၍ ရှင်းပြရင်း ရှင်းပြသော သူငယ်ချင်းများထက် ကျောင်းပြေးသော သူငယ်ချင်းက စာမေးပွဲအောင်စာရင်းတွင် ခုံနံပါတ်မြင့်သွားသည်ကို အားလုံးက ထိုကျောင်းပြေးသော သူငယ်ချင်း၏ ဉာဏ်ကောင်းပုံကို ပြောကာ သဘောကျနေခဲ့ခြင်းမျိုးပင်ရှိခဲ့သည်။ သို့သော် ယောကျ်ားလေးတိုင်းတော့ ရိုးရှင်းသည်ဟု ကျွန်တော်မဆိုလိုပေ။ အထက်က ဆိုခဲ့သလို နေရာတိုင်းမှာ ခြွင်းချက်တော့ရှိမည်မဟုတ်လား။

ကျွန်တော်လေ့လာမိသလောက် မိန်ကလေးများက ပြိုင်ချင်စိတ် တော်တော်များကြသည်။ သို့သော် ကောင်းသော ယှဉ်ပြိုင်မှုများလားဆိုသည်ကို ဆန်းစစ်ကြည့်သင့်သည်။

မိန်းကလေးတော်တော်များများကတော့ ရှေ့တွင် ပြုံးသည်။ ကွယ်ရာတွင် မုန်းပါသည်။ မုန်းစရှည်စေသောအကျင့်ပင်။ ယခုမှ ရင်းနှီးသူချင်း အတူတွဲနေသော မိန်းကလေးများကို ကြည့်လျှင် တည့်သည်ဟု ထင်ရသော်လည်း တချို့က အမုန်းများနှင့်ပြုံးနေခြင်းဖြစ်သည်။

ငယ်ငယ်ကတည်းက နှစ်ရှည်လများ တွဲလာသူများကို မပြောလိုပေ။ သေချာသည်က မိန်းကလေးများသည် ငယ်ပေါင်းမဟုတ်က တစ်ယောက်နှင့်တစ်ယောက်ပြိုင်တတ်ကြသည်။ ပြီးတော့ မနာလိုမှုများ ပါလာတတ်သည်။

ဥပမာဆိုရလျှင် ရည်းစားရှိသူက သူ့ရည်းစားက ဘယ်သူ့ရည်းစားထက် သာကြောင်းပြောပြကာ မင်္ဂလာပွဲကို ဘယ်မှာလုပ်မည်ဆိုခြင်းမျိုးကအစ ပြိုင်သည်။ မိန်းကလေးချင်း ယခုတည့်သော်လည်း ကွယ်ရာတွင် မတည့်ချင်မတည့်တတ်သည်များ ရှိသည်။ ယခုမတည့်သော်လည်း ကွယ်ရာတွင် တည့်ချင်တည့်နေတတ်သည်။

သည်တော့ လူမှန်းသိတတ်စအရွယ်များ၊ တက္ကသိုလ်တက်နေသူများ ယောကျ်ားလေး၊ မိန်းကလေးအကုန်လုံးကို ကျွန်တော်တစ်ခုဆိုပါမည်။ အထူးသဖြင့် မိန်းကလေးများကို ပိုဆိုချင်သည်။

လောကတွင် ပြိုင်စရာများ များစွာရှိပါသည်။ ပြိုင်ပါ။ ကောင်းသောယှဉ်ပြိုင်မှုကို ဖြစ်စေချင်သည်။ စိတ်ထားတတ်လျှင် မြတ်သည်ဟုဆိုသည် မဟုတ်လား။

စာမေးပွဲဖြေမည့် ကျောင်းသား၊ ကျောင်းသူတစ်ယောက်အတွက် ဘောပင်ပိုလှမလှ၊ တန်ဖိုးကြီး မကြီးက အရေးမကြီးပေ။ ထိုဘောပင်ကို ဦးနှောက်က ပို့လွှတ်လိုက်သောအသိဖြင့် ရေးမည့်စာက ပိုအရေးကြီးသည်။ ဘောပင်ကို မပြိုင်ပါနှင့်။ ဦးနှောက်ထဲက အသိချင်းပြိုင်ပါ။

ဝတ်တာစားတာလှသည်ကို မပြိုင်ပါနှင့်။ အဝတ်အစားများ ဆင်ထားသော ခန္ဓာကိုယ်ပေါ်က တန်ဖိုးထက် ပိုတန်ဖိုးကြီးသည်က မိမိဘဝကို တိုးမြှင့်လျှောက်လှမ်းနိုင်သော ခန္ဓာကိုယ်ထဲက အရည်အသွေးကို ပြိုင်ပါ။

ဒါတွေသာ ကောင်းသောယှဉ်ပြိုင်မှုပါ။ မနာလိုဝန်တိုခြင်း၊ မာနထားခြင်းဖြင့် ကိုယ့်အလှကို မဖျက်ဆီးပါနှင့်။ တစ်ယောက်မှ အများဖြစ်လာသောအခါ ယနေ့ရေးနေသော ခေတ်ပေါ်အချစ်ဝတ္ထုများထဲမှ အမျိုးသမီးစာရေးဆရာမတချို့ရေးသော စာအုပ်များပင်လျှင် အမျိုးသမီးအချင်းချင်း မာနပြိုင်၊ ရည်းစားလု၊ စိတ်ယုတ်များမွေး၊ တစ်ယောက်နှင့်တစ်ယောက်စောင်းမြောင်း၊ သည်လိုဇာတ်လမ်းများသာ ထွက်လာပါတော့သည်။ ယူတတ်လျှင်တော့ ထိုစိတ်မျိုးထားသော အမျိုးသမီး၏ ဇာတ်သိမ်းမလှပုံကို တွေ့မြင်ကြရပေလိမ့်မည်။

ကျွန်တော်က ယောကျ်ားလေးနှင့် မိန်းကလေး မြင်သာအောင် ယေဘုယျသဘောသာ ခွဲ၍ဆိုသည်။ စိတ်ထားမြင့်မြတ်သော မိန်းကလေးများတစ်ပုံကြီး ရှိသလို မိန်းမဆန်သော ယောကျ်ားလေး များလည်း ရှိနေသေးသည်ကို ချန်လှပ်ထား၍မရပေ။

မည်သို့ပင်ဖြစ်စေ အထက်တွင်ဆိုခဲ့သော လူတစ်ယောက်၏ စစ်မှန်သော အရည်အသွေးနှင့် ပြိုင်ရသည့် **ကောင်းသောယှဉ်ပြိုင်**မှုမျိုးကို လိုလားပြီး မနာလိုစိတ်ကင်းစွာ ပေါင်းသင်းကြမည်ဆိုလျှင် ယနေ့လူငယ်တို့၏ နောင်တစ်ချိန်တွင် ပေါ်ထွန်းလာမည့် ပိုမိုလှပသော အနာဂတ်သည် မလွဲမသွေ ရှိလိမ့်မည်ဟု ကျွန်တော်ယုံကြည်မိပါသည်။


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခ အပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Pass-port for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၅၉၆ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၅၉၆ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၀၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၅၉၆ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၇၆ ဒသမ ၀၅ တင်းထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီက မြောင်မြို့နယ်မှာ စပါး ၃၄၀၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးခင်းတွေကို အခုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၁၅၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ် ငှက်ပျောတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပန်းတနော် ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ရွှေလှေကျေးရွာအုပ်စု ငှက်ပျောတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလှိုင်က မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ငှက်ပျောတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၂၉၇ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၁၀၂ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို ရန်ပုံငွေကျပ်သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ငြိမ်းသူ (စလင်း)**

# ဇီးကုန်းမြို့နယ် ပေါက်ပင်ဆိပ်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ဇီးကုန်း ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ပေါက်ပင်ဆိပ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၃၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပေါက်ပင်ဆိပ်ကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ မြေနီကျောက်စရစ်လမ်းကို အကျိုးရှိစွာ အသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားသည်။

ပေါက်ပင်ဆိပ်ကျေးရွာ၌ လမ်းအရှည် ပေ ၁၀၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၁၀ ဖြင့် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးမှုကြောင့် ပေါက်ပင်ဆိပ်ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ သွားလာရေး လွယ်ကူနေပြီဖြစ်ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်ထံမှ သိရသည်။ **ချိုလေး**

# ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ငပုတော ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၄၉၉ ကေ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံ ၁၀၅၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟိုင်းကြီးကျွန်းမြို့အတွင်း စားဖိုဆောင်သီးနှံ ၂၄၉၉ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ စားဖိုဆောင်သီးနှံစိုက်ပျိုးရာမှာ ပန်းဂေါ်ဖီ၊ နံနံ၊



အာလူး၊ မုန်လာဥ၊ မုန်ညင်း၊ခရမ်း၊ ကြက်ဟင်းခါးသီး၊ ကန်စွန်း၊ ပဲပုစွန် စတဲ့သီးနှံတွေစိုက်ပျိုးနေပါတယ်''ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် စားဖိုဆောင်သီးနှံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သီးနှံများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ သီးနှံများ ပျက်စီးလေလွင့်မှုမရှိစေရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

**ကျော်ကျော်လင်း**

# မိုးနဲမြို့၌ အဆင့်မြင့် စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**မိုးနဲ ဇန်နဝါရီ ၁**


ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့်အဆင့်မြင့် စက်ချုပ်သင်တန်း ဆင်းပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါ မြို့နယ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မြင့်လွင်ဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး မိုးနဲမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပေးသည့် အဆင့်မြင့်စက်ချုပ် နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာကာ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

အဆိုပါ အဆင့်မြင့် စက်ချုပ်သင်တန်းသို့ မိုးနဲမြို့နယ်အတွင်းရှိ မယ်ဇလီမြိုင်ကျေးရွာ၊ လွိုင်လင်းကျေးရွာ၊ ဆိုင်းဖယ်ကျေးရွာ၊ ခိုတိုဝိုးကျေးရွာတို့မှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် အဆင့်မြင့် စက်ချုပ်နည်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာမ နှစ်ဦးက စာတွေ့၊ လက်တွေ့ဖြင့် နိုဝင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**

ကိုဗစ် – ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် – ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၅၈ ဘီလီယံသုံးစွဲသွားမည့် ဂျပန်နိုင်ငံ

ဝင်းဇင်(သုတေသန)

ဂျပန်နိုင်ငံသည် အိမ်နီးချင်းသုံးနိုင်ငံဖြစ်သည့် တရုတ်၊ မြောက်ကိုရီးယား၊ ရုရှားနိုင်ငံတို့ထံမှ စစ်ရေးဆိုင်ရာဖိအားများ မြင့်တက်လာမှုကြောင့် ပထဝီနိုင်ငံရေးဆိုင်ရာတင်းမာမှုများ မြင့်တက်လာပြီး ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်သုံးစွဲရေးအတွက် အမေရိကန်ထံမှ တောင်းဆိုမှုများကြောင့် ကာကွယ်ရေးဆိုင်ရာတည်ဆောက်မှုကို အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။

ဂျပန်အစိုးရအဖွဲ့သည် ၂၀၂၆ ခုနှစ် ဧပြီလတွင် စတင်မည့်ဘဏ္ဍာရေးနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်မူကြမ်း အမေရိကန်ဒေါ်လာ ၅၈ ဘီလီယံကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် အတည်ပြုပေးခဲ့သည်။ အဆိုပါကာကွယ်ရေးအသုံးစရိတ်သည် ၂၀၂၅ ခုနှစ် ကာကွယ်ရေးအသုံးစရိတ်ထက် ၃ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၈ ဘီလီယံထိ စံချိန်တင်မြင့်တက်ခဲ့သောကြောင့် ကာကွယ်ရေးအသုံးစရိတ်ဆက်တိုက်မြင့်တက်ခဲ့ခြင်းပင်ဖြစ်သည်။

၂၀၂၅ ခုနှစ် ဩဂုတ်လတွင် တင်ပြတောင်းခံခဲ့သည့် အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၅၃ ဘီလီယံနှင့်နှိုင်းယှဉ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇ ဘီလီယံထိ တိုးမြင့်လာခဲ့ခြင်းဖြစ်သည်။ ထိုသို့ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲခြင်းသည် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာတည်ဆောက်မှု အရှိန်မြှင့်တင်ဆောင်ရွက်မှုအပေါ် အလေးထားလုပ်ဆောင်နေမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

ဂျပန်နိုင်ငံ၏ ၂၀၂၆ ခုနှစ် ကာကွယ်ရေးအသုံးစရိတ်ကို လာမည့်လများအတွင်း လွှတ်တော်နှစ်ရပ်က အတည်ပြုသွားမည်ဖြစ်ပြီး ကာကွယ်ရေးဆိုင်ရာတည်ဆောက်မှု ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ် ငါးနှစ်အစီအစဉ်အရ ကာကွယ်ရေးဆိုင်ရာအသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၂၇၅ ဘီလီယံထိ ခွင့်ပြုသွားမည်ဖြစ်သည်။ ဂျပန်အစိုးရသည် ကာကွယ်ရေးအသုံးစရိတ်ကို ၂၀၂၇ ခုနှစ်တွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)၏ နှစ်ရာခိုင်နှုန်းတိုးမြှင့်သုံးစွဲသွားရန် ရည်မှန်းထားသည်။

ထို့ပြင် ဂျပန်အစိုးရအဖွဲ့သည် ၂၀၂၅ ခုနှစ် ဘတ်ဂျက်၏ ဖြည့်စွက်ရန်ပုံငွေ၌ ကာကွယ်ရေးအသုံးစရိတ်အပါအဝင် လုံခြုံရေးဆိုင်ရာထပ်ဆောင်းအသုံးစရိတ်အဖြစ် အမေရိကန် ဒေါ်လာ ၇ ဒသမ ၀၂ ဘီလီယံခွင့်ပြုပေးခဲ့သည်။ ထို့ကြောင့် ဂျပန်နိုင်ငံသည် ကာကွယ်ရေးစရိတ်သုံးစွဲရာ၌ သတ်မှတ်ထားသည့်ကာလထက် နှစ်နှစ်စောကာ တိုင်းပြည် GDP ၏ နှစ်ရာခိုင်နှုန်းထိ ရောက်ရှိလာနေပြီဖြစ်သည်။ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲမှုသည် ယိုယွင်းလာသော ဒေသတွင်းလုံခြုံရေးဆိုင်ရာ ပတ်ဝန်းကျင်၌ တိုင်းပြည်၏ ကာကွယ်ရေးဆိုင်ရာ တည်ဆောက်မှုအရှိန်မြှင့်တင်သွားမည့် ဂျပန်အစိုးရ၏ ခိုင်မာသောဆုံးဖြတ်ချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

လွန်ခဲ့သော သုံးနှစ်တာကာလအတွင်း ကာကွယ်ရေးအသုံးစရိတ်အစီအစဉ်၌ ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းဆောင်ရည်ခိုင်မာအားကောင်းရန် လိုအပ်သည့် အဓိကကဏ္ဍ ခုနစ်ခုကို အကောင်အထည်ဖော်လျက်ရှိသည်။ ၎င်းကဏ္ဍများမှာ တာဝေးပစ်ဒုံးကျည်များ အစုလိုက်အပြုံလိုက်ထုတ်လုပ်ခြင်း၊ ဒုံးကျည်များအပါအဝင် မြင့်တက်လာသော လေကြောင်းချိမ်းခြောက်မှုများကိုတုံ့ပြန်ရန် ဘက်စုံလွှမ်းခြုံသော လေကြောင်းနှင့် လေကြောင်းရန်ကာကွယ်ရေးစွမ်းဆောင်ရည်များတည်ဆောက်ခြင်း၊ ဒရုန်းများအသုံးပြုခြင်းအပါအဝင် မောင်းသူမဲ့လေကြောင်းရန်စွမ်းဆောင်ရည်များတည်ဆောက်ခြင်း၊ အာကာသ၊ ဆိုက်ဘာနယ်ပယ်နှင့် အီလက်ထရိုမဂ္ဂနက်တစ်နယ်ပယ်များအပါအဝင် နယ်ပယ်ပေါင်းစုံစစ်ဆင်ရေးစွမ်းဆောင်ရည်များတည်ဆောက်ခြင်း၊ ကွပ်ကဲမှု၊ ထိန်းချုပ်မှု၊ ထောက်လှမ်းရေးနှင့်ဆက်နွယ်သောလုပ်ငန်းများတည်ဆောက်ခြင်း၊ ပဋိပက္ခဖြစ်ပွားရာဒေသသို့ တပ်ဖွဲ့များနှင့် ထောက်ပံ့ရေးပစ္စည်းများပေးပို့ရန် လှုပ်ရှားစစ်ကစားမှုနှင့် တပ်ဖြန့်ချထားမှုစွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ စဉ်ဆက်မပြတ်ထိန်းသိမ်းထားနိုင်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်ခြင်းတို့ဖြစ်သည်။

**❖ ဂျပန်အစိုးရအဖွဲ့သည် ၂၀၂၆ ခုနှစ် ဧပြီလတွင် စတင်မည့် ဘဏ္ဍာရေးနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ်မူကြမ်း အမေရိကန် ဒေါ်လာ ၅၈ ဘီလီယံကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် အတည်ပြုပေးခဲ့သည်။ အဆိုပါကာကွယ်ရေးအသုံးစရိတ်သည် ၂၀၂၅ ခုနှစ် ကာကွယ်ရေးအသုံးစရိတ်ထက် ၃ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၈ ဘီလီယံထိ စံချိန်တင်မြင့်တက်ခဲ့သောကြောင့် ကာကွယ်ရေးအသုံးစရိတ်ဆက်တိုက်မြင့်တက်ခဲ့ခြင်းပင်ဖြစ်သည်။ ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် တင်ပြတောင်းခံခဲ့သည့် အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၅၃ ဘီလီယံနှင့်နှိုင်းယှဉ်လျှင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၄၇ ဘီလီယံထိ တိုးမြင့်လာခဲ့ခြင်းဖြစ်သည်။ ❖**

လာမည့်ဘဏ္ဍာနှစ်အတွက် တောင်းခံထားသော ကာကွယ်ရေးဘတ်ဂျက်သည် အထက်ပါအဓိကကဏ္ဍခုနစ်ခုအနက် တတိယကဏ္ဍဖြစ်သည့် မောင်းသူမဲ့လေကြောင်းရန်စွမ်းဆောင်ရည်များ အဆင့်မြှင့်တင်သွားရန် အလေးထားဖော်ပြထားသည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၇ ခုနှစ် ဘဏ္ဍာနှစ်တွင် ဒိုင်းကာ(SHIELD)ဟုခေါ်ဆိုသည့် ကမ်းခြေအားလုံးကာကွယ်ရေးစနစ်တစ်ခုထူထောင်သွားရန် အမေရိကန်ဒေါ်လာ ၆၃၉ ဒသမ ၂၇ သန်း သုံးစွဲသွားမည်ဖြစ်ပြီး ဝေဟင်၊ ရေပြင်နှင့် ရေအောက်တို့တွင် မောင်းသူမဲ့ယာဉ်များ အသုံးပြုသွားမည်ဖြစ်သည်။ အဆိုပါဒိုင်းကာစနစ်သည် အချိန်ကိုက်ပေါင်းစပ်အဆင့်မြှင့်တင်ထားသော ကမ်းရိုးတန်းကာကွယ်ရေးစနစ်တစ်ခုပင်ဖြစ်သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဒိုင်းကာစနစ်တည်ဆောက်ရန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့(SDF)၊ ကိုယ်ပိုင်မြေပြင်ကာကွယ်ရေးတပ်ဖွဲ့(GSDF)၊ ကိုယ်ပိုင်ပင်လယ်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့(MSDF)နှင့် ကိုယ်ပိုင်ဝေဟင်ကာကွယ်ရေးတပ်ဖွဲ့(ASDF)တို့အတွက် အသေးစားမောင်းသူမဲ့ယာဉ်(UAV)များ၊ စစ်ရေယာဉ်အခြေစိုက်အသေးစားမောင်းသူမဲ့ယာဉ်(UAV)များ၊ ရေပြင်သွားဘက်စုံသုံးအသေးစားမောင်းသူမဲ့ယာဉ်(USV)များနှင့် ရေအောက်သွားဘက်စုံသုံး အသေးစားမောင်းသူမဲ့ယာဉ်(UUV)များကို အရေအတွက်မြောက်မြားစွာဝယ်ယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိသည်။

ထို့ပြင် ကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်ပနိုင်ငံများက ထုတ်လုပ်သည့် UAV နှင့် USV များ ဝယ်ယူသွားရန်လည်းစီစဉ်ထားရှိပြီး အထူးသဖြင့် MQ-9B SkyGuardian UAV လေးစင်း ထပ်မံဝယ်ယူရန် အမေရိကန်ဒေါ်လာ ၄၉၀ ဒသမ ၈၇ သန်း တောင်းခံထားရှိသည်။ ၎င်း UAV များကို ကိုယ်ပိုင်ပင်လယ်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့၌ အသုံးပြုသွားမည်ဖြစ်သည်။ အလားတူ ကာကွယ်ရေးဝန်ကြီးဌာနသည် မောင်းသူမဲ့ယာဉ်များထိန်းချုပ်ကိုင်တွယ်ရေးအတွက် သဏ္ဍာန်တူလေ့ကျင့်မှုလုပ်ဆောင်ရန်လည်း အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၁၂ သန်း ခွဲဝေထားရှိသည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် အဓိကစီမံကိန်းများအနက် တစ်ခုအဖြစ် New FFM သို့မဟုတ် 06FMM ဟုခေါ်ဆိုသည့် ဘက်စုံသုံးဖရီးဂိတ်အသစ်ခြောက်စီးတည်ဆောက်သွားရန် အမေရိကန်ဒေါ်လာ ၆၆၉ ဒသမ ၂၅ သန်းကိုလည်း တောင်းခံသွားမည်ဖြစ်သည်။ ၎င်းဖရီးဂိတ်အသစ်များကို ၂၀၂၅ ခုနှစ်တွင် စတင်တည်ဆောက်ပြီး ၂၀၂၈ ခုနှစ်တွင် လွှဲပြောင်းပေးအပ်သွားရန် စီစဉ်ထားရှိသည်။ ထိုသို့တည်ဆောက်မှုများ အဆင်ပြေချောမွေ့မည်ဆိုလျှင် ၎င်းစစ်ရေယာဉ် ၁၂ စီးလုံးသည် ၂၀၃၂ ခုနှစ်၌ စတင်တာဝန်ထမ်းဆောင်သွားနိုင်မည်ဟု မျှော်မှန်းရသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် လိပ်ခဲတည်းလည်းဖြစ်နေသော ကာကွယ်ရေးစွမ်းဆောင်ရည်များအဆင့်မြှင့်တင်မှုနှင့်စပ်လျဉ်း၍ Type 12 အမျိုးအစား ကုန်းမြေအခြေစိုက် ရေပြင်မှသင်္ဘောပစ်ဒုံးကျည်(SSM)မူကွဲအသစ်တစ်မျိုးနှင့် ဆက်စပ်ပစ္စည်းများဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံ တောင်းခံထားရှိသည်။ ၎င်း SSM ဒုံးကျည်သည် ဂျပန်နိုင်ငံ၏ တန်ပြန်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များအဆင့်မြှင့်တင်မှု၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်အတွင်း ကျူရှူးကျွန်းပေါ်ရှိ ကူမာမိုတိုစီရင်စုတွင်ရှိသည့် ကန်ဂွန်အခြေစိုက်စခန်း၌ ဖွင့်လှစ်ထားသော ကိုယ်ပိုင်မြေပြင်ကာကွယ်ရေးတပ်ဖွဲ့(GSDF)၏ အမှတ်(၅) ရေပြင်မှသင်္ဘောပစ်ဒုံးကျည်တပ်ရင်းကြီး၌လည်းကောင်း၊ ၂၀၂၇ ခုနှစ်တွင် ရှီဇူရိုကာစီရင်စုရှိ ဖူဂျီအခြေစိုက်စခန်း၌ ဖွင့်လှစ်ထားသော ကိုယ်ပိုင်မြေပြင်ကာကွယ်ရေးတပ်ဖွဲ့(GSDF)၏ ဖူဂျီအမြောက်သင်တန်းကျောင်း၌လည်းကောင်း အကွာအဝေးကီလိုမီတာ ၁၀၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်သည့်ဒုံးကျည်အသစ်ကို တပ်ဖြန့်ချသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် ကာကွယ်ရေးဝန်ကြီးဌာနသည် သင်္ဘောပေါ်မှတာဝေးပစ်ခတ်နိုင်သည့်Type 12 SSM ဒုံးကျည်အမျိုးအစားအဆင့်မြှင့်မူကွဲဒုံးကျည်ဝယ်ယူရန်လည်း အမေရိကန်ဒေါ်လာ ၂၂၉ ဒသမ ၀၇ သန်း တောင်းခံထားရှိသည်။

ဂျပန်နိုင်ငံသည် လက်ရှိဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ထားသော Type 12 SSM ဒုံးကျည်အမြောက်အမြားကို စတင်ထုတ်လုပ်လျက်ရှိသည်။ ကိုယ်ပိုင်ပင်လယ်ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့(MSDF) သည် အဆိုပါဒုံးကျည်အသစ်ကို ၂၀၂၇ ခုနှစ်တွင်ပြင်ဆင်မွမ်းမံထားသည့်JS Teruzuki(DD-116) သင်္ဘောပေါ်၌ တပ်ဆင်အသုံးပြုသွားမည်ဖြစ်သည်။ ထို့ပြင် အဆင့်မြှင့်တင်တည်ဆောက်ထားသော ဝေဟင်ပစ်မူကွဲဖြစ်သည့် Type 12 SSM ဒုံးကျည်ကို ၂၀၂၇ ခုနှစ်တွင် အီဘာရာကီစီရင်စုရှိကိုယ်ပိုင်ဝေဟင်ကာကွယ်ရေးတပ်ဖွဲ့(ASDF)၏ ဟာယာကူရီလေတပ်အခြေစိုက်စခန်း၌ တပ်ဖြန့်ချသွားရန်စီစဉ်ထားရှိပြီး အဆင့်မြှင့်တင်ထားသည့် F-2 တိုက်လေယာဉ်တွင် တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် အသံ၏မြန်နှုန်းထက် ငါးဆပိုမိုပျံသန်းနိုင်သည့် အသံလွန်ပဲ့ထိန်းဒုံးကျည်အမြောက်အမြားထုတ်လုပ်မှုကို ၂၀၂၆ ခုနှစ်တွင် စတင်သွားမည်ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနသည် အဆိုပါဒုံးကျည်များနှင့် မြေပြင်အခြေစိုက်အထောက်အကူပြုပစ္စည်းများ ဝယ်ရန် ပထမဆုံးအကြိမ်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၉၃ ဒသမ ၁၄ သန်း တောင်းခံခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ စစ်လက်နက်ပစ္စည်းဝယ်ယူမှု၊ နည်းပညာနှင့် အုပ်ချုပ်ထောက်ပံ့မှုအေဂျင်စီ(ATLA) သည် ဗြိတိန်၊ အီတလီတို့နှင့်အတူ မျိုးဆက်သစ်တိုက်လေယာဉ် တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃ ဘီလီယံတောင်းခံထားရှိသည်။ ATLA အေဂျင်စီသည် မျိုးဆက်သစ်တိုက်လေယာဉ်၏ အခြေခံကိုယ်ထည်ဒီဇိုင်းနှင့် အင်ဂျင်ပိုင်းဆိုင်ရာ အသေးစိတ်အင်ဂျင်နီယာပိုင်းဆိုင်ရာများ ဆက်လက်သုတေသနပြုလုပ်လျက်ရှိသည်။ ပထမဆုံးသော မျိုးဆက်သစ်ဂျက်တိုက်လေယာဉ်ကို ၂၀၃၀ ပြည့်နှစ်တွင် စတင်ပျံသန်းနိုင်ရန် မျှော်မှန်းထားရှိသည်။

ထို့ပြင် မျိုးဆက်သစ်တိုက်လေယာဉ်နှင့်အပြိုင် အသုံးပြုသွားမည့် မောင်းသူမဲ့လေယာဉ်သုတေသနပြုထုတ်လုပ်ရန်အတွက်လည်း အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၈ သန်း တောင်းခံထားရှိသည်။ အထူးသဖြင့် ATLA အေဂျင်စီသည် ကိုယ်ပိုင်ထိန်းချုပ်ပျံသန်းနိုင်စေရန် AI အသုံးပြုထားသော မောင်းသူမဲ့လေယာဉ်ဒီဇိုင်းကို ပုံစံရေးဆွဲတည်ဆောက်သွားမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ဂျပန်နိုင်ငံပတ်ဝန်းကျင်တွင် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများ မြင့်တက်လာလျက်ရှိသဖြင့် ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်သုံးစွဲလာခဲ့သည်။ အထူးသဖြင့် ဂျပန်နိုင်ငံအတွင်း၌ပင် ခေတ်မီစစ်လက်နက်ပစ္စည်းများသုတေသနပြုထုတ်လုပ်သွားရန်အပြင် ပြည်ပနိုင်ငံများမှ ခေတ်မီဆန်းသစ်သောစစ်လက်နက်ပစ္စည်းများ ဝယ်ယူဖြည့်တင်းရေးအတွက်လည်း ကြိုးပမ်းလုပ်ဆောင်လာလျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- Japan Accelerates Defense Buildup With Record Budget and Expanded Unmanned Capabilities By The Diplomat.

ML

# လာမဲ့စနေနေ့ညမှာယှဉ်ပြိုင်ကစားမဲ့ ပွဲစဉ်တွေထဲကပြိုင်ဆိုင်မှုပြင်းထန်လာမဲ့ အေဗီလာအသင်း၊ ဗလင်စီယာအသင်း၊ မိုနာကိုအသင်းတို့ကို အကြိုက်တွေ့မိပါတယ်



လက်ရှိဘောလုံးရာသီမှာ ပရီးမီးယားလိဂ်ကလပ်အသင်းတွေအနေနဲ့ ဆောင်းရာသီအားလပ်ရပ်မတိုင်မီ ပွဲစဉ်တွေ ဆက်တိုက်ယှဉ်ပြိုင်ကစားခဲ့တာဆိုရင် နှစ်စဉ်နှစ်တိုင်းအစဉ်အလာတစ်ခုလို ဖြစ်နေပါပြီ။ ဒါ့ကြောင့် ဒီကာလဟာဆိုရင် ပရီးမီးယားလိဂ်ကလပ်အသင်းတွေရဲ့ ပွဲကျပ်ကာလလို့သတ်မှတ်ခဲ့ပြီး ဒီကာလမှာပဲ အင်္ဂလန်အမှတ်ပေးပြိုင်ပွဲအသီးသီးက ကလပ်အသင်းတွေဟာ အရန်ကစားသမားနည်းပါးမှု၊ ဒဏ်ရာရကစားသမားများပြားမှုတို့အပြင် အဓိကကစားသမားတွေအနေနဲ့ ပွဲပန်းမှုတွေကိုပါကြုံတွေ့ရတတ်ပြီး အသင်းရဲ့ရလဒ်ပိုင်းတွေမှာလဲ မထင်မှတ်တာတွေထွက်ပေါ်တတ်တာကြောင့် ပရိသတ်တွေအနေနဲ့လဲ သတိထားစောင့်ကြည့်ရမဲ့ကာလဖြစ်နေပါတယ်။ ဒီလိုကာလမှာ ပရီးမီးယားလိဂ်ပြိုင်ပွဲအမှတ်ပေးဇယားထိပ်ပိုင်းမှာ ရပ်တည်နေတဲ့အသင်းအချို့အနေနဲ့ အပြောင်းအလဲမဖြစ်ပေါ်ခဲ့ဘဲ အဆင့်(၁)နေရာက အာဆင်နယ်အသင်းနဲ့ အဆင့်(၂)နေရာက မန်စီးတီးအသင်းတို့ နိုင်ပွဲတွေဆက်ခဲ့ပေမဲ့ အဆင့်(၃)နေရာက အေဗီလာအသင်းက ပြီးခဲ့တဲ့ပွဲစဉ်(၁၉)မှာ အာဆင်နယ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ကာ ပြိုင်ပွဲစုံ ၁၁ ပွဲဆက် နိုင်ပွဲဆက်မှုကို ရပ်တန့်ခဲ့ရပါတယ်။ လီဗာပူးအသင်းကတော့ နိုင်ပွဲတွေ ဆက်တိုက်ပြန်လည်ရရှိလာခဲ့ပြီး ချဲလ်ဆီးနဲ့ မန်ယူအသင်းကတော့ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိဖြစ်နေတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ရုန်းကန်ကစားလာရမယ်လို့ ယူဆမိပါတယ်။ ဒါ့ပြင် ဒီတစ်ပတ်မှာ ဆောင်းရာသီအားလပ်ရက်အဖြစ် ခေတ္တရပ်နားခဲ့တဲ့ စပိန်လာလီဂါနဲ့ ပြင်သစ်လီဂူးပွဲစဉ်ပါ ပြန်လည်ယှဉ်ပြိုင်ကစားလာမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာအုံးမဲ့ ဥရောပပြိုင်ပွဲများစွာကို ပရိသတ်တွေမြင်တွေ့လာရနိုင်ပါတယ်။

### အေဗီလာအသင်းကိုပဲ အားပေးရမှာပါ

ဒီတစ်ပတ်မှာ ပရီးမီးယားလိဂ်ပြိုင်ပွဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အေဗီလာနဲ့ နော်တင်ဟမ်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရပ်တည်နေပြီး ပြိုင်ပွဲစုံ ၁၁ပွဲဆက် အနိုင်ရထားတဲ့ထိ ပုံစံကောင်းတွေရရှိနေတဲ့ အေဗီလာအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်(၁၉)မှာ အာဆင်နယ်အသင်းကို မထင်မှတ်ဘဲ လေးဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ အဆင့်(၂)နေရာက မန်စီးတီးအသင်းနဲ့ ပွဲစဉ်တစ်ပွဲအသာ ရမှတ်တစ်မှတ်သာ ကွာဟခဲ့ပြီး အဆင့်(၄)နေရာက နိုင်ပွဲဆက်နေတဲ့ လီဗာပူးအသင်းနဲ့လဲ ရမှတ်ကွာဟမှုကျဉ်းမြောင်းခဲ့ပြီဖြစ်ပါတယ်။ အေဗီလာအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှုံးပွဲကြုံတွေ့ခဲ့တယ်ဆိုပေမဲ့ လက်ရှိဘောလုံးရာသီမှာတော့ အိမ်ကွင်းစွမ်းဆောင်ရည်အကောင်းဆုံးတတိယအသင်းအဖြစ် ရပ်တည်နေဆဲပါ။ သူတို့အသင်းအနေနဲ့ အိမ်ကွင်းပွဲစဉ် ကိုးပွဲယှဉ်ပြိုင်ကစားအပြီးမှာ ခုနစ်ပွဲထိ အနိုင်ရရှိထားပြီး တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရရှိထားပါတယ်။ ဒါ့ပြင် ပြိုင်ပွဲစုံအိမ်ကွင်းနောက်ဆုံး ၁၀ ပွဲဆက်အနိုင်ရထားတဲ့အသင်းဖြစ်တာကြောင့် နော်တင်ဟမ်အသင်းအနေနဲ့ အခုအဝေးကွင်းပွဲစဉ်မှာရလဒ်ကောင်းဖို့ခက်ခဲနေအုံးမှာပါ။

ပြီးခဲ့တဲ့ကာလမှာ တန်းဆင်းဇုန်အတွင်းက ရုန်းထွက်နိုင်ခဲ့တဲ့ နော်တင်ဟမ်အသင်းကလဲ နောက်ဆုံးပရီးမီးယားလိဂ်သုံးပွဲဆက်မှာ အဲဗာတန်၊ မန်စီးတီး၊ ဖူလ်ဟမ်အသင်းတို့ကို ဆက်တိုက်ရှုံးနိမ့်ခဲ့ပြီး တန်းဆင်းဇုန်အထက် အဆင့်(၁၇)နေရာမှာ ရလဒ်ပိုင်းမတည်မငြိမ်နဲ့ ရပ်တည်နေတာပါ။ ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း နည်းပြဒိုင်ချီကိုင်တွယ်ခဲ့ပြီးနောက်ပိုင်း အသင်းရဲ့ရလဒ်ပိုင်းနဲ့စွမ်းဆောင်ရည်ပြန်လည်ကောင်းမွန်လာတယ်ဆိုပေမဲ့ပွဲဆက်တွေများပြားနေတဲ့ဒီလိုကာလမှာ အသင်းရဲ့ကစားသမားတွေအနေနဲ့ ပွဲပန်းလာမှုနဲ့အတူ အခုလိုရလဒ်ပိုင်းပြန်လည်ကျဆင်းလာနေတာဖြစ်ပါတယ်။ နော်တင်ဟမ်အသင်း ဟာ လက်ရှိဘောလုံးရာသီ ပွဲစဉ် ၁၉ ပွဲယှဉ်ပြိုင်ကစားအပြီးမှာ ငါးပွဲသာ အနိုင်ရရှိထားပြီး သုံးပွဲသရေ၊ ၁၁ ပွဲရှုံးနိမ့်ထားပါတယ်။ ဒါ့ပြင် သူတို့အသင်းဟာ နောက်ဆုံးအဝေးကွင်းနှစ်ပွဲဆက်ရှုံးနိမ့်ထားကာ လက်ရှိဘောလုံးရာသီမှာ သူတို့အသင်းရဲ့အဝေးကွင်းနိုင်ပွဲက နှစ်ပွဲသာ ရှိထားတာကြောင့် တိုက်စစ်ပိုင်းအကောင်းဆုံးစွမ်းဆောင်ထားတဲ့ အေဗီလာအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ ခက်ခဲမှာဖြစ်လို့ အေဗီလာအသင်းကိုပဲ အားပေးရမှာပါ။

**အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘေဆယ် | ၁ | - | ၂ | အေဗီလာ |
| ဝက်စ်ဟမ်း | ၂ | - | ၃ | အေဗီလာ |
| အေဗီလာ | ၂ | - | ၁ | မန်ယူ |
| ချဲလ်ဆီး | ၁ | - | ၂ | အေဗီလာ |
| အာဆင်နယ် | ၄ | - | ၁ | အေဗီလာ |

**နော်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အုထရက် | ၁ | - | ၂ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၃ | - | ၀ | စပါး |
| ဖူလ်ဟမ် | ၁ | - | ၀ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၁ | - | ၂ | မန်စီးတီး |
| နော်တင်ဟမ် | ၀ | - | ၂ | အဲဗာတန် |

### ဗလင်စီယာအသင်းပဲ ရလဒ်ကောင်းသွားမှာပါ

ဆယ်တာဗီဂိုနဲ့ဗလင်စီယာအသင်းတို့ပွဲစဉ်ကတော့ ဒီတစ်ပတ်ရဲ့ နောက်ထပ်စိတ်ဝင်စားမိတဲ့ စပိန်လာလီဂါပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိမှာတော့ ဆယ်တာဗီဂိုက စပိန်လာလီဂါပွဲစဉ် ၁၇ ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ငါးပွဲနိုင်၊ ရှစ်ပွဲသရေ၊ လေးပွဲရှုံးနိမ့်ထားကာ အမှတ်ပေးဇယားအဆင့်(၇)နေရာမှာ ရပ်တည်နေတဲ့အသင်းပါ။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီကလိုပဲ ရလဒ်ပိုင်းကို ကောင်းမွန်အောင် စွမ်းဆောင်ထားနိုင်ပြီး ဒီနှစ်ယူရိုပါလိဂ်ပြိုင်ပွဲမှာလဲ နောက်တစ်ဆင့်တက်ရောက်ဖို့ အခွင့်အရေးရှိနေတယ်လို့ဆိုရမှာပါ။ နောက်ဆုံးလာလီဂါပွဲစဉ်သုံးပွဲဆက်တိုက်မှာ ရီးရဲလ်မက်ဒရစ်နဲ့ ဘီလ်ဘာအိုတို့လိုအသင်းကို အနိုင်ကစားခဲ့တဲ့ခြေစွမ်းမျိုးဟာ အကောင်းဆုံးပုံစံမှာရှိနေတာကြောင့် အခုပွဲစဉ်မှာလဲ ပြိုင်ဘက် ဗလင်စီယာအသင်းအနေနဲ့ ရလဒ်ကောင်းဖို့တော့ ရုန်းကန်ရနိုင်ပါတယ်။ ဒါပေမဲ့ ဆယ်တာဗီဂိုအသင်းအနေနဲ့ ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်းစွမ်းဆောင်ရည် တတိယအဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေပြီး လာလီဂါအိမ်ကွင်းပွဲစဉ်ကိုးပွဲမှာ တစ်ပွဲသာအနိုင်ရထားလို့ အခုပွဲစဉ်ကိုလဲ သတိထားစောင့်ကြည့်ရအုံးမှာပါ။

ဗလင်စီယာအသင်းကတော့ စပိန်လာလီဂါနောက်ဆုံးခြောက်ပွဲမှာ တစ်ပွဲသာရှုံးနိမ့်ထားတဲ့ ရလဒ်ကောင်းတွေကြောင့် တန်းဆင်းဇုန်အတွင်းက ရုန်းထွက်လာနိုင်ခဲ့ပြီး အခုဆိုရင် တန်းဆင်းဇုန်အထက် အမှတ်ပေးဇယားအဆင့်(၁၇)မှာ ရပ်တည်နေပါတယ်။ လက်ရှိဘောလုံးရာသီ လာလီဂါပွဲစဉ် ၁၇ ပွဲမှာ နိုင်ပွဲသုံးပွဲသာရှိခဲ့ပြီး ခုနစ်ပွဲသရေနဲ့ ခုနစ်ပွဲရှုံးနိမ့်ထားတာဟာ သူတို့အသင်းအတွက် ဆိုးရွားတဲ့ရာသီလို့တောင် ဆိုရမှာပါ။ ဒါပေမဲ့ နည်းပြကားလို့စ်ကိုဘရန်ဟာ အသင်းရဲ့စွမ်းဆောင်ရည်ကို ပြန်လည်ပြင်ဆင်လာနိုင်ခဲ့ပြီးနောက်ပိုင်း ကိုပါဒယ်ရေးဖလား နှစ်ပွဲဆက်အနိုင်ရရှိခဲ့ကာ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့သလို စပိန်လာလီဂါနောက်ဆုံးခြောက်ပွဲဆက်မှာလဲ အေတီကိုတစ်သင်းတည်းကိုသာ ရှုံးနိမ့်ခဲ့တာပါ။ ဒါ့ကြောင့် အခုပွဲစဉ်မှာ ဆယ်တာဗီဂိုအသင်းရဲ့ခြေစွမ်းပိုင်းအသာရနေတယ်ဆိုပေမဲ့ အဝေးကွင်းမှာ ထိန်းချုပ်ကစားနိုင်တဲ့ ဗလင်စီယာအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**ဆယ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၀ | - | ၂ | ဆယ်တာဗီဂို |
| ဆယ်တာဗီဂို | ၁ | - | ၂ | ဘိုလော့ဂ်နာ |
| ဆယ်တာဗီဂို | ၂ | - | ၀ | ဘီလ်ဘာအို |
| အယ်ဘာစီးတီး | ၂ | - | ၂ | ဆယ်တာဗီဂို |
| အိုဗီဒို | ၀ | - | ၀ | ဆယ်တာဗီဂို |

**ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကာတာဂျီနာ | ၁ | - | ၂ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ | - | ၁ | ဆီဗီလာ |
| အေတီကို | ၂ | - | ၁ | ဗလင်စီယာ |
| ဂီရွန် | ၀ | - | ၂ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ | - | ၁ | မာ့ယော့ကာ |

### မိုနာကိုအသင်းကိုပဲ အကြိုက်တွေ့မိပါတယ်

နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ မိုနာကိုနဲ့ လိုင်ယွန်အသင်းတို့ယှဉ်ပြိုင်ကစားမဲ့ ပြင်သစ်လီဂူးပွဲစဉ်ပဲဖြစ်ပါတယ်။ မိုနာကိုအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းနဲ့ ခြေစွမ်းပိုင်းဆိုးရွားခဲ့ပြီး နောက်ဆုံးငါးပွဲမှာ ပီအက်စ်ဂျီအသင်းကိုသာ အနိုင်ရရှိခဲ့ကာ လေးပွဲရှုံးနိမ့်ထားပါတယ်။ ဒီနှစ်ဘောလုံးရာသီအစပိုင်းမှာ တိုက်စစ်ပိုင်းအကောင်းဆုံးပုံစံမှာရှိနေခဲ့ပေမဲ့ ချန်ပီယံလိဂ်နဲ့ ကိုပါဒယ်ရေးဖလားပွဲစဉ်တွေကြားဗျာများနေခဲ့တာကြောင့် အမှတ်ပေးပြိုင်ပွဲမှာ အခုလိုရလဒ်ပိုင်းတွေကျဆင်းခဲ့တာပဲဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အမှတ်ပေးပွဲစဉ် ၁၆ ပွဲကစားအပြီး ခုနစ်ပွဲနိုင် နှစ်ပွဲသရေနဲ့ ခုနစ်ပွဲရှုံးရလဒ်ကြောင့် အဆင့်(၉)နေရာမှာ ရပ်တည်နေပေမဲ့ ဥရောပဝင်ခွင့်ရှိတဲ့အဆင့်(၆)အတွင်းက အသင်းတွေနဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် အခုလာမဲ့ဘောလုံးရာသီဒုတိယအကျော့ပွဲစဉ်တွေမှာ အကောင်းဆုံးပြင်ဆင်ကစားပါလိမ့်မယ်။ ဒါ့ပြင် သူတို့အသင်းအနေနဲ့ လက်ရှိမှာ အိမ်ကွင်းပွဲစဉ်နှစ်ပွဲသာရှုံးပွဲရှိထားတာကြောင့် အဝေးကွင်းထက် အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းမွန်တယ်လို့ ဆိုရမှာပါ။

ဒီနှစ်ဘောလုံးရာသီမှာ အမှတ်ပေးဇယားအဆင့်(၅)နေရာကနေ အကောင်းဆုံးခြေစွမ်းပြကစားနေတဲ့လိုင်ယွန်အသင်းကတော့ ပြိုင်ပွဲစုံနောက်ဆုံးသုံးပွဲဆက်အနိုင်ရထားပြီး ပေါ်တူဂီနည်းပြပေါ်လိုဖွန်ဆီကာရဲ့လက်အောက်မှာ ရလဒ်ပိုင်းကောင်းမွန်နေပါတယ်။ လိုင်ယွန်အသင်းအနေနဲ့ မော်ရီရာ၊ ဆက်ထရီယာနိုတို့လို ကစားသမားတွေ ခြေစွမ်းပြကစားနိုင်တာကြောင့်လဲ အခုလိုတိုက်စစ်ပိုင်းထက်မြက်နေတာပဲဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ လက်ရှိအဝေးကွင်းရှစ်ပွဲကစားထားပြီး နှစ်ပွဲသာအနိုင်ရထားသလို အဝေးကွင်းပွဲစဉ်တွေမှာ အော်ဇေး၊ လိုရီယန့်၊ ဘရက်၊ ပဲရစ်အက်ဖ်စီတို့လိုအသင်းတွေကိုတောင် အနိုင်မရရှိခဲ့တာကြောင့် မိုနာကိုလို အိမ်ကွင်းခြေစွမ်းပိုင်းထက်မြက်တဲ့အသင်းကို ဖိအားပေးကစားနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ဒါ့ပြင် ပြီးခဲ့တဲ့ဘောလုံးရာသီတွေ့ဆုံမှုနှစ်ကျော့စလုံးမှာ အနိုင်ရထားတဲ့ မိုနာကိုအသင်းကိုပဲ အကြိုက်တွေ့မိပါတယ်။

**မိုနာကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မိုနာကို | ၁ | - | ၀ | ပီအက်စ်ဂျီ |
| ဘရက် | ၁ | - | ၀ | မိုနာကို |
| မိုနာကို | ၁ | - | ၀ | ဂါလာတာစာရေး |
| မာဆေး | ၁ | - | ၀ | မိုနာကို |
| အော်ဇေး | ၁ | - | ၂ | မိုနာကို |

**လိုင်ယွန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်ယွန် | ၃ | - | ၀ | နန့်တက် |
| လိုရီယန့် | ၁ | - | ၀ | လိုင်ယွန် |
| လိုင်ယွန် | ၂ | - | ၁ | ဂိုးအဟတ်အီးဂဲလ် |
| လိုင်ယွန် | ၁ | - | ၀ | လီဟာဗေး |
| လိုင်ယွန် | ၁ | - | ၀ | မောင့်ဒီအော |

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၁၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၁၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ပဲတီစိမ်း ဧက ၉၁၉၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ပဲတီစိမ်းစိုက်ပျိုးမှုကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၁၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ပဲတီစိမ်း ဧက ၉၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြသည်။

ကလေးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်၍ ပဲတီစိမ်းကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် မြို့ကြီးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**သာစည် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သပြေဝကျေးရွာအုပ်စု မြို့ကြီးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့်မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ မြို့ကြီးကုန်းကျေးရွာ၌ လမ်းအရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ချင်းကျောက်ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မြို့ကြီးကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းကို ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၇၀၉ သန်း ဖြင့် ရွှေဘိုကုမ္ပဏီမှတာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဇွန်လပထမအပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၄ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီးဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက မြို့ကြီးကုန်းကျေးရွာရှိ တောင်သူများ၊ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

**စာပေမြင့်မှ လူမျိုးတင့်မည်**

# အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့်ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကိုပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များရေးမှတ်ရာတွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်၊
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။
- မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm








## အများပြည်သူသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၃)၊ ဆင်ခေါင်းလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်)၊ ကွင်းအမည် (ဆင်ခေါင်းလေး) ဦးပိုင်အမှတ် (N-၁၇၈/ဃ-၃၁) မြေဧရိယာ(၀.၃၉)ဧက ရှိသော မြေကွက်ကို ကျွန်မ ဒေါ်နန်းမြစိန် (ဘ) ဦးလှမောင် (၉/မခန (နိုင်)၀၂၁၁၈၀)သည် လွန်ခဲ့သော ၂၀၁၁ ခုနှစ်၊ ဇွန်လ (၂၁)ရက်နေ့တွင် ဝယ်ယူခဲ့ပါသည်။ ၎င်းမြေကွက်ကို (၂၀၁၂)ခုနှစ်တွင် မြေခွန်ပေးဆောင်ခဲ့ရာတွင် မြေခွန်ပြေစာရရှိခဲ့ပါသည်။ ယင်းမြေခွန်ပြေစာသည် ယခုအခါ ပျောက်ဆုံးသွားပါသဖြင့် တရားရုံးတွင် ကျမ်းကျိန်လွှာပြုလုပ်ပြီး ရောင်းချတော့မည်ဖြစ်ပါသည်။ မြေခွန်ပြေစာ မူရင်းရှိပါက ကျွန်မ ဒေါ်နန်းမြစိန်ထံသို့ (၇)ရက်အတွင်း လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ထက်ကျော်လွန်ပါက ရောင်းချတော့မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်နန်းမြစိန် (ဘ) ဦးလှမောင် (၉/မခန(နိုင်)၀၂၁၁၈၀)
ရေချမ်းအိုး၊ ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့။
09-789199343

### ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၀)၊ လားရှိုးမြို့နေ စွမ်းထက် (ဘ) ဦးခင်မောင်ကြီး(၁၃/လရန(နိုင်) ၂၃၃၃၃၆)၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-884276185

**သင့်သွေးဖြင့် အသက်ကယ်ပါ**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာန အသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ဈေးချင်းတူပါက အရည်အသွေးပိုမိုကောင်းမွန်ရမည်ဖြစ်...
❖ သို့မှသာ ဈေးကွက်တွင်း ရောင်းအားများပိုမိုတိုးတက်လာမည်ဖြစ်...
❖ အရေအတွက်များများ ရောင်းချထုတ်လုပ်နိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၃၀ ရက်တွင်ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ (Rebuilding Myanmar:Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး အမျိုးသမီးပြိုင်ပွဲနှင့် လွန်ဆွဲ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ဆက်လက်ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များနှင့် လွန်ဆွဲ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၇ နာရီမှ စတင်ကာ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၃)နှင့် (၄)တို့၌ ကျင်းပသည်။

ပြိုင်ပွဲ ပွဲစဉ်များကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် အားကစားဝါသနာရှင်များလာရောက်ကြည့်ရှုအားပေးကြသည်။

လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုးအမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စာမျက်နှာ ၁၈ ကော်လံ ၁ ☆

KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၄၉ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ် စာမျက်နှာ – ၂၀

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊NUG၊PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမဝင် စက်သုံးဆီများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၇ ရက်တွင် စစ်ကိုင်းမြို့နယ် ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀ ကို စာမျက်နှာ ၂၂ ကော်လံ ၁ ❍



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

